# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုး ဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက် လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၃ ရက်၊ စနေနေ့။ Saturday 30 June 2018 ၉၃၃၃




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီဥက္ကဋ္ဌအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ICRC ဥက္ကဋ္ဌအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ICRC ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၉

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)ဥက္ကဋ္ဌ Mr. Peter Maurer ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ICRC ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၉

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)ဥက္ကဋ္ဌ Mr.Peter Maurer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**

စာမျက်နှာ ၄ ကော်လံ ၄ သို့ ○

### ထစ်ချုန်းမိုး

(၃၀-၆-၂၀၁၈)

**နေပြည်တော်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ဇူလိုင် ၁၁ ရက်တွင် ကျင်းပမည်

### (၁၅)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၉**

(၁၅)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပသည်။

(၁၅)ကြိမ်မြောက် အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာတင်မျိုးဝင်း၊ ဒေါက်တာဆလိုင်းလျန်မှုန်း ဆာခေါင်း၊ ဦးသုဝေ၊ ပူးတွဲကော်မတီဝင်များဖြစ်ကြသည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ UPDJC ကိုယ်စားလှယ်များ၊ အကျိုးဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် **ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက** အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံရေးအရတွေ့ဆုံညှိနှိုင်း အဖြေရှာရန်အတွက် UPDJC က ဦးဆောင်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပပြီး ဖက်ဒရယ်ဆိုင်ရာအခြေခံမူများ ချမှတ်နိုင်ရေးအတွက် UPDJC သည် အလွန်အရေးပါသည့်ကဏ္ဍတွင် ရှိနေပါကြောင်း။

ဒုတိယအကြိမ်ညီလာခံကို ၂၀၁၇ ခုနှစ် မေလတွင် ကျင်းပခဲ့ပြီး တတိယအကြိမ် ညီလာခံကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင်

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖**




# ကြေးမုံ

## အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်

ယခုရက်ပိုင်းအတွင်း ရခိုင်ပြည်နယ် မောင်တောဒေသတွင် ယမန်နှစ်က ဖြစ်ပွားခဲ့သည့် ပဋိပက္ခအရေးနှင့်စပ်လျဉ်း၍ လူ့အခွင့်အရေးကောင်စီ၏ စွပ်စွဲပြစ်တင်မှုများ၊ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အပြစ်ပေးအရေးယူရန် ကြိုးပမ်းအားထုတ်မှုများကို ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများမှတစ်ဆင့် ကျယ်ကျယ်လောင်လောင် ကြားသိနေရပေသည်။

ဂျီနီဗာမြို့ ကုလသမဂ္ဂရုံး၌ ဇွန် ၁၈ ရက်မှ ဇူလိုင် ၆ ရက်အထိ ပြုလုပ်လျက်ရှိသည့် လူ့အခွင့်အရေးကောင်စီ၏ (၃၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ဇွန် ၂၇ ရက်က ပြုလုပ်သည့် အစည်းအဝေးတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူမှ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့်စပ်လျဉ်း၍ အစီရင်ခံစာကို နှုတ်ဖြင့် တင်သွင်းခဲ့သည့် အကြောင်းကိစ္စရပ်တွင် အဆိုပါအရေးပါဝင်လာသည်။

ရခိုင်ပြည်နယ် မောင်တောဖြစ်စဉ်နှင့်ပတ်သက်၍ လူ့အခွင့်အရေးချိုးဖောက်သည်ဟူသော တစ်ဖက်သတ်စွပ်စွဲမှုများမှာ မောင်တောပဋိပက္ခဖြစ်ပွားစဉ်အချိန်မှစတင်၍ ယနေ့ထက်တိုင် ကြားသိနေရဆဲဖြစ်သောအကြောင်းကိစ္စဖြစ်ပေသည်။ ယခုတစ်ဖန် ဂျီနီဗာအစည်းအဝေးတွင် အထူးအစီရင်ခံစာတင်သွင်းသူက ထိုကိစ္စတင်ပြချက်ကို ထပ်မံပြောကြားလာပြန်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ပြန်လည်တုံ့ပြန်ပြောကြားခဲ့သည်။

ပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် နိုင်ငံ့တာဝန်ကိုယူခဲ့သည့် ပြည်သူ့အစိုးရသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ နိုင်ငံတည်ငြိမ်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း လျစ်လျူရှု ပစ်ပယ်ထားခြင်း မရှိချေ။ လူ့အခွင့်အရေးချိုးဖောက်မှုအား အထောက်အထားခိုင်ခိုင်လုံလုံ သိရှိရပါက ကျူးလွန်သူတို့ကို ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အကြိမ်ကြိမ်အသိပေး ပြောကြားထားပြီးဖြစ်သည်။

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့်အခြေအနေသည် ရှည်လျားသော နောက်ခံသမိုင်းကြောင်းရှိသည့် ရှုပ်ထွေးသောစိန်ခေါ်မှုတစ်ခုဖြစ်သည်။ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့မှု၊ အကြမ်းဖက်မှု၊ တရားဥပဒေစိုးမိုးမှု၊ လူ့အခွင့်အရေးနှင့် ကြီးမားသော ရွှေ့ပြောင်းမှု စသည့် ရှုထောင့်အမျိုးမျိုးပါဝင်နေသည်။ ယင်းအခြေအနေအပေါ်တွင် နိုင်ငံတကာအသိုင်းအဝိုင်း၏ အာရုံစိုက်မှုကြီးမားသဖြင့် သိမ်မွေ့စွာဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မြန်မာအစိုးရနှင့် UNDP၊ UNHCR တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များကို စတင်နိုင်တော့မည်ဟု ယုံကြည်ထားသည်။

သို့ရာတွင် လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူမှာ အပြုသဘောဆောင် အကောင်းမြင်စိတ်ထားမရှိဘဲ ဘက်လိုက်မှုနှင့် မမျှတမှုတို့ဖြင့် လုပ်ဆောင်လျက်ရှိသည်ကို မြင်တွေ့ကြားသိနေရသည်။ ဓမ္မဓိဋ္ဌာန်မကျမှုနှင့် ကုလသမဂ္ဂဝန်ထမ်းကျင့်ထုံးများကို လိုက်နာမှုအားနည်းနေကြောင်း မြန်မာပြည်သူများက သုံးသပ်ထားကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အထူးအစီရင်ခံစာတင်သွင်းသူအသစ် ခန့်ထားပေးရန် တောင်းဆိုခဲ့သော်လည်း လျစ်လျူရှုထားသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေးအတွက် ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းတို့အကြား အပြုသဘောဆောင်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု အစဉ်အမြဲ ယုံကြည်ထားပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## သံစုံတီးဝိုင်းနှင့် ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်

**ရန်ကုန် ဇွန် ၂၉**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် Xenon Entertainment တို့ ပူးပေါင်း၍ AYA NUAC Orchestra Music Showcase 2018 ကို သံစုံတီးဝိုင်းနှင့်ခေတ်ပေါ်တေးဂီတပေါင်းစပ်ဖျော်ဖြေပွဲကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ဇူလိုင် ၁၃ရက် ည ၇ နာရီမှ ၉ နာရီအထိ တင်ဆက်ဖျော်ဖြေသွားမည်ဟု Melia ဟိုတယ်၌ ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲမှသိရသည်။

ဂီတပညာကို အခြေခံဖျော်ဖြေသွားမည်ဖြစ်ပြီး ဂီတပညာဗဟုသုတများ ရရှိစေရန် အနုပညာကျောင်းသား ကျောင်းသူများ ပရိသတ်နှင့် တိုက်ရိုက်ထိတွေ့မှုရရှိစေရန်၊ ဂီတဘာသာရပ်အသီးသီး၏ သံစုံတီးဝိုင်း တေးဂီတသဏ္ဌာန်အမျိုးမျိုးနှင့် ရသအမျိုးမျိုးကို ရရှိခံစားနိုင်ရန်၊ မြန်မာ့ဂီတပညာကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ဖျော်ဖြေပွဲကျင်းပရခြင်းဖြစ်ပြီး ဂီတချစ်မြတ်နိုးသူများအနေဖြင့် ပွဲလက်မှတ်များကို ကျပ်တစ်သောင်းမှစ၍ ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

ဂီတဒါရိုက်တာ မိရာမိုနှင့် အဆိုတော် R ဇာနည်၊ အောင်ထက်၊ DJ Wine၊ ဝိုင်းစုခိုင်သိန်း၊ အိမ့်ချစ်၊ နီနီခင်ဇော်တို့ ပါဝင်သီဆိုဖျော်ဖြေမည်ဖြစ်ပြီး ၂၀၁၆ ခုနှစ်မှစတင်ကျင်းပခဲ့ရာ မတူညီသည့်ဖျော်ဖြေမှုပုံစံများနှင့် ကျင်းပသွားမည်ဟု သိရသည်။ **သတင်းစဉ်**

## Mrs. Alessandra Schiavo အား အီတလီသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇွန် ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် Mrs. Alessandra Schiavo အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီ သမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အဆိုပြုလာခြင်းကို သဘောတူပြီးဖြစ်သည်။

Mrs. Alessandra Schiavo ကို ၁၉၆၉ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် အီတလီနိုင်ငံ Naples မြို့၌ မွေးဖွားခဲ့သည်။ သူမသည် ၁၉၉၁ ခုနှစ်တွင် နိုင်ငံရေးသိပ္ပံဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပြီးနောက် ၁၉၉၂ ခုနှစ်တွင် နယ်သာလန်နိုင်ငံ Leiden University ၌ ပါရဂူဘွဲ့ တက်ရောက်ခဲ့သည်။ ၁၉၉၃ ခုနှစ် မေလတွင် အီတလီနိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုအချိန်မှစ၍ ၂၀၁၄ ခုနှစ်အထိ အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် တဲလ်အဗီးမြို့၊ ဘရပ်ဆဲလ်မြို့နှင့် ဟောင်ကောင်မြို့များရှိ အီတလီသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ သူမသည် ၂၀၁၅ ခုနှစ်မှစတင်၍ အီတလီစီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာဝန်ကြီးဌာန၏ နိုင်ငံခြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးဆိုင်ရာ အစိုးရကိုယ်စားလှယ်၏ သံတမန်ရေးရာအကြံပေးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ **သတင်းစဉ်**

## ဖက်တောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းကို အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်



**နေပြည်တော် ဇွန် ၂၉**

မိတ္ထီလာမြို့နယ် ဖက်တောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်သည့် အခမ်းအနားကို ဇွန် ၂၇ ရက်က အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဖက်တောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၊ ခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်အေး၊ မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာမြင့်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဖက်တောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော် အကများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၂၉**

ရန်ကုန်(ရွှေဈေး) ၉၃၅၅၀၀ - ၉၃၅၅၀၀ မန္တလေး(ရွှေဈေး) ၉၃၅၅၀၀ - ၉၃၅၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၅/၉၀၅ ကျပ်၊ | ၉၃၅/၉၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၀/၉၂၅ ကျပ်၊ | ၉၇၅/၉၈၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၅/၈၇၅ ကျပ်၊ | ၉၂၅/၉၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၀/၉၂၀ ကျပ်၊ | ၉၄၅/၉၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၅/၈၈၇ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၀/၈၉၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၂၀/၈၃၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၂၆. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၂. ၀၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၄၀၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၇. ၄၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၄၁၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၇၂. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၄၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၂. ၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၂၇. ၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း





ဒုတိယသမ္မတ ဦးမြင့်ဆွေ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**✱ ကျောဖုံးမှ**

ထုတ်ကုန်ပစ္စည်းများပြပွဲ၊ ပြိုင်ပွဲ(Regional Award)များကို အလှည့်ကျ ကျင်းပလျက်ရှိရာ ယနေ့ကျင်းပသည့် ပြပွဲပြိုင်ပွဲသည် စတုတ္ထအကြိမ်မြောက်ဖြစ်ပါကြောင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ MSMEs များ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ထုတ်ကုန်များအရည်အသွေးမြှင့်တင်နိုင်ရေး၊ ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် ရေရှည်ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာစေရေးအတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

ပထမ၊ ဒုတိယနှင့် တတိယအကြိမ် MSMEs များ၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်းများပြပွဲပြိုင်ပွဲများကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့် စတုတ္ထအကြိမ် ပြပွဲပြိုင်ပွဲပြီးပါက ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ယခုကဲ့သို့ MSMEs ဒေသတွင်း ထုတ်ကုန်ပစ္စည်းများပြပွဲပြိုင်ပွဲ (Regional Award)များကို အလှည့်ကျ ဆက်လက်ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ ဒေသအလိုက်ပြိုင်ပွဲများတွင် ဆုများကို Micro၊ Small နှင့် Medium စသည်ဖြင့် လုပ်ငန်းအရွယ်အစားအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုများ ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ဒေသအဆင့် ပြပွဲပြိုင်ပွဲများကျင်းပပြီးစီးပါက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တစ်တိုင်းပြည်လုံးအတွက် ကိုယ်စားပြုသည့် National Award ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ပါကြောင်း။

**အခွင့်အရေးကို မိမိရရ ရယူ**

သို့ဖြစ်၍ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်ဒေသတွင်း MSMEs များအနေဖြင့် မိမိဒေသအရောက် လာရောက်ပြုလုပ်သည့် MSMEs ထုတ်ကုန်ပစ္စည်းများ ပြပွဲပြိုင်ပွဲနှင့်အတူ ပေးလာသည့်အခွင့်အရေးကို မိမိရရ ရယူနိုင်ရန်အတွက် ပြင်ဆင်ရန်လိုအပ်ပါကြောင်း၊ ဒေသတွင်းမှာရှိသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိတို့လုပ်ငန်းများ၊ ထုတ်ကုန်များ၏ ထူးခြားချက်၊ အားသာချက်များကို ဖော်ထုတ်ပြသနိုင်ခွင့်ရမည်ဖြစ်ပြီး မိမိဒေသ၏ ထုတ်လုပ်နိုင်မှုအခြေအနေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို လာရောက်ကြည့်ရှုသူများ နှစ်ခြိုက်သုံးစွဲလာအောင် ဆွဲဆောင်ရှင်းလင်းပြသခွင့်ရသည့် အခွင့်အရေးကြီးတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ မိမိ ထုတ်ကုန်လုပ်ငန်းနှင့် သက်ဆိုင်သည့်နည်းပညာများ၊ ဈေးကွက်များရရှိနိုင်သည့်အပြင် အရည်အသွေးမြှင့်တင်နိုင်ရန်အတွက် အခွင့်အလမ်းများ၊ အတွေးအခေါ်ကောင်းများနှင့်အသိအမြင်များလည်း ရရှိလာနိုင်မည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့် MSMEs လုပ်ငန်းများကို ဦးစားပေးလုပ်ငန်းများအဖြစ် အားပေးဆောင်ရွက်လျက်ရှိရာတွင် ပြည်ပကတင်သွင်းလာသည့်ထုတ်ကုန်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်နှင့် ဈေးကွက်တိုးချဲ့နိုင်စေရန်ရည်ရွယ်ပြီး လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ခြင်း၊ နည်းပညာလွှဲပြောင်းခြင်း၊ ဈေးကွက်က တောင်းဆိုသည့် ဝန်ဆောင်မှုနှင့် အရည်အသွေးများကို နားလည်စေခြင်းစသည့် ပံ့ပိုးမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**အထောက်အပံ့များစွာရရှိနိုင်မည်**

MSMEs ထုတ်ကုန်ပစ္စည်းများပြပွဲနှင့် ပြိုင်ပွဲကျင်းပချိန်တွင် လုပ်ငန်းရှင်များအနေဖြင့် တာဝန်ရှိသူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အပြန်အလှန် ဆွေးနွေးခြင်းအားဖြင့် လိုအပ်သည့်နည်းပညာများ၊ သတင်းအချက်အလက်များနှင့် ဈေးကွက်များရရှိနိုင်ပြီး ကြုံတွေ့နေရသည့် အခက်အခဲများအတွက် ဖြေရှင်းနိုင်ရန် အထောက်အပံ့များစွာရရှိနိုင်မည် ဖြစ်ပါကြောင်း။

MSMEs အများစုသည် လုပ်ငန်းသေးငယ်သော်လည်း မိမိတို့ဒေသတွင်းက အလားအလာရှိသည့်အရင်းအမြစ်များ၊ ယဉ်ကျေးမှုများ၊ လယ်ယာထွက်ကုန်ကြမ်းများနှင့် စွန့်ပစ်ပစ္စည်းများကို မိမိတို့မှာရှိသည့် တီထွင်ဖန်တီးမှုများ၊ ဆန်းသစ်သည့်စိတ်ကူးများဖြင့် ထုတ်ကုန်သစ်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းသေးငယ်ကြသည့်အတွက် ဈေးကွက်လိုအပ်ချက်အရ ပြုပြင်ပြောင်းလဲရန် လွယ်ကူပြီး ဆုံးရှုံးမှုပမာဏလည်း အလွန်နည်းပါကြောင်း။

ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့သည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်သည့် ပြည်နယ်များဖြစ်ပြီး စိုက်ပျိုးရေးထွက်ကုန်များကိုလည်း ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိပါကြောင်း၊ သာယာလှပသည့် ယဉ်ကျေးမှုနယ်မြေများနှင့် သဘာဝရှုခင်းများ၊ ထူးခြားသည့် ဘုရားစေတီပုထိုးများ၊ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များကလည်း ပြည်တွင်း ပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်ပြီး ခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့နေရပါကြောင်း၊ အခြေခံအဆောက်အအုံများနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိမှု၊ မြေ၊ ရေစသည့် အရင်းအမြစ်များ လွယ်ကူစွာရရှိနိုင်မှုနှင့် ငြိမ်းချမ်းစွာ နေထိုင်နိုင်ခြင်းတို့ကြောင့် စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အခြေအနေကောင်းများလည်း ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

**တဖြည်းဖြည်းတိုးချဲ့**

မြန်မာနိုင်ငံတွင်ရှိသည့် MSMEs များအနေဖြင့် မိမိတို့ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်သာမက အာဆီယံဒေသတွင်းဈေးကွက်နှင့် နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်အောင် တဖြည်းဖြည်းတိုးချဲ့သွားနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် MSMEs များ ဖြစ်လာရန်အတွက် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင်ရှိနေသည့် ရွှေ့ပြောင်းမှုစရိတ်များကို လျှော့ချရမည်ဖြစ်ပြီး အဆင့်အတန်းမြင့်မားကာ ဈေးကွက်ကလိုအပ်သည့် အရည်အသွေး၊ အရောင်အဆင်း၊ ထုပ်ပိုးမှုပုံစံနှင့် ဓလေ့ထုံးစံ ကြိုက်နှစ်သက်မှုများကို နားလည်ရန်လိုအပ်ပါကြောင်း။

မိမိတို့စီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုများတွင် ဒစ်ဂျစ်တယ်နည်းပညာများကိုပါ ထည့်သွင်းဆောင်ရွက်သွားကြစေလိုပါကြောင်း၊ အွန်လိုင်းမှတစ်ဆင့် ကုန်ပစ္စည်းမှာယူခြင်း၊ Order လက်ခံခြင်း၊ ကြော်ငြာခြင်း၊ ငွေပေးချေခြင်း၊ နည်းပညာ သတင်းအချက်အလက်ရယူခြင်းများကို ခေတ်နှင့်လျော်ညီစွာ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

**ဆက်လက်ကြိုးပမ်း**

နိဂုံးချုပ်အနေဖြင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်အညီ မိမိတို့၏ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာရာမှတစ်ဆင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန်နှင့် မြန်မာနိုင်ငံ၏ ပိုမိုချဲ့ထွင်လာနေသည့် စီးပွားရေးဈေးကွက် လိုအပ်ချက်များ၊ တောင်းဆိုမှုများအရ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများကို ဖြည့်ဆည်းနိုင်ပြီး အောင်မြင်သည့် MSMEs လုပ်ငန်းများ ပိုမိုများပြားစွာ ပေါ်ပေါက်လာရန် ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်အတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံလိုသူများကို ဖိတ်ခေါ်ပါကြောင်းနှင့် MSMEs လုပ်ငန်းများအတွက် ဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နေမှု၊ ထုတ်ကုန်ပစ္စည်းပြပွဲနှင့်ပြိုင်ပွဲ ဆောင်ရွက်ထားမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs)၏ တတိယအကြိမ် ဒေသတွင်းထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ကုမ္ပဏီများက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ်များက လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs)၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ တောင်ကြီးမြို့ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(SMIDB) တောင်ကြီးဘဏ်ခွဲ၌ ကျင်းပသည့် SME Center ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့်အတူ SME Center ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ တာဝန်ရှိသူများနှင့်အတူ ရဟတ်ယာဉ်ဖြင့် ရှမ်းပြည်နယ် ကျိုင်းတောင်းမြို့၏အနောက်တောင်ဘက် ၁၄ မိုင်အကွာ နမ့်တိန်ချောင်းပေါ်တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြရာ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစန်းဝေက စီမံကိန်းရည်ရွယ်ချက်၊ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနေမှုအခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**စဉ်ဆက်မပြတ်စောင့်ကြပ်**

တင်ပြချက်များအပေါ် ဒုတိယသမ္မတက စီမံကိန်းလုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီပြီး သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဘဏ္ဍာငွေများ အလေအလွင့်မရှိအောင် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန်အတွက် စဉ်ဆက်မပြတ်စောင့်ကြပ် ကြည့်ရှုစစ်ဆေးသွားရန်နှင့် ဝန်ထမ်းများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအပါအဝင် လိုအပ်သည့် သက်သာချောင်ချိရေးများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ရေသွယ်ဥမင်လိုဏ်တည်ဆောက်နေမှုနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုသည်။

ယင်းနောက် ဒုတိယသမ္မတသည် ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ရေထိန်းအဆောက်အအုံ၊ ရေသွယ်မြောင်းနှင့် စက်ရုံအတွင်း စက်များတပ်ဆင်မောင်းနှင်ထားရှိမှုနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုနေမှုအခြေအနေများကို ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇွန် ၂၉**
အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dehong ပြည်နယ်ခွဲ Mangshi မြို့၌ စိုက်ပျိုးထားသည့် တရုတ်-မြန်မာ ချစ်ကြည်ရေးသစ်ပင်ကို ကြည့်ရှုကြပြီး တာဝန်ရှိသူများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ လဲလှယ်ကြသည်။

**တည်ခင်းဧည့်ခံ**

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား တရုတ်ကွန်မြူနစ်ပါတီ Dehong ပြည်နယ်ခွဲ ပါတီကော်မတီအတွင်းရေးမှူး Mr. Wang Junqiang က Mangshi မြို့ Mangshi Hotel ၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် Dehong ဆရာအတတ်သင်ကျောင်းနှင့် အဆိုပါကျောင်းရှိ စက္ကူအလှအနုပညာပြခန်းတို့ကို လေ့လာကြည့်ရှုခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက်အဖွဲ့ဝင် Mr. Dan Zhu Aug Ben၊ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Li Pei နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကူမင်းမြို့ အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့်တာဝန်ရှိသူများက ကူမင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

# မြန်မာနိုင်ငံ အဆင့်မြင့်ပညာရေးပြုပြင်ပြောင်းလဲမှုအစီအစဉ် ပထမအကြိမ်အမျိုးသားအဆင့် ညီလာခံကျင်းပ

**ရန်ကုန် ဇွန် ၂၉**
အဆင့်မြင့်ပညာရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်သောစီမံခန့်ခွဲမှုနှင့် သုတေသနစွမ်းရည်တို့ဖြင့် ပြုပြင်ပြောင်းလဲမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဗြိတိသျှကောင်စီ၊ Irrawaddy Policy Exchange၊ University College London တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ အဆင့်မြင့်ပညာရေး ပြုပြင်ပြောင်းလဲမှုအစီအစဉ်(Leading Higher Education Transformation in Myanmar) ပထမအကြိမ် အမျိုးသားအဆင့် ညီလာခံကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့အခမ်းအနားသည် ပညာရေးဝန်ကြီးဌာနအတွက် အရေးကြီးသော အခမ်းအနားတစ်ခု ဖြစ်ပါကြောင်း၊ ဗြိတိန်နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဌာန၏ ထောက်ပံ့မှုဖြင့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဗြိတိသျှကောင်စီ၊ Irrawaddy Policy Exchange၊ University College London တို့ ပူးပေါင်း၍ နှစ်ရက်တာကျင်းပသည့် မြန်မာနိုင်ငံအဆင့်မြင့်ပညာရေး ပြုပြင်ပြောင်းလဲမှုအစီအစဉ်(Leading Higher Education Transformation in Myanmar) ပထမအကြိမ် အမျိုးသားအဆင့်ညီလာခံသို့ အဆင့်မြင့်ပညာကဏ္ဍမှ အဆင့်မြင့်အရာရှိကြီးများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ စုစုပေါင်း ၂၈၈ ဦး တက်ရောက်လျက်ရှိသောကြောင့် ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (National Education Strategic Plan)တွင် ကဏ္ဍကိုးခုကို ဦးတည်ဆောင်ရွက်လျက်ရှိရာ အဆင့်မြင့်ပညာကဏ္ဍတွင် အဆင့်မြင့်ပညာ စီမံခန့်ခွဲသူများ၏ စွမ်းဆောင်ရည်မြင့်မားရန် ရည်မှန်းချက် ချမှတ်ထားပါကြောင်း၊ အမျိုးသားအဆင့်




အဆင့်မြင့်ပညာ ဖွံ့ဖြိုးတိုးတက်ရေးဌာန (National Institute for Higher Education Development-NIHED)ကို တည်ထောင်ခြင်းဖြင့် အဆိုပါ စွမ်းဆောင်ရည်မြှင့်တင်ခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယင်း NIHED၏ အစီအစဉ်တစ်ခုအဖြစ် မြန်မာနိုင်ငံအဆင့်မြင့်ပညာကဏ္ဍ ဦးဆောင်မှုနှင့်စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးအစီအစဉ် (Transforming Higher Education and Leadership and Management Programme in Myanmar) ကို ပညာရေးဝန်ကြီးဌာန၊ ဗြိတိသျှကောင်စီနှင့် Irrawaddy Policy Exchange တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ အစီအစဉ်သည် ဝန်ကြီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ တက္ကသိုလ်များမှ စီမံခန့်ခွဲသူအရာရှိကြီးများ၊ အမျိုးသားပညာရေး မူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသား ပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု ကော်မတီနှင့် ပါမောက္ခချုပ်များ၊ ကော်မတီတို့မှ အဆင့်မြင့်အရာရှိကြီးများ၏ အရည်အသွေးမြင့်စွမ်းဆောင်ရည်ဖြင့် မြန်မာနိုင်ငံအဆင့်မြင့်ပညာကဏ္ဍ၏ အရည်အသွေးကို မြှင့်တင်ရန်ဖြစ်ပါကြောင်း။

**အပြန်အလှန်ဆွေးနွေးခြင်းဦးတည်**

ယင်းအစီအစဉ်တွင် မြန်မာနိုင်ငံအတွင်းပို့ချသော သင်တန်းအစီအစဉ် (Residential Programme) နှင့် ယင်း Programme များအကြား Online Workshops များပါရှိကြောင်း၊ ယင်းအစီအစဉ်မှ တက္ကသိုလ်အလိုက် Project များ ဆောင်ရွက်ခြင်းနှင့် ဦးဆောင်မှုဆိုင်ရာ ကိုယ်ပိုင် portfolio များရေးသားခြင်းတို့ ပါဝင်ပါကြောင်း၊ အဆင့်မြင့်ပညာသည် ကမ္ဘာတွင်လည်း လျင်မြန်သောပြုပြင်ပြောင်းလဲမှုများကို တွေ့ကြုံနေရပြီး ယင်းပြောင်းလဲမှုများသည် တက္ကသိုလ်များ၏ခက်ခဲနက်နဲသော အုပ်ချုပ်မှုနှင့် ပညာရပ်ဆိုင်ရာ အလုပ်အကိုင်များပေါ်သို့ အကျိုးသက်ရောက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအဆင့်မြင့်ပညာကဏ္ဍ၏မျှော်မှန်းချက်ကို ၂၀၁၃ ခုနှစ်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သော အဆင့်မြင့်ပညာကဏ္ဍကို အားကောင်းလာစေခြင်းနှင့် စပ်လျဉ်းသောမိန့်ခွန်းပေါ်တွင် အခြေခံထားပါကြောင်း၊ ပညာရပ်ဆိုင်ရာ ကိစ္စရပ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် တက္ကသိုလ်များကို လွတ်လပ်စွာစီမံခန့်ခွဲခွင့် အားကောင်းလာစေခြင်း ( Empowerment through Autonomy)၊ အဆင့်မြင့်ပညာရေးကို လူတိုင်းတန်းတူညီမျှ သင်ယူလေ့လာခွင့် အခွင့်အရေးရရှိစေခြင်း (Inclusiveness)၊ တက္ကသိုလ်တိုင်းက မိမိအစီအစဉ်ဖြင့် တီထွင်ကြံဆနိုင်သော၊ ထူးချွန်ထက်မြက်သော တက္ကသိုလ်များအဖြစ်သို့ ပြောင်းလဲနိုင်စွမ်းရှိသော ပြုပြင်ပြောင်းလဲမှုကို အားကောင်းလာစေခြင်း၊ (Empowerment for change)နှင့် မြန်မာလူငယ်လူရွယ်များအား ဒီမိုကရေစီလူ့အဖွဲ့အစည်းနှင့် ထူထောင်ခြင်းနှင့် ထုတ်လုပ်ရေးစွမ်းအားကောင်းသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အနာဂတ်တွင် ဦးဆောင်မည့်သူများ ဖြစ်လာစေရန် အထောက်အကူပြုမည့် သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသင်ယူမှုနည်းစနစ်များ ပြုပြင်ပြောင်းလဲခြင်းဖြင့် အနာဂတ်ကို အားကောင်းလာစေခြင်း (Empowerment for the Future)တို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် လမ်းညွှန်မှုအရ အဆင့်မြင့် ပညာကဏ္ဍ၏ မျှော်မှန်းချက်ကို "Empowerment through Autonomy, Inclusiveness, Empowerment for Change and Empowerment for the Future" ဟု ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆိုပါ မျှော်မှန်းချက် ပေါက်မြောက်အောင်မြင်ရေးအတွက် အသုံးချသုတေသန ဆောင်ရွက်ရေးနှင့်သုတေသန ဂျာနယ်တွင် သုတေသန စာတမ်းများပြုစုရေးကို အားပေးသွားမည်ဖြစ်သကဲ့သို့ အပြန်အလှန်ဆွေးနွေးခြင်းကို အခြေခံသော သင်ကြားသင်ယူမှုစနစ်များကို ဦးတည်ပြောင်းလဲသွားမည်ဖြစ်ပါကြောင်း၊ ယခုပထမအကြိမ် အမျိုးသားအဆင့် ညီလာခံသည် တက္ကသိုလ်များ၊ ဝန်ကြီးဌာနများနှင့် အမျိုးသားအဆင့်ကော်မတီများမှ အဆင့်မြင့်အရာရှိကြီးများအား တက်ကြွသော၊ တီထွင်ကြံဆနိုင်သော၊ တာဝန်ယူတတ်သော၊ တာဝန်ခံတတ်သော၊ မိမိအဖွဲ့အစည်း စွမ်းဆောင်မှု အရည်အသွေးမြင့်မားရေး၏ အရေးပါပုံကို နားလည်သဘောပေါက်သော အဆင့်မြင့်အရာရှိကြီးများ အဖြစ်သို့ ပြောင်းလဲနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယင်းစွမ်းဆောင်ရည်သည် တက္ကသိုလ်များကို အသုံးချသုတေသနပြုစုထုတ်ဝေနိုင်စွမ်းရှိသော၊ အုပ်ချုပ်မှုနှင့်ခေါင်းဆောင်မှုကို ပွင့်လင်းမြင်သာစွာနှင့်ထိရောက်ထက်မြက်စွာ စွမ်းဆောင်နိုင်သော၊ လုပ်သားဈေးကွက်၏ လိုအပ်ချက်အပေါ် အခြေခံသည့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများကို သင်ကြားနိုင်စွမ်းရှိသော လွတ်လပ်စွာ စီမံခန့်ခွဲနိုင်သည့် တက္ကသိုလ်များ (Autonomous Universities) အဖြစ်သို့ ပြောင်းလဲပေးနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗြိတိသျှကောင်စီမှ Acting Country Director ဖြစ်သူ Mr.Ozan Revi က မြန်မာနိုင်ငံ အဆင့်မြင့်ပညာရေး ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးခေါင်းစဉ်ဖြင့် ပြောကြားကာ Irrawaddy Policy Exchange မှ Mr.Michael Marett-Crosby က မြန်မာနိုင်ငံအဆင့်မြင့်ပညာရေး ပြုပြင်ပြောင်းလဲမှုအတွက် ပံ့ပိုးပေးနိုင်မှု ခေါင်းစဉ်ဖြင့် ပြောကြားသည်။

**အတွေ့အကြုံဆွေးနွေးဖလှယ်**

ထို့နောက် အမျိုးသားပညာရေးမူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးညီလှငယ်က အဆင့်မြင့်ပညာကဏ္ဍအတွက် အမျိုးသားပညာရေး မူဝါဒကော်မရှင်က ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးက ပါမောက္ခချုပ်များ ကော်မတီဖွဲ့စည်းပြီးစီးမှုနှင့် ကော်မတီ၏ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ University College London (UCL)မှ ဒါရိုက်တာMr.Jonathan Dale က အဆင့်မြင့်ပညာရေးအတွက် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု အရည်အသွေးမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် "Engaging International Best Practice: Transforming Universities and Retaining identity" ခေါင်းစဉ်ဖြင့် Panel Session ကို ကျင်းပဆွေးနွေးသည်။ မွန်းလွဲပိုင်းတွင် ပြည်တွင်းပြည်ပတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများက အဆင့်မြင့်ပညာ မြှင့်တင်ရေးနည်းလမ်းများ၊ အတွေ့အကြုံများကို ဆွေးနွေးဖလှယ်ကြသည်။

မြန်မာနိုင်ငံအဆင့်မြင့်ပညာရေး ပြုပြင်ပြောင်းလဲမှုအစီအစဉ် (Leading Higher Education Transformation in Myanmar) ပထမအကြိမ်အမျိုးသားအဆင့်ညီလာခံကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ဇွန် ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မူလတန်းကျောင်းများသို့ စာရေးကိရိယာများ လှူဒါန်း

**မတ္တရာ ဇွန် ၂၉**
ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ညောင်ပင်ကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းနှင့် မတ္တရာမြို့နယ် နေပူကုန်းကျေးရွာ မူလတန်းကျောင်းတွင်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအတွက် နေပူညသင်္ဂဟပညာရေးထောက်ပံ့အသင်းမှ အသင်းသားအသင်းသူများက ငွေကျပ် ၉၉၂၆၀၀ တန်ဖိုးရှိ စာရေးကိရိယာများကို ကျောင်းသား ကျောင်းသူ ၂၁၈ ဦးအား ပေးအပ်လှူဒါန်းခဲ့ကြပြီး သီးခြားအလှူရှင်များက စားပွဲတင်ပန်ကာနှစ်လုံး၊ ဗလာစာအုပ်များနှင့် ခဲတံများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# မူးယစ်အန္တရာယ် ကာကွယ်တားဆီးရေး မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနထံ သတင်းပေး

**ပြည်သူများအကြား၊ လူငယ်များအကြား မူးယစ်ဆေးဝါးပြဿနာသည် ကြီးမားကျယ်ပြန့်လာပြီး တရားမဝင် မူးယစ်ဆေးဝါးများ ထုတ်လုပ်မှု၊ ရောင်းချမှု၊ သယ်ဆောင်မှုများကို နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်နေကြသည့်အတွက် နည်းပညာအသုံးချ စုံစမ်းထောက်လှမ်းမှုများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်လာပြီဖြစ်ကြောင်းနှင့် အားလုံးပါဝင် ပူးပေါင်းနှိမ်နင်းကြရန် တိုက်တွန်းကြောင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနား၌ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။**

### ပူးပေါင်းပါဝင်ဆောင်ရွက်

ထို့ပြင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က "မကြာသေးခင်ကပဲ မန္တလေးတိုင်းဒေသကြီးမှာ မူးယစ်ဆေးဝါးတွေ ရောင်းဝယ်ဖောက်ကားနေတဲ့ သတင်းတွေ လူမှုကွန်ရက်ပေါ်ရောက်ရှိပြီး ပျံ့နှံ့လာတဲ့အတွက် တိုင်းဒေသကြီးအစိုးရရဲ့ အစီအစဉ်နဲ့ ဝင်ရောက်ဖမ်းဆီးခဲ့ရပါတယ်။ အဲဒီအနီးနားမှာ နေထိုင်ကြတဲ့ ပြည်သူတွေ မသိကြဘူးလားမေးကြည့်တော့ သိကြပါတယ်။ သူတို့ကို အန္တရာယ်ပြုမှာကို စိုးရိမ်တဲ့အတွက် ဘယ်သူ့ကိုမှ သတင်းမပေးရဲကြဘူးဆိုတာ သိရပါတယ်။ ဒီအချက် ဟာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်မှုရရှိနိုင်ဖို့အတွက် အရေးကြီးတဲ့ အချက်ပေးမှုတစ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်သူတွေ၊ သားသမီးတွေရဲ့ မိဘတွေ၊ ကျောင်းသားလူငယ်တွေရဲ့ ဆရာ ဆရာမတွေအနေနဲ့ မျိုးဆက်သစ်လူငယ်များရဲ့ ရှေ့ရေးမို့ မူးယစ်ဆေးဝါးနှိမ်နင်းရေးကို ကျွန်တော်တို့နဲ့အတူ အလေးအနက်ထားကြဖို့ လိုအပ်ပါတယ်" ဟု ပြောကြားခဲ့သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေနိုင်သည့် ဆေးဝါးများ၏ အန္တရာယ်ကို ပြည်သူက သိရှိကြပါသည်။ သို့သော် နိုင်ငံတော်သမ္မတက အထက်တွင် ပြောကြားခဲ့သည့်အတိုင်း ပြည်သူက သိရှိသော်လည်း သတင်းပေးလျှင် အန္တရာယ်ပြုမည် စိုးသည့်အတွက် သတင်းမပေးရဲဖြစ်နေကြသည်။ မူးယစ်ဆေးဝါးအန္တရာယ်သည် ကြီးမားလာပြီး နည်းလမ်းအမျိုးမျိုးဖြင့် ရောင်းဝယ်ဖြန့်ဖြူးမှုရှိလာပြီဖြစ်သည့်အတွက် အားလုံးပါဝင် ပူးပေါင်းနှိမ်နင်းကြရမည်ဖြစ်သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးများနှင့် ပတ်သက်၍ ပြည်သူ့ထံမှ ပေးပို့တိုင်ကြားလာသော သတင်းအချက်အလက်များကို စနစ်တကျ လက်ခံဆောင်ရွက်ပေးနိုင်ရန် မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနကို နိုင်ငံတော်သမ္မတရုံး၏ ၂၂-၆-၂၀၁၈ ရက်စွဲပါ ရုံးအမိန့်အမှတ် (၁၈၇/၂၀၁၈) ဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ သတင်းအချက်အလက် ပေးပို့တိုင်ကြားသူ ပြည်သူများအနေဖြင့် မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန၏ အီးမေးလ် သို့မဟုတ် တယ်လီဖုန်းဖြင့် လုံခြုံစိတ်ချစွာ ဆက်သွယ်သတင်းပေးပို့ တိုင်ကြားနိုင်ပြီဖြစ်သည်။

### ချီးမြှင့်ငွေပေးမည်

ပြည်သူ့ထံမှ ပေးပို့တိုင်ကြားလာသော သတင်းအချက်အလက်များကို မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနမှ လုံခြုံမှုအဆင့်အတန်း သတ်မှတ်ကာ စနစ်တကျ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်သလို သတင်းပေးတိုင်ကြားချက်များကို မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအထူးအဖွဲ့က ဆက်လက်တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

သတင်းအချက်အလက် ပေးပို့တိုင်ကြားသည့် ပြည်သူများ၏ လုံခြုံရေး၊ သတင်းအချက်အလက် မပေါက်ကြားရေးအတွက် လုံခြုံရေးအဆင့်အတန်း သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများကိုလည်း ချမှတ် ထားရှိပြီးဖြစ်သည့်အပြင် သတင်းပေးပို့သည့် ပြည်သူများအား နိုင်ငံတော်မှ ချီးမြှင့်ငွေပေးအပ်သွားမည်ဖြစ်သည်။

### တိုင်ကြားရန်လိုအပ်

ထို့ပြင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အထိ ဖွဲ့စည်းထားရှိသည့် ဒေသဆိုင်ရာ မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးအဖွဲ့များထံ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ပေးပို့တိုင်ကြားရန် လိုအပ်ကြောင်းကိုလည်း နိုင်ငံတော်သမ္မတက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပခဲ့သည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်မှာ "Listen First" မြန်မာဘာသာအားဖြင့် "ဦးစွာနားထောင်ပါ" ဖြစ်ပါသည်။ အဆိုပါဆောင်ပုဒ်သည် လူငယ်များနှင့် ကလေးငယ်များကို ရည်ရွယ်သည့် ဆောင်ပုဒ်တစ်ခုဖြစ်ပါသည်။

### အဓိကထားလုပ်ဆောင်

အနာဂတ် လူ့စွမ်းအားအရင်းအမြစ် လူငယ်များနှင့် ကလေးများအတွက် မူးယစ်ဆေးဝါးအန္တရာယ် ကင်းရှင်းရေးကို အဓိကထားလုပ်ဆောင်ကြရမည်။ ပြောင်းလဲလာသော လူမှုစီးပွားဘဝ ပြဿနာများကြောင့် လူငယ်များသည် လွတ်မြောက်ရာအဖြစ် စူးစမ်းစမ်းသပ်လိုသည့် သဘောဖြင့် မူးယစ်ဆေးဝါးနှင့် ပတ်သက်ဆက်နွှယ်မိတတ်ကြသည်။

ထို့ကြောင့် လူငယ်များနှင့် ကလေးများ၏ ပတ်ဝန်းကျင်သို့ မူးယစ်ဆေးဝါးအန္တရာယ် မရောက်ရှိလာစေရန် လူငယ်များနှင့် ကလေးများ၏ ခံစားမှု ပြောစကားများကို ဂရုပြုနားထောင်ကြရပါမည်။ ထို့ကြောင့်လည်း ယခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ကို "Listen First - Listening to children and youth is the first step to help them grow healthy and safe." ဟု သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ သို့မှသာ အနာဂတ် လူ့စွမ်းအားအရင်းအမြစ် လူငယ်များနှင့် ကလေးငယ်များအတွက် ကျန်းမာလုံခြုံသော ဘဝလမ်းကြောင်းကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

### သေချာနားထောင်ဖို့လို

"အခုနောက်ပိုင်းမှာ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်တဲ့အခါ Listen First ဆိုတဲ့ ဆောင်ပုဒ်လေးအတိုင်း ဆောင်ရွက်လာကြတယ်။ အဓိကတော့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ ချဉ်းကပ်ပုံနည်းလမ်းတွေ ပြောင်းလဲလာတာဖြစ်ပါတယ်။ အရင်တုန်းက တားဆီးနှိမ်နင်းရေးကို ဦးစားပေးခဲ့ပါတယ်။ အခုကျတော့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်တဲ့ အပိုင်းရှိသလို တစ်ဖက်က ပြည်သူ့ကျန်းမာရေး အပိုင်းပါလာတယ်။ လူငယ်တွေ မူးယစ်ဆေးသုံးစွဲမှုတွေကို လေ့လာတဲ့အခါ သဘောသဘာဝ တစ်ယောက်နဲ့တစ်ယောက် မတူကြပါဘူး။ တချို့က Education နည်းတဲ့အခါမှာ သုံးတဲ့အနေအထားရှိတယ်။ တချို့က မိသားစုတွေ ပြိုကွဲကြတယ်။ ပြဿနာရှိကြတဲ့အချိန်မှာ စိတ်ထွက်ပေါက်တစ်ခုအနေနဲ့ သုံးတယ်။ နောက်တစ်ခုက အပေါင်းအသင်းကြောင့် ပျက်စီးတာရှိတယ်။ ဒါကြောင့် ဒီလိုအခြေအနေတွေအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့က ကလေးတွေက ဘာကြောင့်သုံးတာလဲဆိုတာ သေချာနားထောင်ဖို့ လိုအပ်ပါတယ်။ သူတို့ရဲ့ ပြဿနာကိုသိမှ ကျွန်တော်တို့က သူတို့အတွက် ဖြေရှင်းပေးနိုင်မယ့် နည်းလမ်း၊ အဖြေရှာလို့ရမယ့် သဘောရှိပါတယ်။ ဒါကြောင့် Listen First ဦးစွာနားထောင်ပေးဖို့ အရေးကြီးပါတယ်။ သေချာနားထောင်ပြီးတော့ ဆောင်ရွက်ပေးမယ်ဆိုရင် မူးယစ်ဆေးဝါးသုံးစွဲမှု ပြဿနာအပိုင်းမှာ အများကြီးလျော့ကျသွားနိုင်တဲ့ ကိစ္စဖြစ်ပါတယ်" ဟု မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ စီမံကိန်းရေးဆွဲရေးဌာနမှူး ရဲမှူးကြီး ဇော်မင်းထွန်းက ပြောသည်။

### အသိပညာပေးသင်တန်းများဖွင့်

လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲခြင်းမှ ကာကွယ်တားဆီးမှု လှုပ်ရှားမှုတစ်ခုအဖြစ် မူးယစ်ဆေးစွဲရောဂါ သုတေသနအသင်း (Substance Abuse Research Association-SARA) မှ အခြေခံပညာ ကျောင်းများတွင် "ချမ်းမြေ့ပျော်ရွှင် ကျောင်းတစ်ခွင်" ဆိုသည့် အစီအစဉ်နှင့် "ဘဝအောင်မြင်နိုင်ရေးအတတ်ပညာ" စီမံချက်သင်တန်းများကို ဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး အသိပညာပေး လုပ်ငန်းများကို လူငယ်များအတွက် အဓိကရည်ရွယ်လုပ်ဆောင်နေသည့် ဆယ်ကျော်သက်လူငယ်များဖွံ့ဖြိုးရေးအဖွဲ့ (Association for Healthy Adolescent Development - AHEAD Myanmar) မှလည်း Driven by Passion ဟု အမည်ပေးထားသည့် မူးယစ်ဆေးဝါးသုံးစွဲမှု ကာကွယ်လုပ်ငန်းများတွင် လူငယ်များကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ရေး အသိပညာပေး သင်တန်းကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆယ်ကျော်သက်လူငယ်များဖွံ့ဖြိုးရေးအဖွဲ့မှ လူငယ်များကို ဦးတည်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေးလှုပ်ရှားမှုများနှင့် စပ်လျဉ်း၍ အဆိုပါအဖွဲ့မှ အစီအစဉ်ညွှန်ကြားရေးမှူး ဒေါ်သူဇာဝင်းက "မူးယစ်ဆေးဝါးသုံးစွဲမှု ကာကွယ်လုပ်ငန်းတွေမှာ လူငယ်တွေကိုယ်တိုင် ပါဝင်လုပ်ဆောင်နိုင်ဖို့ လူငယ်တွေကို လေ့ကျင့်ပေးတယ်၊ သင်တန်းတွေလုပ်ပေးတယ်။ အတွေ့အကြုံရအောင် အတူတူလက်တွဲပြီး ကာကွယ်ရေးလုပ်ငန်းတွေ လုပ်တယ်။

"ပြီးတော့ အရက်နဲ့ မူးယစ်ဆေးပညာပေးရက်သတ္တပတ် လှုပ်ရှားမှုတွေကိုလည်း ဆောင်ရွက်နေတယ်။ အခုနှစ်ထဲမှာ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နဲ့ တောင်ကြီး မြို့လေးမြို့မှာ တစ်ပြိုင်တည်း လူငယ်အင်အား ၂၃၀ လောက်နဲ့ လုပ်ခဲ့ပါတယ်။ ဒီလိုလုပ်တဲ့ အခါမှာလည်း အပြန်အလှန် ပြောဆိုဆွေးနွေးတဲ့ပုံစံ (interactive education) နဲ့ လုပ်တာ ဖြစ်ပါတယ်။ စိတ်ကြွဆေးအကြောင်း သက်သက်မဟုတ်ဘဲ စိတ်ကြွဆေးသုံးဖို့ အခြေအနေတွေကြုံခဲ့ရင် ငြင်းဆန်နိုင်မယ့် အရည်အချင်း(refusal skills) နဲ့ စိတ်ကြွဆေးမသုံးပါဘူးလို့ ကတိပြုတာ social contract တွေပါဝင်ပါတယ်။ ဒါတွေက မူးယစ်ဆေးသုံးစွဲဖို့ ကာကွယ်တဲ့နေရာမှာ ထိရောက်ဖို့အတွက် လိုအပ်တဲ့ အချက်တွေ အကုန်ထည့်သွင်းထားတာဖြစ်ပါတယ်။

### အချင်းချင်းအတွေ့အကြုံမျှဝေ

ပြီးတော့ ကျွန်မတို့အဖွဲ့က ထုတ်ထားတဲ့ ပညာပေးစာစောင်တွေနဲ့ အပြန်အလှန် ပညာပေးနည်းလမ်းတွေကို တခြားအဖွဲ့တွေက ကိုယ့်ဒေသမှာ ကိုယ်ထူကိုယ်ထ လုပ်ချင်တယ်၊ လိုချင်တယ်ဆိုရင်လည်း မျှဝေပေးတယ်၊ သင်တန်းနဲ့ နည်းပညာပေးပါတယ်။ ပြီးခဲ့တဲ့လ မေ ၂၉၊ ၃၀ ကပဲ မြန်မာပြည်မှာ ပထမဆုံးအကြိမ် လူငယ်နဲ့ မူးယစ်ဆေးညီလာခံလုပ်ခဲ့ပါတယ်။ ရည်ရွယ်ချက်က မူးယစ်ဆေးဝါး တိုက်ဖျက်တဲ့နေရာမှာ လူငယ်တွေ ပိုမိုပါဝင်လာဖို့နဲ့ ထိရောက်တဲ့ နည်းလမ်းတွေကိုသိရှိပြီး လုပ်နိုင်ဖို့နဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ပါဝင်တဲ့လူငယ်တွေ အချင်းချင်း အတွေ့အကြုံတွေ မျှဝေဖို့လည်းဖြစ်ပါတယ်။ နောက်နှစ်တွေမှာလည်း ဆက်လုပ်ဖို့ စီစဉ်ထားပါတယ်" ဟု ပြောပြသည်။

လူငယ်များကိုယ်တိုင် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး လုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခြင်းသည် ထိရောက်အကျိုးရှိသည့် နည်းလမ်းတစ်ခုဖြစ်ကြောင်းကို **ရဲမှူးကြီး ဇော်မင်းထွန်းက** "Peer to Peer Education ပုံစံမျိုးပါ။ ဆရာဝန်တွေ၊ ရဲတပ်ဖွဲ့တွေ၊ ဥပဒေပိုင်းက သက်ဆိုင်သူတွေ စတဲ့ သက်ဆိုင်ရာက လူကြီးတွေက ပြောနေတာနဲ့ယှဉ်ရင် သူတို့အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ပြောဆို အသိပညာပေးတာက ပိုကောင်းတဲ့ ရလဒ်လေးတွေ ရှိပါတယ်။ သူငယ်ချင်းအချင်းချင်း၊ အပေါင်းအသင်း အချင်းချင်းကျတော့ ယုံကြည်မှု (Trust) က ချက်ချင်းရပါတယ်။ သူတို့ကလည်း မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ သိချင်တာတွေအကုန်လုံးကို သူတို့ရဲ့ သူငယ်ချင်းတွေ၊ အစ်ကို၊ အစ်မတွေဆီက မေးတယ်။ အစ်ကိုတွေ၊ အစ်မတွေဆီကနေပဲ ကျောင်းတွေမှာ ဖြစ်ပျက်နေတဲ့ ခံစားချက်တွေကို သိခွင့်ရတယ်။ ဒီကနေမှ လူကြီးတွေက လိုအပ်တာကို ဆောင်ရွက်ပေးတယ်။ ဒီနည်းကလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်တဲ့နည်းလမ်းဖြစ်ပါတယ်" ဟု အကြံပြုပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ကို ၂၀၁၃ ခုနှစ်မှ စတင်တိုးချဲ့ ဖွဲ့စည်းကာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်နေသော်လည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့်အတူ ပြည်သူများ၊ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ မီဒီယာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ပူးပေါင်းတိုးမြှင့်ဆောင်ရွက်ရန်မှာ အရေးကြီးပါသည်။

### အနာဂတ်ကို တစ်စစီနင်းချေ

ထိုအကြောင်းကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် နိုင်ငံတော်သမ္မတက "ဒီကနေ့ ဒီအချိန်မှာ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေကို လူညွှန့်တုံးစေမယ့် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ရန် တစ်နိုင်ငံလုံး၊ ပြည်သူတစ်ရပ်လုံးရဲ့ အမျိုးသားရေးတာဝန်ကြီးတစ်ရပ်အဖြစ် အရှိန်အဟုန် မြှင့်တင်ကြိုးပမ်းကြဖို့ အထူးပဲ အရေးကြီးပါတယ်။ ဒီကနေ့ ကျွန်တော်တို့ အားလုံး ညီညီညွတ်ညွတ်နဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို မတိုက်ဖျက်နိုင်ဘူးဆိုရင် နောင်လာမယ့် ဆယ်စုနှစ်အတွင်းမှာ ကျွန်တော်တို့နိုင်ငံရဲ့ အနေအထားဟာ မတွေးဝံ့စရာ အခြေအနေကို ဆိုက်ရောက်လာနိုင်ပါတယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ဖြည်းဖြည်းချင်း ဝါးမျိုပြီး ကျွန်တော်တို့ရဲ့ လူငယ်တွေကို အညွှန့်ချိုးနေတဲ့၊ ကျွန်တော်တို့ နိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့ အနာဂတ်ကို တစ်စစီနင်းချေပစ်နေတဲ့ ဒီမူးယစ်ဆေးဝါးအန္တရာယ်ကို ကျွန်တော်တို့အားလုံး ပြည်သူနဲ့အတူ စုပေါင်းပြီးနှိမ်နင်းကြဖို့ အထူးအလေးအနက်ထား တိုက်တွန်းပြောကြားလိုပါတယ်"ဟု ပြောကြားခဲ့ပါသည်။

### ဆုကြေးများပေးအပ်မည်

အချုပ်အားဖြင့်ဆိုရသော် မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်လျော့ချရန်၊ အနာဂတ် လူ့စွမ်းအားအရင်းအမြစ် လူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရန် အားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ပြည်သူများအနေဖြင့် မူးယစ်ဆေးဝါးနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနထံ ပေးပို့တိုင်ကြားရန် အရေးကြီးပါသည်။ ထိုသို့ တိုင်ကြားရာတွင်လည်း တိုင်ကြားသူ၏ လုံခြုံရေးအတွက် အစီအမံများကို ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။ သတင်းပေးပို့တိုင်ကြားသူများအား ထိုက်တန်သည့် ဆုကြေးများ ပေးအပ်မည်ဖြစ်ကာ သတင်းပေးပို့တိုင်ကြားသူ၏ လုံခြုံရေးကို ဂရုပြုသည့်အနေဖြင့် ဆုပေးအပ်ခြင်းကိုလည်း သတင်းထုတ်ပြန်မည် မဟုတ်ကြောင်း သိရပါသည်။ ထို့ကြောင့် မူးယစ်အန္တရာယ် ကင်းစင်ရေးအတွက် ပြည်သူတစ်ဦးချင်းမှစ၍ ပါဝင်ပူးပေါင်းဆောင်ရွက် သွားကြရမည်ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

**ရှင်မင်း**

---

နိုင်ငံတော်သမ္မတရုံး

PRESIDENT OFFICE

မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန

"လုံခြုံစိတ်ချ - သတင်းပေးကြ"

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို နိုင်ငံတော်သမ္မတရုံး၏ ၂၂-၆-၂၀၁၈ ရက်စွဲပါ ရုံးအမိန့်အမှတ် (၁၈၇/၂၀၁၈)ဖြင့် ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

၂။ သို့ပါ၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူများအနေဖြင့် တိုင်ကြားနိုင်ရန် ယင်းဌာနတွင် သီးသန့်တယ်လီဖုန်း၊ သီးသန့်ဖက်စ်ဖုန်း၊ သီးသန့်အီးမေးလ်လိပ်စာများ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသဖြင့် ရုံးချိန်အတွင်း အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ICRC ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော်  ဇွန်  ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) အဖွဲ့ဥက္ကဋ္ဌ Mr. Peter Maurer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကချင်ပြည်နယ်နှင့်ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခဖြစ်ပွားသည့်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများအား ICRC အဖွဲ့မှ ဆောင်ရွက်နေမှုများနှင့် တပ်မတော်မှ ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံများအတွက် လူမှုစီးပွားများဖွံ့ဖြိုးတိုးတက်မှု၊ ဘဝပြန်လည်ရှင်သန်နိုင်ရေး အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင်ရေးအတွက် ICRC နှင့် အစိုးရအဖွဲ့တို့ ဆက်လက်ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များတွင် တပ်မတော်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည့် အခြေအနေများ၊ မြန်မာနိုင်ငံအတွင်း ပဋိပက္ခများမရှိဘဲ ငြိမ်းချမ်းသည့်ဒေသများတွင်လည်း ကူညီဆောင်ရွက်ပေးရန် လိုအပ်မှုအခြေအနေများ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ပဋိပက္ခဖြေရှင်းမှုသင်တန်းများ စေလွှတ်တက်ရောက်နိုင်မည့် အခြေအနေများ၊ ဆေးပညာရပ်ဆိုင်ရာနှင့် မိုင်းအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တပ်မတော်နှင့် ICRC အဖွဲ့ ပူးပေါင်းဆောင်ရွက်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော်  ဇွန်  ၂၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၁၈ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က ရတနာတန်းဝင် မဟော်ဂနီပင်အား ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်ခင်သန်းနွယ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ စစ်သည် မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် ပျိုးပင်များကို စိုက်ပျိုးကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(ယာပုံ)**

ယနေ့ ကျင်းပသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၁၈ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ပျဉ်းကတိုးပင် ၅၀၀၊ မဟော်ဂနီပင် ၂၀၀၀၊ ပိတောက်ပင် ၂၈၃၀ စုစုပေါင်း အပင် ၅၃၈၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည် ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မိုးရာသီ



သစ်ပင်စိုက်ပျိုးပွဲများတွင် ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၂၁၈၃၀ အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

ထို့အတူ ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ပထမအကြိမ်ကို ကျင်းပရာ စုစုပေါင်း ပျိုးပင် ၄၃၉၀၄၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ **ရှေ့ဖုံးမှ**

ကျင်းပရန် သတ်မှတ်ထားပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ညီလာခံကျင်းပချိန် နှောင့်နှေးကြန့်ကြာနေသော်လည်း အစိုးရနှင့် EAO များ အကြားတွင် နိုင်ငံရေးဆိုင်ရာ အလွတ်သဘောအစည်းအဝေး သုံးကြိမ်၊ လုံခြုံရေးဆိုင်ရာ အလွတ်သဘောအစည်းအဝေး လေးကြိမ်ကျင်းပပြီး အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတည်ဆောက်ခဲ့ကြပါကြောင်း၊ နှစ်ဖက်ဆွေးနွေးမှုများအရ ကျော်လွှားရမည့် အခက်အခဲများနှင့် စိန်ခေါ်မှုများရှိနေသည်ကို တွေ့ရပါကြောင်း၊ မကြာမီပြုလုပ်မည့် ညီလာခံတွင် ပွင့်ပွင့်လင်းလင်းဖြင့် လိုလားချက်များကို အမြင်ချင်းဖလှယ်၍ ဆွေးနွေးပေးကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အတွက် အရေးကြီးနေသည့် ဖက်ဒရယ်မူဝါဒများ ချမှတ်နိုင်ရန် တစ်ဖက်နှင့်တစ်ဖက် အလျှော့အတင်းပြုလုပ်ပြီး သဘောတူညီချက်များရရှိစေမည့် နိုင်ငံရေးအခင်းအကျင်းများရရှိစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံပါကြောင်း။

### ညှိနှိုင်းဆွေးနွေး

ယခု UPDJC အစည်းအဝေးက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ကျင်းပမည့်ရက်ကို အတည်ပြုသတ်မှတ်ပေးရန်ဖြစ်ပါကြောင်း၊ ညီလာခံကျင်းပပြီး ရရှိလာမည့် မူဝါဒနှင့် အဆိုပြုချက်များကို ပြည်ထောင်စု သဘောတူညီစာချုပ် အစိတ်အပိုင်း(၂)အဖြစ် ချုပ်ဆိုရရှိရေးကို ဦးတည်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ နောက်ထပ်ကျင်းပမည့် (၂၁)ရာစုပင်လုံညီလာခံ အစည်းအဝေး သုံးကြိမ်တွင် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများ ချမှတ်နိုင်စေရန် ဖက်ဒရယ်အုတ်မြစ်ကို ခိုင်ခိုင်မာမာစိုက်ထူနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် နောင်လာမည့် ညီလာခံ သုံးကြိမ်အပြီး အနာဂတ်အတွက် ဖက်ဒရယ်အခြေခံမူများကို ပြီးပြတ်အောင် ညှိနှိုင်းဆွေးနွေးပေးကြရန် အလေးအနက်ထားပြီး တိုက်တွန်းပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် အစည်းအဝေးတက်ရောက်လာသည့် UPDJC အဖွဲ့ဝင်များအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်အတွက် တစ်ဖက်နှင့်တစ်ဖက် နားလည်မှုနှင့် ယုံကြည်မှုများဖြင့် အတူအကွပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌ ဦးသုဝေက ယုံကြည်ချက်ဖြင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရမည်ဖြစ်ပြီး ယုံကြည်ချက်ရှိပါက ငြိမ်းချမ်းရေးရနိုင်ပါကြောင်း၊ ယုံကြည်ချက်မရှိပါက ငြိမ်းချမ်းရေးမျှော်လင့်ချက်သည် ကြန့်ကြာသွားမည်ဖြစ်ပါကြောင်း၊ သို့သော် ယုံကြည်ချက်သည် ရနိုင်သည်ဆိုသည့်အဆင့်တွင် ရှိပါကြောင်း၊ အမှန်တကယ်ရရန်အတွက် ကိုယ်ကိုယ်တိုင်ကလုပ်ရမည်၊ အမိအရအားထုတ်ရမည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရရှိရန် ဝီရိယသည်လည်း ပိုအရေးကြီးပါကြောင်း။

ထို့ပြင် ငြိမ်းချမ်းရေးကို ဆောင်ရွက်သည့်နေရာတွင် ကျွမ်းကျင်ပြည့်စုံသည့်သူများ များများပါရန် လိုအပ်ပါကြောင်း၊ များများပါလျှင် မြန်မြန်အောင်မြင်မည်ဖြစ်၍ ငြိမ်းချမ်းရေးကို လက်ဆုပ်လက်ကိုင်ရရန်အတွက် ကျွမ်းကျင်သော ပညာရပ် ငါးရပ်ကို ပြည့်စုံအောင်လုပ်မှသာလျှင် ငြိမ်းချမ်းရေး မြန်မြန်ရမည်ဆိုသည့်အသိကြောင့် ယနေ့ ငြိမ်းချမ်းရေးကို လက်ဆုပ်လက်ကိုင်ရအောင် လူတိုင်းလူတိုင်းတွင် လိုအပ်နေသော ကျွမ်းကျင်မှု ငါးရပ်ကို ပြည့်စုံအောင် စွမ်းဆောင်ကြပါစို့ဟု အဓိဋ္ဌာန်ပြု ပြောကြားသည်။



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေး ကျင်းပစဉ်။

### အတည်ပြုဆောင်ရွက်

ယနေ့ကျင်းပသည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အစည်းအဝေးတွင် တက်ရောက်လာကြသူများက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ကျင်းပမည့် ရက်သတ်မှတ်ခြင်း၊ UPDJC သို့တင်သွင်းသည့် စာတမ်းများအတည်ပြုခြင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ လုပ်ငန်းကော်မတီများ၏ ဆောင်ရွက်ချက်များတင်ပြခြင်း၊ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီတွင် ဆွေးနွေးမည့်ခေါင်းစဉ်များ အတည်ပြုခြင်း၊ လုပ်ငန်းကော်မတီ အကျိုးဆောင်များ လုပ်ငန်းလမ်းညွှန်(ToR)ကို အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့အတူ ညီလာခံဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် ညီလာခံအစီအစဉ် အတည်ပြုခြင်း၊ ညီလာခံဖွင့်ပွဲတွင် JMC အစီရင်ခံစာ တင်သွင်းရေးကိစ္စ၊ NCA လက်မှတ်မရေးထိုးရသေးသည့် EAO များ ဖိတ်ကြားရေးကိစ္စ၊ ညီလာခံသို့ လေ့လာသူများ ဖိတ်ကြားရေးနှင့် လေ့လာသူဦးရေ သတ်မှတ်ရေးကိစ္စ၊ ညီလာခံအတွင်း ဆောင်ရွက်မည့် ညီလာခံဆိုင်ရာလုပ်ငန်းများကိစ္စ၊ UPDJC အတွင်းရေးမှူးများအစည်းအဝေး၊ UPDJC အစည်းအဝေးနှင့် လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပရေးကိစ္စ၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ ပြောင်းလဲတာဝန်ပေးအပ်ခြင်းကိစ္စနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသုဝေ၊ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် ဒေါက်တာ တင်မျိုးဝင်းတို့က နိဂုံးချုပ်အမှာစကား ပြောကြားကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်အထိ နှင့် လုပ်ငန်းကော်မတီ အစည်းအဝေးများကို ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ နေပြည်တော် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်  ဇွန်  ၂၉**

(၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များကိုညွှန်ကြားပြီး စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် အခမ်းအနားကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးစိုင်းသော်ဝင်းက စီမံချက်ရေးဆွဲထားမှုကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ဆပ်ကော်မတီများမှတာဝန်ရှိသူများက ဆပ်ကော်မတီများအလိုက် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

**တီးတိန်  ဇွန်  ၂၉**

လမ်းဇန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် လမ်းဇန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ပြုလုပ်ရာ ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်၊ ချင်းပြည်နယ်ပညာရေးမှူး ဒေါ်နှင်းကြည်၊ တီးတိန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုဆွင်းခိုင်၊ လမ်းဇန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကိုင်းခင်းထန်နှင့် လမ်းဇန်ကျေးရွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရှင်းဇဟွဲတို့က အခြေခံပညာအလယ်တန်းကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာလူကြီး ဦးဇမ်းခန့်ထန်က လမ်းဇန်ကျေးရွာကျောင်း သမိုင်းအကျဉ်းကို တင်ပြသည်။ ယင်းနောက် ပြည်နယ်ပညာရေးမှူးက ပညာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား ကွပ်ကဲရေးမှူးအဆင့် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၉**
မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား ကွပ်ကဲရေးမှူးအဆင့် အစည်းအဝေးကို ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့ရှိ ဒေသကွပ်ကဲမှုဌာနချုပ်၌ ကျင်းပရာ အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ (BGP) မှ ကွပ်ကဲရေးမှူး ရဲမှူးချုပ် မြင့်တိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် ၁၁ ဦးနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်(BGB)၊ ကော့ဘဇား ဒေသကွပ်ကဲမှုဌာနချုပ်မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် S M Rakibullah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် ၁၁ ဦးတို့ တက်ရောက်ခဲ့ကြသည်။

ယခုအစည်းအဝေးသည် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးအဆင့် အစည်းအဝေးသဘောတူညီချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ၊ နှစ်နိုင်ငံအကြား နှစ်ဖက်ညှိနှိုင်း နယ်နိမိတ်မျဉ်းတစ်လျှောက် ကင်းလှည့်မှုများ ဆက်လက်ဆောင်ရွက်ရေး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ဆက်ဆံရေးရုံး (BLO) ဖွင့်လှစ်နိုင်ရေး၊ ARSA အကြမ်းဖက်အဖွဲ့အစည်းနှင့် အကြမ်းဖက်သမားများ၏ သတင်းအချက်အလက်များ ဖလှယ်ရေးနှင့် စုံစမ်းဖော်ထုတ်ရေး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းတွင် တပ်ဆင်ထားသော CCTV ကင်မရာများ၊ လုံခြုံရေးဆိုလာမီးတိုင်များနှင့် ဘန်ကာများ တည်ဆောက်ထားရှိမှုဖယ်ရှားပေးရေး၊ တရားခံပြေးများအား စုံစမ်းဖော်ထုတ်ဖမ်းဆီးပေးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ MoU ရေးထိုးသဘောတူထားသော နယ်စပ်ဆက်ဆံရေးရုံးဖွင့်လှစ်မည့် အဆောက်အအုံအား တက္ကနာဇ်တွင် ဆောက်လုပ်ထားရှိပြီးဖြစ်ရာ ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပါက နယ်စပ်ဆက်ဆံရေးရုံး(BLO) လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဟု ဖြည့်စွက်ဆွေးနွေးကာ ညနေ ၄ နာရီ မိနစ် ၂၀ တွင် အစည်းအဝေးပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံခရီးစဉ်နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်း

**နေပြည်တော် ဇွန် ၂၉**
အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)ဥက္ကဋ္ဌ Mr. Peter Maurer သည် ငါးရက်တာ မြန်မာနိုင်ငံ ခရီးစဉ်နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Hotel Max ၌ ကျင်းပသည်။




သတင်းစာရှင်းလင်းပွဲတွင် ICRC ဥက္ကဋ္ဌ Mr. Peter Maurer က ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း မြေပြင်ကွင်းဆင်းတွေ့ရှိမှု အခြေအနေများနှင့် ဒေသခံ ရပ်မိရပ်ဖများ၊ အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့မှု အခြေအနေများ၊ ရခိုင်ပြည်နယ်ရှိ ရပ်ရွာလူထုအသိုင်းအဝိုင်းအတွက် ICRC အနေဖြင့် ကူညီထောက်ပံ့မှုပေးရန် အဆင်သင့်ရှိနေမှု အခြေအနေများ၊ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်အပါအဝင် ပဋိပက္ခနှင့် အကြမ်းဖက်မှုဒဏ်ခံရသူများကို ရေရှည်အကူအညီပေးသွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်း၊ ပြည်ပမှ မီဒီယာများ တက်ရောက်ခဲ့ကြပြီး ဧရာဝတီသတင်းဌာန၏ မေးမြန်းမှုနှင့်စပ်လျဉ်း၍ ICRC ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**သတင်းစဉ်**

# နယ်စပ်ခြံစည်းရိုးများအား ဖျက်ဆီးသဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့

**နေပြည်တော် ဇွန် ၂၉**
မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးကာရံထားမှုအား ဖျက်ဆီးလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်ခဲ့ရကြောင်း သိရသည်။

မောင်တောမြို့နယ် တောင်ပြို(ယာ) ရဲကင်းစခန်း၏ မြောက်ဘက်ကိုက် ၂၀၀ ခန့်အကွာ တောင်ပြို(ယာ) ချောင်းပေါက်ဝအနီးရှိ မြန်မာဘက်ခြမ်း၌ ရေတိုက်စား၍ ပေ ၁၈၀ ခန့် ပျက်စီးသွားခဲ့သည့် ခြံစည်းရိုးအစားသစ်သားတိုင်၊ သံဆူးကြိုးများဖြင့် ယာယီပြန်လည်ကာရံထားခဲ့သည်။

ဇွန် ၂၈ ရက် ညနေ ၃ နာရီခွဲတွင် တစ်ဖက်နိုင်ငံမှ လူ ၁၂ ဦးခန့်က အဆိုပါခြံစည်းရိုးအား လာရောက်ဖျက်ဆီးနေသည်ကို တွေ့ရ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အော်ဟစ်ပြောဆိုသဖြင့် ထွက်ခွာသွားခဲ့ကြသည်။

ညနေ ၆ နာရီတွင် ၎င်းတို့ထပ်မံရောက်ရှိလာပြီး အဆိုပါ ခြံစည်းရိုးတိုင်များအား ထပ်မံဖျက်ဆီးနေသည်ကိုတွေ့မြင်ရ၍ သတိပေးအော်ဟစ်ပြောဆိုရာ ထွက်ခွာသွားခြင်းမရှိဘဲ ပြန်လည်အော်ဟစ်ပြောဆိုပြီး ခြံစည်းရိုးတိုင်များအား လွှဖြင့် ဆက်လက်ဖျက်ဆီးနေသောကြောင့် ရဲအရာရှိတစ်ဦးက အမ်အေ-၁၁ ဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ တစ်ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ခြံစည်းရိုးအား သွားရောက်စစ်ဆေးခဲ့ရာ တိုင်လေးတိုင်ခန့် ပျက်စီးသွားကြောင်းတွေ့ရှိရပြီး ထပ်မံမဖြစ်ပွားစေရေး စောင့်ကြည့်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းသို့ ကွင်းဆင်းလေ့လာ

**စစ်တွေ ဇွန် ၂၉**
ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မောင်တောမြို့မှ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိကြသည်။

သတင်းမီဒီယာ အဖွဲ့သည် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း၏ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်တံတားတို့ကို ကြည့်ရှုသတင်းရယူကြသည်။

ဆက်လက်၍ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီးတွင် နေထိုင်ကြသူများအား တွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းသတင်းရယူကြသည်။

ညနေပိုင်းတွင် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့များသည် မောင်တောမြို့မှ စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်း-သူရဇော်**
**ဓာတ်ပုံ - သက်လွင်စိုး(ပြန်/ဆက်)**



# အခြေခံမီးသတ်ပညာ သင်တန်းဆင်းပွဲ ကျင်းပ

**မောင်တော ဇွန် ၂၉**
မောင်တောမြို့နယ် အကြိုအခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ် ၁/၂၀၁၈ သင်တန်းဆင်းပွဲကို ယနေ့ နံနက်က မောင်တောခရိုင် မောင်တောမြို့နယ် မီးသတ်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အကြိုအခြေခံမီးသတ်ပညာသင်တန်းအမှတ်စဉ် ၁/၂၀၁၈ သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က သင်တန်းတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ခဲ့သည်။

သင်တန်းတွင် မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင် ၄၀၊ မြို့မကညင်တန်းကျေးရွာအုပ်စုမှ သင်တန်းသား ၃၀ တက်ရောက်ကြပြီး စုစုပေါင်း ၈၀ တက်ရောက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၉ တွင် ဖော်ပြခဲ့သော ကရင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး သတင်းတွင် "အမှုတွဲပေါင်း ၁၈၈ မှုတွင် ၇၉ မှု ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ကာ အမှုတွဲပေါင်း ၁၀၉ မှု ဖြေရှင်းဆောင်ရွက်ရန် ကျန်ရှိကြောင်း" အစား "အမှုတွဲပေါင်း ၁၈၈ မှုတွင် ၁၀၈ မှု ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ကာ အမှုတွဲပေါင်း ၈၀ မှု ဖြေရှင်းဆောင်ရွက်ရန် ကျန်ရှိကြောင်း" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**ပြည်နယ်(ပြန်/ဆက်)**

# မြန်မာ-ဟောင်ကောင်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ်တို့ ဆွေးနွေး

**ရန်ကုန် ဇွန် ၂၉**

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသတွင် ဇွန် ၂၇ ရက်မှစ၍ ကျင်းပလျက်ရှိသည့် တတိယအကြိမ်မြောက် ရပ်ဝန်းနှင့်လမ်းကြောင်းညီလာခံ ၂၀၁၈နှင့် ဆက်စပ်ဆွေးနွေးပွဲများသို့ တက်ရောက်ရန် ဟောင်ကောင်မြို့၌ ရောက်ရှိနေသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအစိုးရ အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam Cheng Yuet-ngor နှင့် ဇွန် ၂၈ ရက်တွင် တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ဟောင်ကောင်ဒေသတို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဟောင်ကောင်အစိုးရမှ ကူညီပံ့ပိုးရေးကိစ္စများကို ဆွေးနွေးကြသည်။

**ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး**

ယင်းနေ့တွင် ပြည်ထောင်စုဝန်ကြီးက ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတွင်းဝန်၊ဝန်ကြီး Mr. Edward Yau Tang-wah အား သွားရောက်တွေ့ဆုံ၍ ရပ်ဝန်းနှင့် လမ်းကြောင်းအစီအစဉ်နှင့် အာဆီယံ-ဟောင်ကောင် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်မူဘောင်အတွင်းမှ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

ထို့ပြင် Bank of China (Hong Kong) မှ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Gao Yingxin က ဖိတ်ကြားသည့် အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်၍တွေ့ဆုံဆွေးနွေးခဲ့သည်။

ဟောင်ကောင်မြို့တွင် ရောက်ရှိစဉ်အတွင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကော်မရှင်နာ Mr. Xie Feng နှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။



ရပ်ဝန်းနှင့်လမ်းကြောင်းညီလာခံကို ဟောင်ကောင်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီမှ ကြီးမှူး၍ ဇွန် ၂၇ ရက်မှ ၂၉ ရက်အထိ ဟောင်ကောင်မြို့၌ ကျင်းပခြင်းဖြစ်ပြီး ယင်းညီလာခံသို့ ဒေသတွင်းနှင့် နိုင်ငံတကာမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဟောင်ကောင်ဒေသ၊ မကာအိုဒေသနှင့် နိုင်ငံပေါင်း ၅၅ နိုင်ငံမှ အစိုးရပိုင်းနှင့် ပုဂ္ဂလိကပိုင်းမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ ဟောင်ကောင်ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ်များ၊ ဟောင်ကောင်နှင့် မကာအိုဒေသ အခြေစိုက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိကြသော စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပညာရှင်သုတေသီများ၊ သတင်းမီဒီယာများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၅၀၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါညီလာခံသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သည့် အဖွဲ့ဝင် ခြောက်ဦးပါ ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ရပ်ဝန်းနှင့်လမ်းကြောင်းညီလာခံ၏ Belt and Road Global Forum ၌လည်းကောင်း၊ ယင်းညီလာခံတွင် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဆွေးနွေးသည့် Myanmar Investment Roundtable နှင့် Myanmar Promotion Seminar တို့၌ လည်းကောင်း အဖွင့်မိန့်ခွန်းများ ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတကာမှ ကိုယ်စားလှယ်စုစုပေါင်း ၅၀၀၀ ကျော် ပါဝင်တက်ရောက်သည့် နေ့လယ်စာစားပွဲပုံစံဖြင့် စုံညီဆွေးနွေးပွဲကြီး( Luncheon Plenary) တွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ဟောင်ကောင် ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး၊ ဗြိတိန်နိုင်ငံ၊ ဂျော်ဂျီယာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်အတူ ဦးဆောင်ဆွေးနွေးသူအဖြစ် ဆွေးနွေးခဲ့သည်။

**အခွင့်အလမ်းများ ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးက ရပ်ဝန်းနှင့်လမ်းကြောင်းညီလာခံ ဆွေးနွေးပွဲများ၌ ရပ်ဝန်းနှင့်လမ်းကြောင်း ညီလာခံအစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများ၊ အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို ဖြည့်ဆည်းရန်ကိစ္စများ၊ လက်ရှိမြန်မာနိုင်ငံ၏ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းသစ်များ၊ မြန်မာနိုင်ငံနှင့် ဟောင်ကောင်ဒေသတို့အကြား စီးပွားရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးပြောကြားခဲ့သည်။

**သတင်းစဉ်**

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနဝန်ထမ်းများ၏ သားသမီးများနှင့် ထူးချွန်ဆုရဝန်ထမ်းများအား ဆုချီးမြှင့်

**နေပြည်တော် ဇွန် ၂၉**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနဝန်ထမ်းများ၏ သားသမီးများအား ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်အောင်မြင်သူများ၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအားပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ထူးချွန်ဆုရဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊အမြဲတမ်းအတွင်းဝန်ဦးတင်မောင်ဦး၊ ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းများမှ ဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများ၊ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ ထူးချွန်ဆုရဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများက ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေး၊ ပညာရည်ချွန်ဆုများနှင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲများ၊ သင်တန်းနှင့် အခြားကဏ္ဍများတွင် ထူးချွန်ဆုရရှိသူဝန်ထမ်းများအား ဆုများချီးမြှင့်ခဲ့ကြပြီး ဂုဏ်ထူးရကျောင်းသားကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မသင်းလဲ့စံက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းမိသားစုများကို “စရိတ်မျှကူပညာအလှူ” အဖြစ် ယခုပညာသင်နှစ်အစတွင် ကျောင်း၊တက္ကသိုလ်၊ ကောလိပ်အသီးသီး၌ တက်ရောက်သင်ကြားနေကြသည့် မူကြိုတန်းမှ ဘွဲ့လွန်တန်း အဆင့်အထိကျောင်းသား ကျောင်းသူ ၂၄၂၉၃ ဦးနှင့်၂၀၁၇-၂၀၁၈ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင်ခြောက်ဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၂၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၁ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၅၆ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၅၇ ဦး စုစုပေါင်းဂုဏ်ထူးရသူ ၂၉၉ ဦး၊ ရိုးရိုးအောင်မြင်သူ ၆၈၂ ဦးတို့အား ပညာသင်ထောက်ပံ့ကြေးနှင့်ပညာရည်ချွန်ဆုများ ချီးမြှင့်ပေးအပ်သွားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပပြီးစီး ကျောက်စိမ်းအတွဲပေါင်း ၅၂၅၉ တွဲ ရောင်းချနိုင်ခဲ့



**နေပြည်တော် ဇွန် ၂၉**

(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နောက်ဆုံးနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ ပရဝုဏ်အတွင်း ဆက်လက်ကျင်းပရာ ဇွန် ၂၄ရက်မှ ယနေ့အထိ ယူရိုငွေ ၄၂၃ ဒသမ ၁၁၈ သန်း တန်ဖိုးရှိ ကျောက်စိမ်းအတွဲပေါင်း ၅၂၅၉ တွဲ ရောင်းချ နိုင်ခဲ့ကြောင်း သိရသည်။

**ရောင်းချခဲ့ရ**

ယခုပြပွဲတွင် အခြေခံဈေး ယူရိုငွေ ၄၀၀၀နှင့်အထက် တန်ဖိုးသတ်မှတ်သည့် အရိုင်းထည် ကျောက်စိမ်း အတွဲများနှင့် အခြေခံဈေး ယူရိုငွေ ၁၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်သည့် အချောထည် ကျောက်စိမ်းအတွဲ ၆၇၉၅ တွဲကို ဇွန် ၂၄ရက်မှ ယနေ့အထိ ပြသရောင်းချခဲ့ရာ ဇွန် ၂၄ရက်တွင် ယူရိုငွေ ၃၈ ဒသမ ၅၃၁ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၉၇၃ တွဲကို လည်းကောင်း၊ ဇွန် ၂၅ရက်တွင် ယူရိုငွေ ၇၄ ဒသမ ၁၂၂သန်း တန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၈၃၃တွဲကို လည်းကောင်း၊ ဇွန် ၂၆ ရက်တွင် ယူရိုငွေ ၈၆ ဒသမ ၈၆၆ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၈၁၈ တွဲကို လည်းကောင်း၊ ဇွန် ၂၇ ရက်တွင် ယူရိုငွေ ၅၂ ဒသမ ၄၄၁သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၈၉၂ တွဲကို လည်းကောင်း၊ ဇွန် ၂၈ ရက်တွင် ယူရိုငွေ ၁၁၈ ဒသမ ၆၉၁ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၉၂၅ တွဲကို လည်းကောင်း၊ ယနေ့တွင် ယူရိုငွေ ၅၂ ဒသမ ၄၆၇ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၈၁၈ တွဲကို လည်းကောင်း ရောင်းချခဲ့ရကြောင်း သိရသည်။

ထို့ပြင် ဇွန် ၂၀ရက်မှ ၂၁ရက်အတွင်း ပုလဲအတွဲ ၃၆၀ ကိုတင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ယူရိုငွေ ၂ ဒသမ ၅၉၈ သန်း တန်ဖိုးရှိ ပုလဲအတွဲ ၃၄၁ တွဲကို လည်းကောင်း၊ ဇွန် ၂၃ရက်တွင် ကျောက်မျက်အတွဲ ၃၃၆တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ယူရိုငွေ ၁ ဒသမ ၃၇၉ သန်း တန်ဖိုးရှိ ကျောက်မျက်အတွဲ ၆၉ တွဲကို လည်းကောင်း ရောင်းချခဲ့သည်။

ပြပွဲကာလအတွင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြသရောင်းချခြင်းဖြစ်သည့်အတွက် ရတနာကုန်သည်များ တင်ဒါတင်သွင်းသည့်အခါ လွတ်လပ်စွာ တင်သွင်းနိုင်ခဲ့ကြပြီး ပြပွဲသုံးသပ်ချက်များကိုလည်း လုပ်ဆောင်ပေးခဲ့ကာ တရုတ်၊ ထိုင်း၊ ကနေဒါ၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့မှ ရတနာကုန်သည်များ လာရောက်ကြကာ တရုတ်နိုင်ငံမှ အများဆုံးဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် သတ်မှတ်ကောက်ခံမည့် အခွန်အခနှုန်းထားများမှာ အထူးကုန်စည်ခွန်အနေဖြင့် ကျောက်စိမ်းအရိုင်းများအတွက် ၁၅ ရာခိုင်နှုန်း၊ ကျောက်မျက်အရိုင်းများအတွက် ၁၀ ရာခိုင်နှုန်းနှင့် ကျောက်မျက်လက်ဝတ်ရတနာ အချောထည်များအတွက် ၅ ရာခိုင်နှုန်းတို့ဖြစ်ကြပြီး ဝန်ဆောင်ခအနေဖြင့် ကျောက်မျက်ရတနာအရိုင်းများအတွက် ၃ ရာခိုင်နှုန်းနှင့် အချောထည်များအတွက် ၁ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း သိရသည်။

**ကြီးမှူးကျင်းပခဲ့**

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုကျင်းပသည့် (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် ၉၃ ပွဲမြောက်ဖြစ်ကာ မြန်မာ့ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာဈေးကွက် မြန်မာနိုင်ငံအတွင်း တိုးတက်ဖြစ်ထွန်းစေရန် ရည်ရွယ်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပခဲ့ခြင်း ဖြစ်သည်။

ယခုပြပွဲတွင် ပြည်တွင်း ကျောက်စိမ်း၊ ကျောက်မျက်၊ ပယင်း၊ ကနုကမာ စသည့် အချောထည်ပစ္စည်းဆိုင်ခန်းပေါင်း ၆၁ခန်း လာရောက်ဖွင့်လှစ်ရောင်းချခဲ့ပြီး ကျောက်မျက်ရတနာ သင်တန်းကျောင်း (နေပြည်တော်)မှ သင်တန်းသား သင်တန်းသူများ၏ ကျောက်စိမ်း၊ ကျောက်မျက်၊ ပယင်းအချောထည်ပစ္စည်းအပြင် ကနုကမာ အချောထည် လက်မှုပစ္စည်းများကိုလည်း ခင်းကျင်းပြသရောင်းချပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲသွင် (သတင်းစဉ်)**

# စွဲလမ်းမှုပြဿနာ




မူးယစ်ဆေးဝါးသည် လူ့အဖွဲ့အစည်းအတွင်း ဝါးမျိုလာနေပြီး လူငယ်များကို အညွန့်ချိုးကာ လူ့ဂုဏ်သိက္ခာနှင့် အနာဂတ်တို့ကို ဖျက်ဆီးသည့်ရန်သူဖြစ်သည်။ မိဘများ၏ ဆိုဆုံးမမှုသည် သားသမီးများအတွက် လမ်းပြကြယ်ဖြစ်ခြင်းကြောင့် မူးယစ်အန္တရာယ်မှ ကင်းဝေးစေရန် အကြံကောင်းများကို အချိန်မလင့်မီ ရယူကြရန် အထူးလိုအပ်နေချိန်လည်း ဖြစ်သည်။ တစ်နေ့ထက်တစ်နေ့ ဆေးဝါးများ မည်သို့ပြောင်းလဲသော်လည်း ဆယ်ကျော်သက်များသည် အရက်သောက်သုံးခြင်း၊ ဒုတိယ အများဆုံးမှာ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆက်စပ်ပစ္စည်းများအပြင် ဆေးခြောက်ကို တတိယ အများဆုံး သုံးစွဲနေကြသည်။

## စိတ်ရောကိုယ်ပါထိခိုက်စေ

လူငယ်များအကြား အသုံးများသော ဆေးဝါးများ (ဥပမာအားဖြင့် စိတ်ကြွရူးသွပ်ဆေးပြား)သည် စိတ်ကျရောဂါ၊ ဆေးတောင့်တခြင်းနှင့် သံသယစိတ်လွန်ကဲခြင်း၊ စိတ်ဖောက်ပြန်လက္ခဏာများနှင့် အမြင်မှောက်မှားခြင်းများ၊ ကြောက်မက်ဖွယ် နှလုံးခုန်မြန်ခြင်းနှင့် သွေးပေါင်ချိန်တက်ခြင်းတို့ဖြစ်စေပြီး နှာခေါင်းမှ ရှူရှိုက်ရသော မူးယစ်ဆေးများ (ဥပမာအားဖြင့် ကော်ရှူခြင်း)သည် နားမကြားခြင်း၊ ခြေလက်ကြွက်သားများ ရုတ်တရက် တင်းသွားခြင်းနှင့် အာရုံကြောအဖွဲ့အစည်း၊ ဦးနှောက်၊ ရိုးတွင်းခြင်ဆီ၊ အသည်း၊ ကျောက်ကပ်တို့ကို ပျက်စီးတတ်သည်။

## မူးယစ်ဆေးသုံးသလား

အစားအသောက် နည်းလာပြီး တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းလာခြင်း၊ ဝတ်စားဆင်ယင်မှုကို ဂရုမစိုက်တော့ခြင်း၊ မျက်လုံးများ နီရဲလာခြင်း၊ တွေဝေငေးမောတတ်ခြင်း၊ အောက်မျက်ခမ်းများ မို့ဖောင်းလာခြင်း၊ လျှာလေးအာလေးနှင့် လမ်းလျှောက်လျှင် ယိမ်းယိုင်လာခြင်း၊ ဆေးထိုးအပ်ရာများ တွေ့ရှိလာခြင်းတို့ဖြင့် မူးယစ်ဆေးသုံးစွဲထားကြောင်းကို ခန့်မှန်း၍ ရနိုင်ပါသည်။

"ဆေးတွေ သောက်ထားပြီးရင် နှစ်ရက်လောက် မထတမ်း အိပ်သွားတယ်၊ ဘာမှလည်း ကျွေးလို့ မရတော့ဘူး၊ သူ့ကို သူ့အဖေက ရိုက်တာလည်း ငုံ့ခံနေတယ်၊ တစ်ခွန်းမှ ပြန်မပြောဘူး၊ ဆေးရှိန်ပြယ်သွားတာနဲ့ မတရားစားတယ်၊ မျက်လုံးတွေကိုကြည့်ရင် သူဆေးစွဲနေတယ်ဆိုတာ သတိထားမိလို့ အချိန်မီကုသမှုခံယူပြီး အပေါင်းအသင်းတွေနဲ့ရော ဖြတ်တောက်ပစ်လိုက်ရတယ်"ဟု ဆေးပြားသုံးစွဲသူ၏ မိခင်က သူ့အတွေ့အကြုံကို ပြောသည်။

ခန္ဓာကိုယ်ပြောင်းလဲမှုများအပြင် မူးယစ်ဆေးစွဲနေသူများသည် ကျောင်း သို့မဟုတ် အလုပ်ကို ပျက်ကွက်ကာ ပညာရည်အဆင့် နိမ့်ကျလာခြင်း၊ အိမ်အပြင်ပို၍ ထွက်လာခြင်း၊ စိတ်တိုလွယ်၊ ဝမ်းနည်းလွယ်ပြီး မိသားစုအား ရှောင်ဖယ်လာခြင်း၊ အိမ်သာဝင်ရာတွင် ကြာမြင့်ခြင်း၊ သူသွားလာတတ်သောနေရာများ၊ သူပိုင်ပစ္စည်းများနှင့်ပတ်သက်၍ သီးသန့်ဆန်လာခြင်း၊ စိတ်အတက်အကျမြန်လာခြင်းတို့ကို မြင်တွေ့ရကြောင်း သားသမီးများ ပြုစုပျိုးထောင်ခြင်းနည်းလမ်းဖြင့် မူးယစ်ဆေးစွဲရောဂါ ကာကွယ်ရေးစီမံချက်ပါ အချက်အလက်များအရ သိရသည်။

ထို့ပြင် မူးယစ်ဆေးစွဲသူသည် ပိုက်ဆံပိုအသုံးလိုလာသည့်အပြင် အဝတ်အစားနှင့် နှာခေါင်းတို့မှ ထူးဆန်းသော အနံ့အသက်များ ရရှိခြင်း၊ ဖယောင်းတိုင်များ၊ မည်းနက်သော ဇွန်းကောက်များ၊ ငွေရောင်သတ္တုပြားများ၊ အထုပ်ငယ်များ၊ မီးခြစ်များကို နေရာအနှံ့တွင် မြင်တွေ့လာရပါက မူးယစ်ဆေးစွဲသည့်အဆင့်ကို ရောက်ရှိလာပြီဟု မူးယစ်ဆေးစွဲရောဂါ သုတေသနအသင်းက သတ်မှတ်သည်။

## မူးယစ်ဆေးစွဲနေပြီဆိုလျှင်

မည်သူမဆို ချစ်ခင်သော သားသမီး၊ မောင်ဖွားတစ်ဦး မူးယစ်ဆေးဝါးသုံးစွဲနေသည်ကို တွေ့ရှိရပါက ထိတ်လန့်တုန်လှုပ်ခြင်း၊ ဒေါသထွက်ခြင်းနှင့် ကလေးကို အပြစ်ပေးလိုသည့် စိတ်ဆန္ဒများ ပေါ်ပေါက်ကြမည်ဖြစ်သော်လည်း ယင်းတို့ကို ထိန်းချုပ်ကာ မည်သည့်နည်းဖြင့် ဆောင်ရွက်ရမည်ဆိုသည်ကို သိရှိရန် အထူးလိုအပ်ကြောင်း စိတ်ပညာရှင်များက အကြံပြုထားသည်။

"မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် စိတ်ရောဂါတစ်မျိုးဖြစ်တာကြောင့် စိတ်ရောဂါကြောင့် မည်သူ့ကိုမျှ အပြစ်မတင်သင့်ပါ"ဟု စွဲစေတတ်သော ဆေးဝါးများ သုတေသနအဖွဲ့မှ တာဝန်ရှိသူများက လမ်းညွှန်ထားသည်။ မိမိတို့ ပတ်ဝန်းကျင်တွင် မူးယစ်ဆေးသုံးစွဲသူများအတွက် ဆောင်ရွက်သင့်ဆုံးသော အရာများမှာ နားလည်ပေးခြင်းနှင့် ကိုယ်ချင်းစာခြင်း၊ လိုအပ်သည့် အကူအညီများ ပေးအပ်သကဲ့သို့ မူးယစ်ဆေးသုံးစွဲမှု လုံးဝဥဿုံရပ်တန့်စေရန် ရည်ရွယ်ထားသည့် ရပ်တည်ချက်ကိုလည်း ပြတ်သားစွာ ပြောပြရန် လိုအပ်ပါသည်။

မိမိတို့နိုင်ငံတွင် မူးယစ်ဆေးစွဲရောဂါကုဌာနကြီး ၂၆ ခု၊ ဆေးစွဲရောဂါကုဌာနငယ် ၄၇ ခုနှင့် လူငယ်များ ပြုစုပျိုးထောင်ရေးစခန်း နှစ်ခုရှိပြီး ၂၀၁၇ ခုနှစ်အတွင်း မူးယစ်ဆေးစွဲသူ ၇၅၃၆ ဦးကို ကုသပေးနိုင်ခဲ့သည့်အပြင် မူးယစ်ဆေးဝါးသုံးစွဲသူများအား ပြန်လည်ထူထောင်ရေးအတွက် လူငယ်များ ပြုစုပျိုးထောင်ရေးစခန်း သုံးခုနှင့် ပြန်လည်ထူထောင်ရေးစခန်း ကိုးခုဖွင့်လှစ်ထားခဲ့ပြီး သင်တန်းသား ၂၄၃ ဦးကို ပြန်လည်ထူထောင်ပေးနိုင်ခဲ့ကြောင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ သိရသည်။

ကြုံတွေ့လာသည့်အခြေအနေကို ရင်ဆိုင်နိုင်စေရန်အတွက် "မင်းကို အပြစ်မမြင်ပါဘူး၊ မင်းအခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်နေရပြီ၊ ငါတို့တွေရဲ့ အကူအညီအများကြီး လိုအပ်တယ်ဆိုတာ ငါတို့နားလည်တယ်၊ မင်းကို ဆေးကုပေးနိုင်တဲ့နေရာကို တွေ့ထားတယ်၊ ဆေးဖြတ်ဖို့အတွက် မျှော်လင့်ချက်တွေ အများကြီးရှိတယ်၊ ဘာမှ စိတ်ညစ်အားငယ်စရာ မလိုဘူး၊ အဆင်ပြေသွားမယ်"ဆိုသည့် စကားမျိုးဖြင့် နှစ်သိမ့်ပညာပေးစည်းရုံးကာ ဆေးကုသမှု ခံယူရန် တိုက်တွန်းခြင်း၊ ကြပ်မတ်ကုသခြင်းတို့ဖြင့် စွဲလမ်းမှုပြဿနာကို ဖြေရှင်းကျော်လွှားနိုင်မည် ဖြစ်ပါသည်။ ။

ခင်ရတနာ




## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်

၁။ အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်မည်။

၂။ မူးယစ်ဆေးဝါးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများအပြင် ပုဂ္ဂလိကမီဒီယာများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားမည်။

၃။ မူးယစ်ဆေးဝါးသုံးစွဲသူများကို ဆေးကုသပေးရန်၊ ပြန်လည်ထူထောင်ပေးရန်၊ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းနိုင်ရန် ပရဟိတအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်မည်။

၄။ စာသင်ကျောင်းများအနီး၊ လူငယ်များအနီးတွင် မူးယစ်ဆေးကင်းစင်ရန် **တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများ**သည် ကျောင်းသား၊ မိဘ၊ ဆရာများအပြင် လူထုအခြေပြုလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမည်။

၅။ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်မြို့နယ်နှင့် အောက်ခြေအထိ ဖွဲ့စည်းထားသည့် ဒေသဆိုင်ရာ မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေးအဖွဲ့များ၏ ဖွဲ့စည်းဆောင်ရွက်မှု အားသာချက်၊ အားနည်းချက်၊ ထိရောက်မှုနှင့် လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပြီး **ပိုမိုထိရောက်၊ ခိုင်မာသည့် အပြောင်းအလဲများ** ဆောင်ရွက်မည်။

၆။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ဆက်စပ်ပြီး **တိုင်းရင်းသားဒေသများ**တွင် မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေး ဒေသဖွံ့ဖြိုးရေးနှင့် တရားဝင်စီးပွားရေးအခွင့်အလမ်းများ ရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်။

၇။ မူးယစ်ဆေးဝါးထုတ်လုပ်မှု ရောင်းဝယ်ဖောက်ကားမှုများကို လုံခြုံစွာ သတင်းပေးတိုင်ကြားနိုင်မည့် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို နိုင်ငံတော်သမ္မတရုံးတွင် ဖွဲ့စည်းထားရှိပြီးဖြစ်ကာ ဆက်သွယ် တိုင်ကြားနိုင်မည့် ဖုန်းနံပါတ်၊ ဖက်စ်နံပါတ်၊ အီးမေးလ်လိပ်စာများကို အမြန်ဆုံး ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး တိုင်ကြားသူများ၏ လုံခြုံရေး၊ သတင်းအချက်အလက် မပေါက်ကြားရေးအတွက် လုံခြုံမှုအဆင့်အတန်းသတ်မှတ်ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်း ချမှတ်ပေးထားပြီးဖြစ်သည်။

၈။ ဗဟိုအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲကြပ်မတ်မှုအောက်တွင် **"မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအထူးအဖွဲ့"**ကို သီးခြားဖွဲ့စည်းထားရှိပြီးဖြစ်ကာ သတင်းပေးတိုင်ကြားချက်များကို အခြေခံပြီး အထူးအဖွဲ့ကို စေလွှတ်သွားမည် ဖြစ်ပြီး အမိန့်ပေးကွပ်ကဲမှုလမ်းကြောင်း အတိုဆုံးဖြစ်အောင် စနစ်တကျပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်သည်။

၉။ မူးယစ်ဆေးရောင်းဝယ်ဖောက်ကားသူများ၏ တရားမဝင်ပိုင်ဆိုင်မှုများကို သတင်းပေးတိုင်ကြားသူ၊ လက်ရဖမ်းဆီးသူနှင့် နိုင်ငံတော်အစိုးရသင့်တင့်သော အချိုးအစားဖြင့် ခွဲဝေပေးမည်ဖြစ်ကာ **သတင်းပေး တိုင်ကြားသူများ၏ လုံခြုံရေး**အတွက် သတင်းထုတ်ပြန်ခြင်းပြုလုပ်မည်မဟုတ်သလို နိုင်ငံတော်၏ ချီးမြှင့်ငွေဖြစ်သည့်အတွက် အခွန်ကင်းလွတ်ခွင့်ပေးအပ်မည်။



# ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် မြန်မာစာဘာသာရပ် နမူနာမေးခွန်းပုံစံ-၂

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့်စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခု ထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

---- ခုနှစ် | နမူနာမေးခွန်း

တက္ကသိုလ်ဝင်စာမေးပွဲ

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

မြန်မာစာ | ခွင့်ပြုချိန်(၃)နာရီ

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) အောက်ပါတို့အနက် **တစ်ခု** အကြောင်းကိုဖော်ပြပါ။ **(၅မှတ်)**

မင်စာ၊ ဇကွဲ ပြောင်းလဲပုံ၊ ပယတ်။

(ခ) ပေးထားသောစကားလုံးတို့မှ **ငါးခု** ကိုရွေးချယ်၍ ဆီလျော်ရာဝါကျတစ်ခုစီတွင် သုံးပြပါ။ **(၁၀မှတ်)**

မည်သည့်နာမ်စားမျိုး သို့မဟုတ် နာမဝိသေသနမျိုး ဖြစ်ကြောင်းကိုလည်း ဖော်ပြပါ။

အားလုံး၊ နှစ်ကောင်၊ ယင်း၊ အချို့၊ မည်သည့်၊ သူ၊ ထို။

(၁) ----သည် ကြင်နာသနားတတ်သည်။
(၂) ငှက် ---- သည် သစ်ကိုင်းထက်တွင် နားနေကြသည်။
(၃) ကျောင်းသား ---- သည် စာကြိုးစားကြသည်။
(၄) ---- ကား ပညာရှိတို့ အဆိုအမိန့်တည်း။
(၅) မြန်မာနိုင်ငံတွင် ---- အရပ်၌ ပူပြင်းခြောက်သွေ့သည်။
(၆) ---- မုန့်ကို သင်စားလိုသနည်း။
(၇) မဟာမြိုင်တော၌ ကျားရဲပေါသဖြင့် ---- အရပ်သို့သွားလျှင် သတိရှိပါ။

၂။ (က) အောက်ပါဝေါဟာရတို့အနက် **ငါးခု** ၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ **(၅မှတ်)**

ဆိတ်ညံ၊ ကံကျွေး၊ မကျင့်သီး၊ ဇွန်လုံး၊ ရဝေ၊ မှန်ဝိုင်း၊ စရိယ။

(ခ) အောက်ပါစကားလုံးအတွဲများမှ စာလုံးပေါင်းအမှန်ကို ရွေးချယ်ပါ။ **(၅မှတ်)**

ကြိကြိတက်-ကျိကျိတက်၊ ကြင်ရာ-ကြင်ယာ၊ ထွားကျိုင်း-ထွားကြိုင်း၊ ရွေးချယ်-ရွေးခြယ်၊ စကြဝဠာ-စကြာဝဠာ။

(ဂ) အောက်ပါတို့အနက် **ငါးခု** ကို အလင်္ကာငါးမျိုးမှ မည်သည့်အလင်္ကာဖြစ်ကြောင်း **(၁၀မှတ်)**

ဖော်ပြပါ။ သက်ဆိုင်ရာသင်ခန်းစာတွင် မည်သို့ အသုံးပြုထားသည့်အတွက် ဤအလင်္ကာမြောက်ကြောင်းကိုလည်း ရှင်းပြပါ။

ဖွတ်မင်းနောင်၊ မြေနှင့်ရန်ဖက်၊ မင်္ဂမြစ်၊ မုန်းပင်၊ ကိန္နရီကသည့်နှယ်၊ ဝါးခနဲ၊ သွေးချောင်းကျ။

၃။ (က) အောက်ပါတို့မှ **ငါးခု** ကိုဖြေပါ။ **(၅မှတ်)**

(၁) "တောင်ထွတ်ဖျားဆီ၊ ရွှေစာတီ၊ သရီရဓာတ်စွယ်" ၏ ဆိုလိုရင်းကိုရေးပါ။
(၂) နွေဦးကာလမြူထသောခါ ကဗျာကို မည်သည့်ခေတ်တွင် ရေးသနည်း။
(၃) စစ်မှာတစ်မူ ကဗျာအမျိုးအစားကို ဖော်ပြပါ။
(၄) ရာမရကန်ကို မည်သူရေးခဲ့သနည်း။
(၅) သုံးထောင့်အဲဟူသည်အဘယ်နည်း။
(၆) ဌာနီပြည်ကြီးက ဝေးသနှင့်ကဗျာကို မည်သည်မှ ကောက်နုတ်ထားသနည်း။
(၇) အချုပ်တန်းဆရာဖေနှင့်ခေတ်ပြိုင်စာဆိုအမည်ကို ဖော်ပြပါ။

(ခ) ဘုန်းနှင့်ကံနှင့် ရွှေသဇင်ကဗျာမှ သဇင်ပန်း၏ဂုဏ်ကို ပေါ်လွင်အောင်တင်ပြပါ။ **(၁၀မှတ်)**

**(သို့မဟုတ်)**

တပေါင်းညှာကျင်ကဗျာမှ တပေါင်းလ၏သာယာပုံကို စာဆိုက မည်သို့ဖွဲ့ဆိုထားသနည်း။

၄။ (က) အောက်ပါတို့မှ **ငါးခု** ကိုဖြေပါ။ **(၅မှတ်)**

(၁) စီးချင်းတိုက်ပွဲကို မည်သည့်ကျမ်းမှ ထုတ်နုတ်ထားသနည်း။
(၂) ဦးပေါင်းကျားနှင့်မြင်းကျားရှင်ကို မည်သူရေးသနည်း။
(၃) ဆဒ္ဒန်ဆင်မင်းဝတ္ထုသည် မည်သည့်ဟောစာစာရင်းတွင် ပါဝင်သနည်း။
(၄) ပညာသင်ခါမရှက်ရာကို မည်သည့်ခေတ်တွင်ရေးသနည်း။
(၅) ဦးဖိုးကျား၏ ဇာတိကိုဖော်ပြပါ။
(၆) သိပ္ပံမောင်ဝ၏ အမည်ရင်းကိုဖော်ပြပါ။
(၇) ဦးဖေမောင်တင်ကို ရန်ကုန်တက္ကသိုလ်က မည်သည့်ဘွဲ့ချီးမြှင့်ခဲ့သနည်း။

(ခ) သိယ်သူ့သမီးကျောက်စာမှ အလှူရှင်၏ အလှူပြုပုံ၊ အမျှဝေပုံ၊ ဆုတောင်းပုံတို့ကို **(၁၀မှတ်)**

အစီအစဉ်တကျ ရှင်းလင်းတင်ပြပါ။

**(သို့မဟုတ်)**

ပတ္တမြားကျောက်စီဓား စကားပြေမှ သူရဲကောင်းတို့၏ လေးစားထိုက်သော ဂုဏ်ရည်ကို ပေါ်လွင်အောင်စာဆိုက မည်သို့သရုပ်ဖော်ရေးဖွဲ့ထားသနည်း။

၅။ (က) စကားစပ်နှင့်တကွ ရှင်းပြပါ။ **(၅မှတ်)**

"မွန်းတည့်တုန်းနေ၊ အခိုးဝေတဲ့၊ သဲမြေပူမှာ၊ တစ်ရှူမနား၊ ကလျက်ပြေးကာ၊ ဝမ်းပန်းသာတဲ့၊ ကြောင်းလျာများကို၊ မုသားမဖန်၊ ဟုတ်တိုင်းပြန်၊ အမှန်တင်စမ်း။"

(ခ) ရေသည်ပြဇာတ်မှ အောက်ပါ **တစ်ခု** ကိုဖြေဆိုပါ။ **(၁၀မှတ်)**

(၁) ရေသည်ယောကျ်ားနှင့် ရေသည်မိန်းမတွေ့ဆုံခန်း
(၂) ရေသည်မိန်းမ၏ ကံသုံးပါးအမူအရာဖန်တီးပုံ

၆။ (က) အောက်ပါတို့အနက် **တစ်ခု** ကို ပေးထားသောအချက်အလက်များနှင့်အညီ စာစီကုံးပါ။ **(၁၀မှတ်)**

(၁) **မိုးသည်းသောနေ့တစ်နေ့**

နံနက်ခင်းမှစ၍မိုးသားများအုံ့မှိုင်းလာပုံ၊ မိုးသည်းထန်စွာရွာလာပုံ၊ သက်ရှိတို့လှုပ်ရှားမှု၊ သက်မဲ့မြင်ကွင်းများ၊ မိုးသည်းသောမြင်ကွင်းကြောင့်ဖြစ်ပေါ်လာသောအတွေးခံစားချက်။

(၂) **ကျန်းမာခြင်းသည်လာဘ်တစ်ပါး**

ကျန်းမာခြင်း၏အရေးကြီးပုံ၊ ကျန်းမာရေးကိုဂရုစိုက်သင့်ပုံ၊ ကျန်းမာခြင်း၏ကောင်းကျိုးများ၊ မကျန်းမာခြင်း၏ ဆိုးကျိုးများ၊ ကျန်းမာခြင်းနှင့်ပတ်သက်သော သင့်အတွေးအမြင်။

(ခ) အောက်ပါအဆိုများအနက် **တစ်ခု** ကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ **(၁၀မှတ်)**

ဆွေးနွေးပါ။

(၁) ကဗျာသည် စကားပြေထက်ပို၍ စိတ်ဝင်စားစရာကောင်းသည်။။
(၂) စကားများများပြောခြင်းသည် လူမှုဆက်ဆံရေးကို ပိုမိုကောင်းမွန်စေသည်။

# ငဒူ ရုပ်ရှင်ဇာတ်ကား တစ်နိုင်ငံလုံးတွင် ရုံတင်ပြသ



ငဒူ ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

**ရန်ကုန် ဇွန် ၂၉**

အောင်တိုင်းကျော် ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်သည့် "ငဒူ" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ကျင်းပခဲ့ပြီး ယနေ့မှစ၍ မြန်မာတစ်နိုင်ငံလုံးတွင် ရုံတင်ပြသလျက်ရှိသည်။

"ငဒူ"ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်များ ဖြစ်သည့် မြင့်မြတ်၊ မင်းဦး၊ ရွှေမှုန်ရတီ၊ နန်းဆုဦးတို့နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသည်။

ဒါရိုက်တာညွန့်မြန်မာညီညီအောင်က "ငဒူ မြင့်မြတ် ဆိုတဲ့ကောင်လေးက ကျပ်မပြည့်ဘူးဆိုပေမယ့် လူကို ကူညီချင်တဲ့စိတ်ရှိတယ်။ တစ်ရွာလုံးမှာ သူရှိမှဖြစ်မယ့် ပုံစံမျိုး သူကူညီတယ်။ ဒါပေမယ့် သူကူညီလိုက်တိုင်း တလွဲတွေဖြစ်တယ်။ ရယ်စရာလေးတွေပေါ့။ ဒီနေ့ စာနယ်ဇင်း မိတ်ဆက်ပွဲမှာ ကျွန်တော်ကိုယ်တိုင် ကြည့်လိုက်တော့ မျက်ရည်ကျခဲ့ရတယ်။ လူ့ဘဝမှာ ချမ်းသာပြီးတော့ လောကကြီးအတွက် အသုံးမကျရင် အဓိပ္ပာယ်မရှိဘူး၊ ငဒူ ဆိုရင် မချမ်းသာဘူး။ ဒါပေမယ့် လူ့ဘဝမှာ အကျိုးပြုတဲ့သူ တစ်ယောက်ဖြစ်တယ်။ အဲဒါလေးကို မက်ဆေ့ပေးချင်ပါ တယ်၊ အပြင်မှာဖြစ်နေတာကို ရုပ်ရှင်က ဖန်တီးပေးတာပါ။ ထုတ်လုပ်သူတွေက ဒီဇာတ်ကားရဲ့ ဝင်ငွေတစ်စိတ် တစ်ဒေသကို မိဘမဲ့ကျောင်းတွေကို သွားလှူမှာပါ။ ဒီမှာ ရုပ်ရှင်လာကြည့်ကြတဲ့ ပရိသတ်တွေအားလုံး အလှူရှင် တွေပါပဲ၊ အလှူလည်းလုပ်ရင်း ရုပ်ရှင်ကို အားပေးကြပါ" ဟု ပြောသည်။

ဇာတ်လမ်း ခနုတ်ကိုကိုဇော်က "ဒီဇာတ်လမ်းလေး ရေးဖြစ်တာက မိဘမဲ့ကလေးတွေနဲ့ပတ်သက်ပြီး မက်ဆေ့ လေးပေးချင်တာနဲ့ ရေးဖြစ်ခဲ့တယ်၊ ငဒူဆိုတဲ့ ပုံစံလေးကို အပြင်မှာလည်း ကြုံဖူးတာရှိတယ်၊ ကြုံဖူးတာနဲ့ လက်ရှိ စိတ်ကူးနဲ့ ပေါင်းစပ်ပြီး လက်ရှိဖြစ်နေတာနဲ့လျော်ညီအောင် မိဘမဲ့ကလေးတွေအကြောင်း ဖန်တီးဖြစ်ခဲ့တာပါ။ လူတိုင်း မလုပ်နိုင်တဲ့ကိစ္စတစ်ခုကို ဉာဏ်ရည်မမီတဲ့သူက အသက် ပေးပြီးတော့ ကာကွယ်ပေးနိုင်တာကို ဒီဇာတ်ကားမှာ အဓိက ပြသထားပါတယ်၊ ဇာတ်လမ်းလေးကိုကြည့်ရတာ ကျေနပ် အားရမှုလည်းရှိပါတယ်။ ဒီဇာတ်လမ်းလေးက မိဘမဲ့ ကလေးတွေနဲ့ပတ်သက်ပြီး အဓိကပုံဖော်ပေးတဲ့ သရုပ်ဆောင် မြင့်မြတ်နဲ့အတူ ဇာတ်လမ်းဆရာတစ်ယောက်အနေနဲ့ အားလုံးကို ကျေနပ်ပါတယ်"ဟု ပြောသည်။

သရုပ်ဆောင်ရွှေမှုန်ရတီက "ဒီဇာတ်ကားနဲ့ပတ်သက် ပြီး သိပ်ပြီးအထွေအထူး ပြင်ဆင်ရတာမျိုးမရှိပါဘူး။ အဓိကကတော့ ဇာတ်ရုပ်နဲ့ပတ်သက်ပြီး လမ်းကြောင်း မလွဲအောင် သတိထားပြီး သရုပ်ဆောင်ရတာပဲရှိတာပါ။ လုပ်ယူပြီးရယ်ရတဲ့ ဟာသမျိုးမဟုတ်ဘဲ အင်မတန်ချစ်စရာ ကောင်းပြီးရယ်ရတဲ့ ဟာသမျိုးလေး ဖြစ်သွားတာပေါ့။ ပရိသတ်ရဲ့ လက်ခုပ်သံ၊ ပရိသတ်သဘောကျလို့ ရယ်တဲ့ အသံတွေဟာ ရွှေမှုန်တို့အတွက် အားဖြစ်စေပါတယ်။ ပြီးတော့ စိတ်မကောင်းဖြစ်လို့ ပရိသတ်အားလုံး ငြိမ်ကျ သွားတဲ့အချိန်ဟာ ရွှေမှုန်တို့အတွက် အနုပညာအလုပ်တွေ ဆက်လုပ်ဖို့ အားတွေဖြစ်စေပါတယ်။ ပရိသတ်တစ်ယောက် အနေနဲ့ ကိုမြင့်မြတ်သရုပ်ဆောင်သွားတဲ့အပေါ်မှာ အင်မတန်မှ ရင်ထဲကိုထိပါတယ်။ ရင်ထဲနင့်နေအောင် ခံစားရပါတယ်။ ရွှေမှုန် ဒီလိုရုပ်ရှင်ဇာတ်ကားကောင်း တစ်ကားကို တစ်ဖက်တစ်လမ်းကနေ ပါဝင်ကူညီခွင့်ရတဲ့ အတွက် အတိုင်းမသိဝမ်းသာပါတယ်"ဟု ပြောသည်။

"ငဒူ"ရုပ်ရှင်ဇာတ်ကားမှ ဦးဖိုးကင်း(ခေါ်)သရုပ်ဆောင် ကျော်ဇေယျက "ပရိသတ်တစ်ယောက်အနေနဲ့ "ငဒူ"ရုပ်ရှင် ဇာတ်ကားကြည့်တဲ့အခါမှာ ရှေ့ပိုင်းမှာတော့ ပျော်စရာ လေးတွေကိုခံစားရပြီး နောက်ပိုင်းမှာတော့ ရင်ထဲနင့်နေ အောင် ခံစားရပါတယ်။ သူကြိုးကြိုးစားစားနဲ့ တကယ် လေးလေးနက်နက် လုပ်ထားတာပါ။ တချို့စကားလုံး လေးတွေက ဇာတ်ညွှန်းမရေးဘဲနဲ့ ပြောတာလေးတွေက ပရိသတ်ရင်ထဲမှာ ထိသွားတာ တော်တော်ကောင်းပါတယ်။ ပရိသတ်ရင်ထဲကို ထူးခြားတဲ့ ရသတစ်ခု ပေးလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

ဇာတ်ပို့သရုပ်ဆောင်ကျော်ဇင်ထွန်းက "ပရိသတ် ကြည့်တဲ့အခါမှာ စိုးထိတ်စရာတွေဖြစ်ပြီး ရင်ထဲကိုပို့ပေးတာ ရောက်တယ်လို့ကြားရတော့ ဝမ်းသာပါတယ်။ "ငဒူ" ရုပ်ရှင်ဇာတ်ကားထဲက "နှလုံးသားကြီးပြီး ဦးနှောက်သေး တယ်"ဆိုတဲ့ စကားလေးက ကျွန်တော့်ရင်ထဲကို ထိစေပါ တယ်။ ဒီရုပ်ရှင်ဇာတ်ကားမှာ ရယ်ရတဲ့ဟာသအပိုင်းမှာ ဒါရိုက်တာပိုင်းရော၊ ဇာတ်ညွှန်း၊ ဇာတ်လမ်းရော၊ ကိုမြင့်မြတ်သရုပ်ဆောင်တဲ့ အပိုင်းမှာရော အားလုံး ကောင်းကြပါတယ်။ ကောင်းတယ်ဆိုတာက ညစ်ညမ်းတဲ့ ဟာသတစ်ခုမှမပါဘဲ ချစ်စရာ ဟာသလေးဖြစ်သွားတယ်။ ဒီလို အကွက်မျိုးလေးတွေ တီထွင်နိုင်တာ အလွန်ပီတိဖြစ်ပါ တယ်။ ဇာတ်ကားကို လာရောက်ပြီးအားပေးကြပါ။ ကြည့်တဲ့ပရိသတ်တွေလည်း လာကြည့်ရတာ တန်မှာပါ" ဟု ပြောသည်။

ဇာတ်ပို့သရုပ်ဆောင် ဟိန်းမင်းက "ဒီဇာတ်ကားမှာ ကပ္ပိယနေရာကနေ ပါဝင်ရတယ်။ ငဒူအဖြစ်သရုပ်ဆောင် မြင့်မြတ်ကို လမ်းမှန်ရောက်အောင် သူမသိတာကို သိအောင် ကပ္ပိယက ညွှန်ပြပေးရတာပေါ့။ ဒီဇာတ်ကားကို ရိုက်ကတည်းက အားရကျေနပ်ပါတယ်။ ကိုယ့်ကို တာဝန် ပေးတဲ့နေရာမှာ ပိုင်ပိုင်နိုင်နိုင် သရုပ်ဆောင်ခဲ့ပါတယ်" ဟုပြောသည်။

**သတင်း- ဥမ္မာသန့်၊ မီမီဖြိုး၊ ဓာတ်ပုံ-ဇော်မင်းလတ်**

# အန်နာပိုးလစ်မြို့ရှိ သတင်းစာတိုက်တစ်တိုက်၌ ပစ်ခတ်မှုဖြစ်ပွား၊ ငါးဦးသေဆုံး

**အန်နာပိုးလစ် ဇွန် ၂၉**

အမေရိကန်ပြည်ထောင်စု အန်နာပိုးလစ်မြို့ရှိ သတင်းစာတိုက်တစ်တိုက်၏ရုံးခန်းကို လက်နက်ကိုင်ထားသူတစ်ဦးက သေနတ်ဖြင့်ပစ်ခတ်ခဲ့ပြီး မီးခိုးဗုံးများ ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အဆိုပါသတင်းစာတိုက်မှ ဝန်ထမ်းငါးဦးသေဆုံးခဲ့ရကြောင်း၊ ယင်းတိုက်ခိုက်မှုမှာ ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။



**စစ်ဆေးမေးမြန်း**

ကက်ပီတယ်ဂေဇက်အမည်ရှိ သတင်းစာတိုက်ကို ပစ်ခတ်တိုက်ခိုက်ခဲ့သူမှာ မေရီလန်းပြည်နယ်သား အရွယ်ရောက်ပြီးဖြစ်သော လူဖြူအမျိုးသားတစ်ဦးဖြစ်ပြီး ၎င်းကို ရဲတပ်ဖွဲ့က ဖမ်းဆီးထားကာ စစ်ဆေးမေးမြန်းမှုများ ပြုလုပ်နေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းပစ်ခတ်တိုက်ခိုက်မှုကြောင့် လူငါးဦးသေဆုံးပြီး နှစ်ဦးမှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း အန်နီအရမ်းဒဲစီရင်စု ရဲအဖွဲ့ ယာယီအကြီးအကဲ ဘီလ်ကရမ့်က မေရီလန်းပြည်နယ်မြို့တော်၌ သတင်းထောက်များအား ပြောကြားသည်။

သေဆုံးသူများထဲတွင် သတင်းထောက်လေးဦးနှင့် အရောင်းလက်ထောက်တစ်ဦးတို့ပါဝင်ကြောင်း ၎င်းက ပြောကြားသည်။ သတင်းထောက်လေးဦးမှာ ဂျရယ် ဖစ်ရှ်မန်၊ ရော့ဘ်ဟိုင်ယာအဆန်၊ ဂျွန်မက်နာမာရာနှင့် ဝင်ဒီဝင်းတားစ်တို့ဖြစ်ကြပြီး ရောဘက်ကာစမစ်မှာ အရောင်းလက်ထောက်တစ်ဦးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**အငြင်းပွားမှုဖြစ်ပွားနေ**

ဘော်လ်တီမိုးဆန်း ကုမ္ပဏီက ပိုင်ဆိုင်သည့် ကက်ပီတယ်ဂေဇက်သတင်းစာတိုက်အား ပစ်ခတ်သည်ဟု သံသယရှိသူမှာ ဂျာရော့ရာမို့စ်ဆိုသူဖြစ်ပြီး ၎င်းသည် အဆိုပါသတင်းစာတွင် ၂၀၁၁ ခုနှစ်က ဖော်ပြခဲ့သည့် သတင်းတစ်ပုဒ်နှင့်ပတ်သက်၍ ကာလရှည်ကြာ အငြင်းပွားမှု ဖြစ်ပွားနေသူဖြစ်သည်။

**ခြိမ်းခြောက်စာများပေးပို့**

အဆိုပါသတင်းစာတိုက်အား ပစ်ခတ်ခဲ့သူက မည်သည့်အကြောင်းရင်း လှုံ့ဆော်မှုဖြင့် ပြုလုပ်ခဲ့သည်ကို ရဲအဖွဲ့က လတ်တလော မသိရှိရသော်လည်း ၎င်းအနေဖြင့် အင်တာနက် လူမှုကွန်ရက်မှနေ၍ အဆိုပါသတင်းစာတိုက်သို့ ခြိမ်းခြောက်စာများ ပေးပို့ခဲ့သည်ကိုမူ သိရှိကြောင်း ရဲအဖွဲ့အကြီးအကဲက ပြောကြားသည်။

**အေအက်ဖ်ပီ**

# မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ဘာလီကျွန်းရှိလေဆိပ်ကို ပြန်လည်ဖွင့်လှစ်

**ဒန်ပါဆာ ဇွန် ၂၉**

အင်ဒိုနီးရှားနိုင်ငံရှိ အပန်းဖြေစခန်းများတည်ရှိရာ ကျွန်းတစ်ကျွန်းဖြစ်သော ဘာလီကျွန်း၌ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံတကာလေဆိပ်ကို ဇွန် ၂၉ ရက်တွင် ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဘာလီကျွန်းရှိ မောင့်အက်ဂန်မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် မီးတောင်ပြာမှုန်များ ယင်းမီးတောင်၏ အထက်ပေ ၂၃၀၀၀ အထိ ထုတ်လွှတ်မှုရှိကြောင်း လေယာဉ်မှူးတစ်ဦးက သတင်းပေးပို့ခဲ့ရာ နိုင်ငံတကာလေဆိပ်ကို ဇွန် ၂၉ ရက် နံနက် ၃ နာရီမှ ည ၇ နာရီအထိ ပိတ်ထားရန် ကနဦးတွင် အာဏာပိုင်များက ဆုံးဖြတ်ခဲ့သည်။

မိုးလေဝသဌာန၏ ခန့်မှန်းချက်အပေါ် အခြေခံကာ မီးတောင်ပြာမှုန်များ ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် ငွါရာရေ နိုင်ငံတကာလေဆိပ် ဝေဟင်အတွင်းသို့ ဝင်ရောက်လာမည်ဟု သိရှိရကြောင်း၊ လေဆိပ်ကို ည ၇ နာရီအထိ ပိတ်ထားရဖွယ်ရှိကြောင်း လေဆိပ်ပြောရေးဆိုခွင့်ရှိသူ ယာနပ်စ်ဆူပရာယိုဂီက ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

သို့ရာတွင် မီးတောင်ပြာမှုန့် ပျံ့လွင့်မှုဘေးအန္တရာယ် လျော့ပါးသွားခဲ့သဖြင့် ဇွန် ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း၊ လေဆိပ်လုပ်ငန်းများကို မကြာမီပြန်လည်ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ကြေညာချက်သစ် ထပ်မံထုတ်ပြန်ခဲ့သည်။

ဘာလီကျွန်းအရှေ့ပိုင်းရှိ မောင့်အက်ဂန်မီးတောင်ပေါက်ကွဲမှုကြောင့် လေကြောင်းခရီးစဉ် ၂၈၀ ထက်မနည်း ပြန်လည်ဖျက်သိမ်းခဲ့ရသည်။

**အေအက်ဖ်ပီ**






# မက္ကဆီကိုနိုင်ငံ သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၁၃၂ ဦး သေဆုံး

**မက္ကဆီကိုစီးတီး ဇွန် ၂၉**

လာမည့်လရွေးကောက်ပွဲအတွက် စက်တင်ဘာလက အစပြုခဲ့သော မဲဆွယ်စည်းရုံးရေးကာလတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၁၃၂ ဦး သေဆုံးခဲ့ကြောင်း စစ်တမ်းတစ်ရပ်အရ သိရသည်။

ဇူလိုင် ၁ ရက်တွင် မက္ကဆီကန်များက ၎င်းတို့၏ သမ္မတအသစ်အပါအဝင် လွှတ်တော်အမတ်များနှင့် အစိုးရအဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ရန် မဲရုံများသို့ သွားရောက်မဲပေးမည်ဖြစ်သည်။

သေဆုံးသူများအနက် အမတ်လောင်း ၄၈ ဦးနှင့် အတိုက်အခံပါတီများမှ ပါတီအဖွဲ့ဝင် ၉၀ တို့ပါဝင်ခဲ့ကြောင်း မက္ကဆီကန်အတိုင်ပင်ခံလုပ်ငန်းတစ်ခုက အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ခဲ့သည်။

မဲဆွယ်စည်းရုံးရေးကာလအတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခ ၅၄၈ ခုတွင် နိုင်ငံရေးသမားများကို ခြိမ်းခြောက်ခဲ့ခြင်း (သို့မဟုတ်) ထိခိုက်နာကျင်စေရန် ညှဉ်းပန်းနှိပ်စက်မှုများ လုပ်ဆောင်ခဲ့သည်ဟု အဆိုပါအစီရင်ခံစာတွင် ပါရှိသည်။ ပဋိပက္ခ ၅၄၈ ခုတွင် ပြည်ထောင်စုအဆင့်တွင် ခုနစ်ရာခိုင်နှုန်း၊ ပြည်နယ်အဆင့်တွင် ၂၂ ရာခိုင်နှုန်းနှင့် ဒေသအဆင့်တွင် ၇၁ ရာခိုင်နှုန်း ဖြစ်ပွားခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

နိုင်ငံအတွင်း မူးယစ်ဆေးဝါးဂိုဏ်းအဖွဲ့များ ဈေးကွက်ယှဉ်ပြိုင်ခြင်းများကြောင့် သေနတ်ပစ်ခတ်မှုများ မကြာခဏဖြစ်ပွားခဲ့သည်။ လွန်ခဲ့သောနှစ်က လူသတ်မှု ၂၅၀၀၀ ကျော်ခန့်ရှိခဲ့ကြောင်း မှတ်တမ်းတစ်ရပ်အရ သိရသည်။

မက္ကဆီကိုနိုင်ငံသမိုင်းတစ်လျှောက်တွင် ယခုရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလအတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများသည် အပြင်းထန်ဆုံးနှင့် အရေအတွက်အများဆုံးဖြစ်သည်ဟု နိုင်ငံရေးကျွမ်းကျင်ပညာရှင်တစ်ဦးက ဆိုသည်။

ဒေသန္တရအစိုးရအဖွဲ့များက အမြတ်ငွေအများအပြားရရှိသော စီမံကိန်းများကို ကြိုးကိုင်ခြယ်လှယ်ကြပြီး မူးယစ်ရာဇာများကလည်း အစိုးရအဖွဲ့ဝင်များကို ထိန်းချုပ်ရန် ကြိုးပမ်းလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# စွမ်းအင်လုံခြုံမှုရှိစေရေးအတွက် အီရန်ထံမှရေနံကို ဆက်လက်တင်သွင်းမှုပြုမည်ဟု အိန္ဒိယဆို

**နယူးဒေလီ ဇွန် ၂၉**

အိန္ဒိယနိုင်ငံသည် စွမ်းအင်လုံခြုံမှုရှိစေရေးဆောင်ရွက်သွားရာတွင် အီရန်နိုင်ငံထံမှ ရေနံကို ဆက်လက်တင်သွင်းမှု ပြုလုပ်သွားရမည်ဖြစ်ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရာဗီးကူးမားက ပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စုက စီးပွားရေးပိတ်ဆို့မှုများပြုလုပ်လျက်ရှိသဖြင့် အီရန်နိုင်ငံမှ ရေနံကို အိန္ဒိယတင်သွင်းမှုမပြုသင့်ဟု ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလီ၏ ပြောကြားချက်ကိုတုံ့ပြန်လျက် ကူးမားက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

အီရန်နိုင်ငံသည် ကမ္ဘာ့နိုင်ငံများကို ခြိမ်းခြောက်နေသည်ဟု မြို့တော်နယူးဒေလီအခြေစိုက်လေ့လာသူ သုတေသနဖောင်ဒေးရှင်းမှ ဇွန် ၂၈ ရက် ဆွေးနွေးပွဲတွင် သံအမတ်ကြီး ဟာလီက ပြောကြားခဲ့သည်။

အီရန်နိုင်ငံနှင့် ဆက်ဆံရေးထားရှိမှုကို ပြန်လည်စဉ်းစားသုံးသပ်ကြရန် ကမ္ဘာ့နိုင်ငံများအား မိမိတို့က တိုက်တွန်းသွားမည်ဖြစ်ကြောင်း သံအမတ်ကြီးဟာလီက ပြောကြားသည်။ အိန္ဒိယနိုင်ငံသည် အီရန်နိုင်ငံမှ ရေနံတင်သွင်းသော အဓိကနိုင်ငံများတွင် ပါဝင်သည်။ ကုလသမဂ္ဂ၏စီးပွားရေးပိတ်ဆို့မှုများကို လိုက်နာပါမည်ဟု အိန္ဒိယအစိုးရက ပြောကြားခဲ့သော်လည်း နိုင်ငံတစ်နိုင်ငံက ယင်း၏အစီအစဉ်အရ စီးပွားရေးပိတ်ဆို့မှုတွင်မူ မိမိတို့နိုင်ငံပါဝင်မည်မဟုတ်ဟုဆိုသည်။

**ဆင်ဟွာ**

## ကမ္ဘာ့ဖလားအားကစားသတင်းများ

# အင်္ဂလန်အသင်းရဲ့ ကမ္ဘာ့ဖလားသမိုင်းမှာ လေးဦးမြောက်အငယ်ဆုံးကစားသမား အာနိုးဖြစ်လာ

အလက်ဇန္ဒားအာနိုးဟာ ဇွန် ၂၈ ရက် ညပိုင်းက ယှဉ်ပြိုင်ခဲ့တဲ့ အင်္ဂလန်အသင်းနဲ့ ဘယ်လ်ဂျီယံအသင်းတို့ရဲ့ပွဲစဉ်မှာ ပါဝင်ကစားခွင့် စတင်ရရှိခဲ့တာဖြစ်ပြီး အင်္ဂလန်အသင်းရဲ့ ကမ္ဘာ့ဖလားသမိုင်းမှာတော့ အာနိုးဟာ လေးဦးမြောက်အငယ်ဆုံးကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။ အလက်ဇန္ဒားအာနိုးဟာ အသက် ၁၉ နှစ်အရွယ်သာရှိသေးပြီး စတာလင်၊ လုခ်ရှောနဲ့ မိုက်ကယ်အိုဝင်တို့သည်လည်း ကမ္ဘာ့ဖလားမှာ အင်္ဂလန်အသင်းနဲ့အတူ ဆယ်ကျော်သက်အရွယ်နဲ့ ပါဝင်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

စတာလင်ဟာ ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားမှာ အသက် ၁၉ နှစ်အရွယ်နဲ့ ပါဝင်ခွင့်ရရှိခဲ့တာဖြစ်ပြီး အင်္ဂလန်အသင်းကစားခဲ့တဲ့ အီတလီအသင်း၊ ဥရုဂွေးအသင်းတို့နဲ့ ပွဲစဉ်တွေမှာ ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

လုခ်ရှောကလည်း ဘရာဇီးကမ္ဘာ့ဖလားမှာ ကစားခဲ့တဲ့ အင်္ဂလန်အသင်းနဲ့ ကော်စတာရီကာအသင်းတို့ရဲ့ ပွဲစဉ်မှာ ပါဝင်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး အဲဒီအချိန်မှာ အသက် ၁၈ နှစ်သာရှိပါသေးတယ်။



မိုက်ကယ်အိုဝင်ကတော့ ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားမှာ အသက် ၁၉ နှစ်အရွယ်နဲ့ အင်္ဂလန်အသင်းနဲ့အတူ ပါဝင်ခွင့်ရရှိခဲ့တာဖြစ်ပြီး အုပ်စုအဆင့်ပထမနှစ်ပွဲမှာ ပါဝင်ခွင့်မရခဲ့ပေမယ့် ကိုလံဘီယာကို နှစ်ဂိုးပြတ်နဲ့ နိုင်ခဲ့တဲ့ပွဲစဉ်မှာတော့ နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ စတင်ပွဲထွက်ကစားခွင့် ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# ဂရစ်ဇ်မန်းနဲ့ မက်ဆီရဲ့ အားပြိုင်မှုကိုမြင်တွေ့ခွင့်ရဦးမယ့် ပြင်သစ်နဲ့ အာဂျင်တီးနား ထိပ်တိုက်တွေ့ဆုံမှု

**ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပနေတဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုအဆင့် ပွဲစဉ်တွေဟာ ပြီးဆုံးလို့သွားခဲ့ပါပြီ။ ဒီနေ့ကစလို့ ၁၆ သင်းအဆင့်ပွဲစဉ်တွေ စတင်ကစားတော့မှာဖြစ်ပြီး ၁၆ သင်းအဆင့်ရဲ့ပွဲဦးထွက်အဖြစ် ပြင်သစ်အသင်းနဲ့ အာဂျင်တီးနားအသင်း၊ ဥရုဂွေးအသင်းနဲ့ ပေါ်တူဂီအသင်းတို့ရဲ့ ပွဲစဉ်တွေပါဝင်နေတာမို့ ဂရစ်ဇ်မန်းနဲ့ မက်ဆီရဲ့ အားပြိုင်မှု၊ ဆွာရတ်ဇ်နဲ့ စီရိုနယ်လ်ဒိုတို့ရဲ့ အားပြိုင်မှုတွေကိုလည်း တစ်ဆက်တည်းမြင်တွေ့ ခွင့်ရကြဦးမှာဖြစ်ပါတယ်။**

**ပြင်သစ်-အာဂျင်တီးနား** **ည ၈း၃၀ နာရီ၊ ၃၀-၆-၂၀၁၈**

ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ အစဉ်အလာကြီးမားတဲ့အသင်းနှစ်သင်းလည်းဖြစ်ပါတယ်။ ပြင်သစ်အသင်းနဲ့ အာဂျင်တီးနားအသင်းတို့ဟာ ထိပ်တိုက်တွေ့ဆုံမှုစုစုပေါင်း ၁၁ ကြိမ်ရှိထားခဲ့တာဖြစ်ပြီး အဲဒီ ၁၁ ကြိမ်မှာ ပြင်သစ်အသင်းက နှစ်ကြိမ်ပဲနိုင်ပွဲရရှိခဲ့ပါတယ်။ ခြောက်ပွဲအထိ ရှုံးပွဲကြုံခဲ့ပြီး သုံးပွဲကသရေရလဒ်သာထွက်ပေါ်ခဲ့ပါတယ်။ ဒါကြောင့် သမိုင်းကြောင်းအရ ထိပ်တိုက်တွေ့ဆုံမှုမှာ အာဂျင်တီးနားအသင်းက ၁၁ ကြိမ်မှာ ခြောက်ကြိမ်အထိအနိုင်ရရှိထားတာကိုလည်း တွေ့ရမှာပါ။ ပြင်သစ်အသင်းမှာ ဂျရူး၊ ဒမ်ဘီလီ၊ ဂရစ်ဇ်မန်း၊ အန်ဇွန်ဇီ၊ ကန်တီ၊ ဗာရာနီ၊ အမ်တီတီ၊ မက်ပီ၊ ပေါ့ဘာ၊ မက်တူဒီ၊ ဖီကာတို့လို ကစားသမားကောင်းတွေရှိနေတဲ့ အပြင် အာဂျင်တီးနားအသင်းကလည်း မက်ဆီ၊ ဟီဂူအင်၊ ဒီမာရီယာ၊ မာရှေယာနို၊ အဂူရို၊ ဒိုင်ဘာလာ၊ အော့တမန်ဒီ၊ ရိုဂျိုတို့လို ကစားသမားတွေရှိနေပါတယ်။ အဲဒီလို နှစ်သင်းစလုံးဟာ ကစားသမားအင်အားတောင့်တင်းတဲ့အသင်းတွေဖြစ်ပါတယ်။ ပြင်သစ်အသင်းရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာဆိုရင်လည်း သုံးပွဲနိုင်ပွဲရထားပြီး နှစ်ပွဲသရေရလဒ်ထွက်ပေါ်ထားပါတယ်။ အာဂျင်တီးနားအသင်းကတော့ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ နှစ်ပွဲရှုံးထားပါတယ်။ ဒါကြောင့် လတ်တလောမှာ အာဂျင်တီးနားရဲ့ခြေစွမ်းက အားရစရာမရှိသလို ပြင်သစ်အသင်းရဲ့ခြေစွမ်းကလည်း တည်ငြိမ်မှုမရှိသေးပါဘူး။ အခုကမ္ဘာ့ဖလားအုပ်စုအဆင့်မှာလည်း ပြင်သစ်အသင်းရော၊ အာဂျင်တီးနားအသင်းကပါ လိမ်ဖယ်လိမ်ဖယ်နဲ့ တက်လာခဲ့တာဖြစ်လို့ အခုဒီနှစ်သင်းထိပ်တိုက်တွေ့နေတဲ့ပွဲစဉ်က အတွေ့အကြုံနဲ့ တစ်ဦးချင်းခြေစွမ်းအပေါ်မှာ မူတည်ပြီး ရလဒ်ပိုင်းက အပြောင်းအလဲဖြစ်သွားမှာပါ။ အာဂျင်တီးနားအသင်းက အုပ်စုအဆင့်မှာ ရုန်းကန်ရတတ်ပြီး နောက်အဆင့်တွေမှာ တည်ငြိမ်တဲ့ခြေစွမ်းကို ပိုင်ဆိုင်လေ့ရှိတာကြောင့် အာဂျင်တီးအသင်းဘက်မှာ အနိုင်ရလဒ်အလေးသာသွားဖို့ရှိနေပါတယ်။

**ဥရုဂွေး-ပေါ်တူဂီ** **နံနက် ၀၀း၃၀ နာရီ၊ ၁-၇-၂၀၁၈**

ဥရုဂွေးအသင်းနဲ့ ပေါ်တူဂီအသင်းတို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှုဆိုတာထက် ဆွာရတ်ဇ်နဲ့ စီရိုနယ်လ်ဒိုတို့ရဲ့ အားပြိုင်မှုဆိုလည်းမှားမယ်မဟုတ်ပါဘူး။ ဒါပေမယ့် ဥရုဂွေးကတော့ အုပ်စုအဆင့်မှာ သုံးပွဲစလုံးအနိုင်ရရှိပြီး ရမှတ်ကိုးမှတ်နဲ့ ၁၆ သင်းအဆင့်တက်လာတဲ့အသင်းဖြစ်ပြီး ပေါ်တူဂီအသင်းကတော့ သရေနှစ်ပွဲနဲ့ တစ်ပွဲနိုင်ပြီး ရမှတ်ငါးမှတ်နဲ့ နောက်တစ်ဆင့်တက်လာခဲ့တဲ့အသင်းလည်းဖြစ်ပါတယ်။ အဲဒီမှာထူးခြားမှုတစ်ခုက ဆွာရတ်ဇ်က ဥရုဂွေးအသင်းအတွက် အခုကမ္ဘာ့ဖလားမှာ နှစ်ဂိုးသွင်းယူပေးထားနိုင်ခဲ့တာဖြစ်ပြီး စီရိုနယ်လ်ဒိုကတော့ ပေါ်တူဂီအသင်းအတွက် လေးဂိုးအထိသွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ အသင်းလိုက်စုဖွဲ့မှုမှာလည်း သိသိသာသာကွာဟမှုမရှိပါဘူး။ ဥရုဂွေးအသင်းမှာ ဆွာရတ်ဇ်၊ ကာဗာနီ၊ ဒီယေဂိုဂိုဒင်တို့လို ကစားသမားကောင်းတွေရှိနေသလို ပေါ်တူဂီအသင်းမှာလည်း စီရိုနယ်လ်ဒို၊ အန်ဒရီဆေးလ်ဗား၊ ကာဗယ်ဟို၊ ကွာရက်စမာ၊ ပီပီ တို့လိုကစားသမားတွေရှိနေပါတယ်။ ဒါပေမယ့် ဒီနှစ်သင်းရဲ့ထိပ်တိုက်တွေ့ဆုံမှုကိုကြည့်မယ်ဆိုရင်တော့ နှစ်ကြိမ်တွေ့ထားရာမှာ ဥရုဂွေးက တစ်ပွဲနိုင်ပြီး တစ်ပွဲသရေရလဒ်ထွက်ပေါ်အောင်ကစားထားနိုင်ခဲ့တာပါ။ ဥရုဂွေးရဲ့ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာဆိုရင်လည်း သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပြီး ပေါ်တူဂီကတော့ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီနှစ်သင်းရဲ့ထိပ်တိုက်တွေ့ဆုံမှုက ပရိသတ်ကို စိတ်ဝင်စားမှုအပြည့်ပေးမှာဖြစ်ပြီး ဂိုးသွင်းသေချာတဲ့ စီရိုနယ်လ်ဒိုရဲ့ ပေါ်တူဂီက ပွတ်ကာသီကာအနိုင်ရဖို့လည်းရှိနေပါတယ်။

## ကမ္ဘာ့ဖလားပွဲစဉ်များ

| | | | | |
|---|---|---|---|---|
| ပြင်သစ် | Vs | အာဂျင်တီးနား | ဇွန် ၃၀ ရက် ည ၈း၃၀ |
| ဥရုဂွေး | Vs | ပေါ်တူဂီ | ဇူလိုင် ၁ ရက် နံနက် ၀၀း၃၀ |

## ကမ္ဘာ့ဖလားပွဲပြီးရလဒ်များ

| | | | | |
|---|---|---|---|---|
| အင်္ဂလန် | ၀ | - | ၁ | ဘယ်လ်ဂျီယံ |
| ပနားမား | ၁ | - | ၂ | တူနီးရှား |

# ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံရွှေခါးပတ်ကို ကတိအတိုင်း ကာကွယ်နိုင်ခဲ့သည့် အောင်လ

**ရန်ကုန် ဇွန် ၂၉**

မြန်မာနိုင်ငံမှ မြန်မာစပါးအုံးမြွေဟု နာမည်ကြီးသော ONE မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်(မြန်မာ)နှင့် ဂျပန်နိုင်ငံမှ နာမည်ကြီးတိုက်ခိုက်ရေးသမား ခန်ဟာဆီဂါဝါ(ဂျပန်)တို့ MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံရွှေခါးပတ်လုပွဲကြီးကို ယနေ့ ညပိုင်းတွင် ယှဉ်ပြိုင်ထိုးသတ်ရာ ပရိသတ်ကို ပေးထားသည့်ကတိအတိုင်း အောင်လအန်ဆန်က ပြိုင်ဘက် ခန်ဟာဆီဂါဝါအား ငါးချီမြောက် သုံးမိနစ်နှင့် ၁၇ စက္ကန့်တွင် အလဲထိုးအနိုင်ရရှိခဲ့သည်။



ဝမ်းချန်ပီယံရှစ်အတွေ့အကြုံမရှိသေးသော်လည်း ဂျူဂျစ်ဆုနှင့် ဂျူဒိုပညာကို ကျွမ်းကျင်သည့် စိန်ခေါ်သူ ခန်ဟာဆီဂါဝါနှင့် ရွှေခါးပတ်ချန်ပီယံ ကာကွယ်လိုသူ အောင်လတို့ ပထမအချီတွေ့ဆုံစဉ် အောင်လက ခြေကန်ချက်များဖြင့် တိုက်စစ်စဖွင့်သလို ခန်ဟာဆီဂါဝါကလည်း အောင်လဟာကွက်ကိုစောင့်ကာ တိုက်ကွက်ဆင်သည်။ ဒုတိယအချီမှာ အောင်လ ပွဲသိမ်းရန် ကြိုးပမ်းသော်လည်း ပွဲသိမ်းရန် အခွင့်မသာခဲ့ပေ။ တတိယအချီနှင့် စတုတ္ထအချီတွင် နှစ်ဦးစလုံး သက်လုံကျလာခဲ့ပြီး နောက်ဆုံးငါးချီမြောက်တွင် အောင်လ၏ ဘယ်ညာလက်သီးတွဲလုံးများဖြင့် ထိုးသတ်ကာ ပွဲသိမ်းအနိုင်ယူနိုင်ခဲ့သဖြင့် မစ်ဒယ်ဝိတ်တန်း ချန်ပီယံဆုကို ဆက်လက်ကာကွယ်နိုင်ခဲ့သည်။

ထို့ပြင် နိုင်ငံတကာပွဲစဉ်များဖြစ်သည့် ဖယ်သာဝိတ်တန်း ရဖာလီ(ဘရာဇီး)နှင့် ရာမာဒါ(ဂျပန်)ပွဲစဉ်တွင် ရာမာဒါ၏ တံတောင်ရိုက်ချက်ဖြင့် ရဖာလီ နဖူးကွဲခဲ့ပြီး ဒုတိယအချီတွင် ရာမာဒါက အလဲထိုးဖြင့် လည်းကောင်း၊ ဆာကီတာရို (ထိုင်း)နှင့် မာဂျာဝမ်(တရုတ်)တို့ ပွဲစဉ်တွင် အပြန်အလှန် ထိုးချက်များဖြင့် ပွဲချိုပြည့်ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ဆာကီတာရိုက အမှတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဘန်တမ်ဝိတ်တန်း ပွဲစဉ်ဖြစ်သည့် လီအန်ရိုအစ်ဆာ(ဘရာဇီး)နှင့် ရိုမန်(ဂူအမ်)တို့တွဲဆိုင်း ပထမအချီတွင် လီအန်ရိုအစ်ဆာက ဂျူဂျစ်ဆုချုပ်ကွက်ဖြင့် လည်းကောင်း၊ ဂျဆော (အာဖဂန်နစ္စတန်)နှင့် ချန်းလီ (တရုတ်)တို့ ပွဲစဉ်တွင် နှစ်ဦးစလုံးအပြန်အလှန် ချုပ်ကွက်များခဲ့သော်လည်း ချန်းလီက ချုပ်ကွက်၊ ထိုးချက်များဖြင့် တတိယအချီတွင် အလဲထိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ပြီး ဘန်တမ်ဝိတ်တန်း(မွေထိုင်း) ပွဲစဉ်တွင်လည်း ပက်ပါရာသီ(ထိုင်း)နှင့် ဇာတုန်း(ပြင်သစ်)တို့ ပွဲချိုပြည့် ယှဉ်ပြိုင်ထိုးသတ်ကြသော်လည်း ပက်ပါရာသီက အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ကတ်ချ်ဝိတ်တန်းပွဲစဉ်ဖြစ်သည့် ဆာမီဆာနာ(ပြင်သစ်)နှင့် အဆာမီ(ထိုင်း)တို့ တွဲဆိုင်း အကြိတ်အနယ် ပွဲချိုပြည့်ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး အဆာမီ(ထိုင်း)က အမှတ်ဖြင့်လည်းကောင်း၊ စထရောဝိတ်တန်းပွဲစဉ်ဖြစ်သည့် မီဒို(ဖိလစ်ပိုင်)နှင့် ကွန်ဆရီချိုင်း (ထိုင်း)ပွဲစဉ်တွင် ကွန်ဆရီချိုင်းက အသာစီးထိုးသတ်ခဲ့ပြီး အပြန်အလှန်ချုပ်ကွက်များဖြင့် ပွဲချိုပြည့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း ကွန်ဆရီချိုင်းက အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

လိုက်ဝိတ်တန်း(မွေထိုင်း)ပွဲစဉ်ဖြစ်သည့် ကွန်ပတန်(ဩစတြေးလျ)နှင့် ဆမ်ပါ(အမေရိကန်)တို့ပွဲစဉ်တွင် ပွဲချိုပြည့် ယှဉ်ပြိုင်ထိုးသတ်ကြသော်လည်း ကွန်ပတန်က အမှတ်ဖြင့်လည်းကောင်း၊ ပြည်တွင်းဖလိုင်းဝိတ်တန်းပွဲစဉ်ဖြစ်သည့် စောဒါဝိတ်(မြန်မာ)နှင့် မိုက်ရိုင်း(မြန်မာ)ပွဲစဉ်တွင် ပွဲအစမှာပင် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး မိုက်ရိုင်းက စောဒါဝိတ်အား ပထမအချီတွင် အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲသည် One Championship ၏ Spirit of a Warrior ပြိုင်ပွဲအဖြစ် ယနေ့ ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ရှိ သုဝဏ္ဏမိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ ပြည်တွင်းတွဲဆိုင်းတစ်ဆိုင်း အပါအဝင် ဩစတြေးလျ၊ ပြင်သစ်၊ ဘရာဇီး၊ ဂျပန်၊ ဂူအမ်၊ တရုတ်၊ ထိုင်း၊ ဖိလစ်ပိုင်၊ အာဖဂန်နစ္စတန်၊ အမေရိကန် အစရှိသည့် နိုင်ငံများမှ လက်ဝှေ့သမားများ ပါဝင်ကာ စုစုပေါင်း တွဲဆိုင်း ၁၀ ဆိုင်း ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

**သတင်း-အောင်ကျော်ဦး၊ အေးမင်းသူ**
**ဓာတ်ပုံ-ဟိန်းထက်လင်း**

# ရေပူစစ်ဆေးရေးအဖွဲ့က တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၉**
ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ဇွန် ၂၈ ရက်က ALPHARD ယာဉ်နှစ်စီး၊ VAN ယာဉ်တစ်စီး၊ HIACE ယာဉ်တစ်စီးနှင့် ခရီးသည်တင်ယာဉ် တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Facial Mask ခြောက်ဖာ၊ ရေချိန်တိုင်းကိရိယာ အခု ၂၀၊ Tripod အခု ၄၀၊ လက်သည်းညှပ် ၃၅၀၊ Heat Shrink Packing Machine တစ်ခု၊ ဖိနပ် အရန် ၁၂၀ နှင့် အဝတ်အထည် ၂၂၈၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၃၄၀ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းရမိသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန် ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၅၄ စီး၊ သွင်းကုန် ၉၄၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၆ စီး၊ သွင်းကုန် ၁၉၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၆၄၀ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၁၉၆ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၂မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၈၃၆ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# တရုတ်နိုင်ငံအတွင်း ဖမ်းဆီးခံရ၍ ပြန်လည်လွှတ်မြောက်လာသော မြန်မာနိုင်ငံသားများအား လွှဲပြောင်းအပ်နှံ

**မူဆယ် ဇွန် ၂၉**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံဖြတ်ကျော်ဂိတ် (ရွှေနန်းတော်ဂိတ်)၌ ဇွန် ၂၈ ရက်က တရုတ်နိုင်ငံအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးခံရသော မြန်မာနိုင်ငံသားများကို ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

ဖမ်းဆီးခံရသော မြန်မာနိုင်ငံသားများသည် မြန်မာနိုင်ငံ နေရပ်ဒေသ အသီးသီးမှဖြစ်ပြီး တရုတ်နိုင်ငံ ကျယ်ဂေါင်၊ ရွှေလီနှင့် မန်စီ အစရှိသော မြို့များသို့ ပတ်စ်ပို့စာအုပ်အနီရောင် ခုနစ်ရက်ကတ်များဖြင့် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ဂိတ်များဖြစ်သော မူဆယ်မြို့ ရွှေနန်းတော်ဂိတ်၊ ဆင်ဖြူဂိတ်၊ မန်ဝိန်းဂိတ်နှင့် အခြားတရားမဝင်သောနည်းလမ်းများဖြင့် တရုတ်နိုင်ငံအတွင်းသို့ ဝင်ရောက်အလုပ်လုပ်ကိုင်နေခြင်းဖြစ်သည်။

ပြန်လည်လွတ်မြောက်လာသော ကချင်ပြည်နယ် မိုးမောက်မြို့နေ ကချင်တိုင်းရင်းသား ကိုဂမ်းဆိုင်အောင်က "ကျွန်တော်က ကချင်ပြည်နယ် ကန်ပိုက်တီမြို့ နှစ်နိုင်ငံဖြတ်ကျော်ဂိတ်ကနေ ပတ်စ်ပို့စာအုပ်အနီနဲ့ဝင်ပြီး မန်စီက ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ နေ့စား ပန်းရန်သွားလုပ်တယ်။ လုပ်အားခ တစ်ရက်ကို တရုတ်ယွမ်ငွေ ၈၀ (မြန်မာငွေကျပ် ၁၆၀၀၀)ရတယ်။ အလုပ်လုပ်ပြီး လဝက်ကျော် ၁၇ ရက်လောက်ပဲရှိသေးတယ်။ မန်စီက တရုတ်ရဲတပ်ဖွဲ့က လာဖမ်းတယ်။ သူဌေး(အလုပ်ရှင်)ကလည်း အာမခံမပေးဘူး။ မရွေးပေးဘူး။ ဒါနဲ့ ကျွန်တော်တို့ကို ဖမ်းချုပ်ထားတယ်။ ပြီးတော့ ကျွန်တော်တို့ရဲ့ လုပ်အားခလည်းမရသေးတော့ ပြန်ရချင်တယ်"ဟု ပြောကြားသည်။

ဇွန် ၂၈ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံရသော မြန်မာနိုင်ငံသား အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၂၂၄ ဦးရှိပြီး ယခုရက်သတ္တပတ်၌ စုစုပေါင်း ၃၂၀ ရှိခဲ့သည်။ ၎င်းတို့ကို တရုတ်နိုင်ငံ ရွှေလီမြို့ ပြည်ပရေးရာဌာနမှ ဌာနခွဲမှူး မစ္စတာ ရန်တာထောင်နှင့်အဖွဲ့က လာရောက်လွှဲပြောင်းအပ်နှံရာ မူဆယ်မြို့ လူဝင်မှုကြီးကြပ်ရေးဌာန ရွှေနန်းတော်ဂိတ်ဌာနခွဲမှ ဦးစီးအရာရှိ ဦးရဲအောင်နှင့်အဖွဲ့က စိစစ်လက်ခံခဲ့သည်။



ဖမ်းဆီးခံရသူများအနေဖြင့် အချုပ်ခန်းသို့ရောက်လျှင် ဆီးစစ်မှုခံယူရပြီး မူးယစ်ဆေးဝါးသုံးစွဲထားကြောင်း အဖြေပေါ်လျှင် တရုတ်နိုင်ငံရှိ အကျဉ်းထောင်သို့ပို့ကာ အလုပ်ကြမ်းခိုင်းစေခဲ့ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲထားခြင်း မရှိလျှင် ယင်းအချုပ်ခန်း၌ပင် ချုပ်နှောင်ထားပြီး ပြန်လည်လွှတ်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ်တွင် ဆိုင်ကယ်ခိုးသူများအား ဖမ်းဆီးရာမှ ဆိုင်ကယ်ကိုးစီးခိုးမှု ထပ်မံပေါ်ပေါက်

**နေပြည်တော် ဇွန် ၂၉**
နေပြည်တော် လယ်ဝေးမြို့နယ်တွင် ဆိုင်ကယ်ကိုးစီး ခိုးယူမှုကို ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၅ ရက် ညနေ ၄ နာရီက လယ်ဝေးမြို့ အမှတ်(၃)ရပ်ကွက်အတွင်း လူငယ်တစ်ဦးက ဆိုင်ကယ်တစ်စီးကို လိုက်လံရောင်းချနေကြောင်း သတင်းအရ လယ်ဝေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ အမှတ် ၃ ရပ်ကွက် နယ်မြေ ၃ ချယ်ရီလမ်းပေါ်၌ သန်းထိုက်အောင်(ခ) မီးပွားသည် သော့မပါ၊ ထိုင်ခုံသော့ဖျက်ထားသည့် SNAYAN Dream-110 အနက်ရောင်ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိ၍မေးမြန်းရာ ၎င်းပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်း မရှိသဖြင့် ခိုးယူလာသည်ဟု မသင်္ကာ၍ လယ်ဝေးမြို့မရဲစခန်းက အမှုဖွင့် ထားပြီး ဆက်လက်စစ်ဆေးရာ ခိုးမှုကျူးလွန်သူ သန်းထိုက်အောင်(ခ)မီးပွားက ၎င်းနှင့်အတူ တစ်ရွာတည်းနေ အောင်ဆန်း(ခ)ဝေဠုကျော်နှင့် အိုးလေး(ခ) နေလင်းကျော်တို့ သုံးဦးပါဝင်ပြီး လွန်ခဲ့သော တစ်လခန့်က လယ်ဝေးမြို့နယ်အတွင်း ဝန်ထမ်းအိမ်ခန်းများမှ ဆိုင်ကယ်ကိုးစီးခိုးယူမှုများအား ဖော်ထုတ်နိုင်ခဲ့ပြီး ၎င်းတို့ ခိုးယူပြီး ရောင်းချထားသည့်နေရာများမှ ပြန်လည်သိမ်းဆည်းပြီး သန်းထိုက်အောင်(ခ)မီးပွား၊ အောင်ဆန်း(ခ)ဝေဠုကျော်၊ အိုးလေး(ခ) နေလင်းကျော်တို့ သုံးဦးအား အမှုဖွင့်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကာ ကျန်အမှုများကိုလည်း ဆက်လက်ဖော်ထုတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

# ဂက်စ်အိုးများတင်ဆောင်လာသည့် ၂၂ ဘီးယာဉ် အရှိန်လွန်တိမ်းမှောက်

**ရေတာရှည် ဇွန် ၂၉**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ တောင်ဘက် နှစ်မိုင်ခန့်အကွာ မြောက်နန်ချွန်ကျေးရွာ ရန်ကုန်-မန္တလေး ကားလမ်းတွင် ယနေ့ နံနက် ၉ နာရီခန့်က ဂက်စ်အိုးများ တင်ဆောင်လာသော ၂၂ ဘီးယာဉ် အရှိန်လွန် တိမ်းမှောက်ခဲ့ရာ ဂက်စ်အိုးများ ယိုစိမ့်မှုဖြစ်ပွားခဲ့၍ မီးသတ်ယာဉ်များဖြင့် ဝိုင်းဝန်းပက်ဖျန်းခဲ့ရသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားသည့်နေရာသို့ ရေတာရှည်မြို့မစခန်းမှူး ဒုရဲမှူး ကြည်ဖေ၊ တာဝန်မှူး ရဲအုပ်လှမြင့်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၁၈၈/၆ နှင့် ၇ အကြား အခင်းဖြစ်နေရာတွင် ကားလမ်းအတိုင်း တောင်မှ မြောက်သို့ မိုးကျော်ဟိန်း ၂၃ နှစ် မင်းကုန်းရပ်ကွက် ကမ်းနားလမ်း မြစ်သားမြို့နေသူ မောင်းနှင်လာသော ၂၂ ဘီးယာဉ်သည် မိုးရွာထားသည့်လမ်းပေါ်၌ အရှိန်လွန် တိမ်းမှောက်သွားပြီး ယာဉ်နောက်တွဲပေါ်တွင် တင်ဆောင်လာသော အိမ်သုံးဂက်စ်အိုး ၃၇၀ အနက် အချို့မှာ ကားလမ်းပေါ်သို့ လွင့်စဉ်ကျကာ ဂက်စ်အိုး လေးလုံးမှာ ဂက်စ်များ ယိုစိမ့်ထွက်နေသည့်အတွက် ရေတာရှည်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် နှစ်စီး၊ ကေတုမတီမြို့မှ မီးသတ်ယာဉ်များဖြင့် ရေများ ပက်ဖျန်းပေးခဲ့ရပြီး ယာဉ်မောင်းအား ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။



**ကိုလွင်(ဆွာ)**

# ကျောက်မဲမြို့နယ်တွင် နွားများသယ်ဆောင်လာသည့်ယာဉ်အား သေနတ်ပစ်ခတ်ခံရ

**ကျောက်မဲ ဇွန် ၂၉**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် ဇွန် ၂၈ ရက် ည ၁၂ နာရီ ခန့်က မန်ထန်ကျေးရွာအနီး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၉၆/၂-၃ ကြားတွင် လုပ်ငန်းလိုင်စင်ရရှိသူ ဦးကျော်ဝင်း ဝယ်ယူထားရှိသည့် နွား ၁၄ ကောင်ကို နောင်ပိန်ကျေးရွာမှ ကျောက်မဲမြို့သို့ ယာဉ်မောင်း အောင်ကိုလတ် နောင်ပိန်ကျေးရွာနေသူ မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်သည် အခင်းဖြစ်နေရာအရောက်တွင် လက်နက်ကိုင်အဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သောကြောင့် ယာဉ်မောင်းနှင့် နွားထိန်းတို့သည် ဒဏ်ရာများ အသီးသီးရရှိခဲ့သည်။ ယာဉ်ပေါ်တွင် တင်ဆောင်လာသည့် နွား ၁၄ ကောင်အနက် နွား ၁၃ ကောင်မှာ သေနတ်ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။ ဒဏ်ရာရရှိသူနှစ်ဦးမှာ ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

**၃၀-၆-၂၀၁၈ (စနေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | Weekly Sport Info |
| ၈း၃၅ | ပန်းပျိုးခင်း (အပိုင်း-၄၄) |
| ၉း၁၅ | "News Watch TV" |
| ၉း၃၀ | "မြစ်မခမီဒီယာ" |
| ၁၀း၃၀ | လုံမမှတ်စု (အပိုင်း-၄၃) |
| ၁၀း၄၅ | ကဗျာရိပ်မြုံ "ဖေဖေ့စာအုပ်စင်" |
| ၁၁း၀၀ | NHK Program "အကြိမ်ကြိမ်ခုတ်မိခဲ့လျှင်" |
| ၁၁း၁၅ | ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး "ပဲပင်ပေါက်" |
| ၁၁း၃၅ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂း၃၀ | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၉) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ) |
| ၁၃း၄၅ | "ရင်ဆိုင်ကျော်လွှားအဖြူရောင် အန္တရာယ်များ" |

**ညပိုင်း**

| | |
|---|---|
| ၁၅း၁၅ | Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်ယူနိုက်တက် FC Vs မကွေး FC) |
| ၁၇း၄၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၈း၂၀ | ဇာတ်လမ်းအတိုအထွာပြုံးစရာ "ခင်ဗျားညီမကို" (ဆလိုင်းလွမ်း၊ ကံမိုးဆန်း၊ အောင်ကျော်ကျော်၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ဆလိုင်းမျိုးဝင်းအောင်) |
| ၁၈း၃၀ | Tasty Trip |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း -၁) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | Big Step(Singer-La Min Kha) - ဟိုတုန်းကကက်ဆက်ဇာတ်လမ်းများ "မြညိုချစ်သောကိုရင်ဩ" (အပိုင်း-၁) (စောမြတ်နှိုး၊ ဘလိပ်၊ စောယုနန္ဒာ၊ ချိုတေးလွင်လွင်) (ဒါရိုက်တာ-သီတာလင်း) - မြန်မာဗီဒီယိုဇာတ်လမ်း "မုန်းမိမယ်" (ပထမပိုင်း) (မြင့်မြတ်၊ ခိုင်သင်းကြည်၊ ခင်လေးနွယ်) (ဒါရိုက်တာ-မီးပွား) |
| ၁၂း၀၀ | ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဥရုဂွေး Vs ပေါ်တူဂီ) - အစီအစဉ်ပြီး၏။ |

# ရှေ့နေ နှင့် သတင်းစီးဆင်းမှု

ဦးဟန်ညွန့်(ဥပဒေ)

**နိဒါန်း**

"ဆရာ"
"ဗျာ"
"ဘာတွေ တွေးနေ၊ ရေးနေသလဲ ဆရာ"
"အတွေးနဲ့ အရေးပေါ့ဗျာ"
"ရှင်းပြပါဦး"
"ဒီလိုဗျ------"

**သတင်း**

"သတင်း" ကို တစ်သက်လုံး ကျွန်တော် စိတ်ဝင်စားခဲ့သည်။ သတင်းသမားဘဝ အားကျခဲ့သည်။ သတင်းသမားဖြစ်ချင်ခဲ့သည်။ ထမင်းမေ့၊ ဟင်းမေ့၊ သတင်းကို မတွေ့ တွေ့အောင်ရှာခဲ့သည်။ သတင်းဘယ်မှာလဲ။

**ငါမကောင်းလျှင်**

"ငါမကောင်းလျှင် ငါ့ကိုရေး၊ ငါ့မိဖုရား မကောင်းလျှင် မိဖုရားကိုရေး၊ ငါ့သား ငါ့သမီးမကောင်းလျှင် သား၊ သမီးကိုရေး၊ လွှတ်တော်တရားသူကြီး မကောင်းလျှင် တရားသူကြီးကိုရေး၊ မြို့ဝန်မကောင်းလျှင် မြို့ဝန်ကိုရေး၊ မင်းတို့သတင်း၌ အပြစ်မရှိစေရ၊ နန်းတော်တွင်းသို့ သတင်းစာတိုက်က မည်သူမဆို အတားအဆီးမရှိဘဲ ဝင်ထွက်စေ" ဟူသော ရတနာပုံနေပြည်တော် သတင်းစာ ထုတ်ဝေစဉ်က မင်းတုန်းမင်းကြီး၏ အဆိုအမိန့်ကို ကျွန်တော်ကြိုက်လွန်း၍ အလွတ်နီးပါး ကျက်မှတ်ထားခဲ့လေသည်။ ယနေ့တိုင်လည်း စွဲလမ်းနှစ်ခြိုက်နေဆဲ။

**သတင်းစာ၏အသက်**

"သတင်းစာ"သည် သတင်းပါသော စာဖြစ်သည်။ သတင်းတွေရေးထားသော စာရွက်တွေဟု ကျွန်တော် နားလည်သည်။ မနက်မိုးလင်းအိပ်ရာကထ သတင်းစာ မဖတ်ရ မနေနိုင်။ သတင်းသည် မနက်စာ။ မနက်စာသည် သတင်း။ ထမင်းမစားရနေနိုင်သေး၊ သတင်းစာ မဖတ်ရ ဘာလိုနေသလိုလို။

**ခြိမ်းခြောက်ရန် မကြိုးစားပါနှင့်**

"ကျွန်တော်တို့ သတင်းထောက်များကမူ အချဉ်းကပ်လည်းမခံ၊ သွေးထိုးစမ်းသည်ကိုလည်း မတုံ့ပြန်။ တီးခေါက်သော်လည်း မှန်သည်ဟု ထင်သောလမ်းကို လျှောက်ရာတွင် မည်သူမျှလာပြီး သွေးဆောင်ရန် မကြိုးစားပါနှင့်။ ဖြားယောင်းရန် မကြိုးစားပါနှင့်။ အသနားခံရန် မကြိုးစားပါနှင့်။ လာဘ်ထိုးရန် မကြိုးစားပါနှင့်။ ခြိမ်းခြောက်ရန် မကြိုးစားပါနှင့်။ အန္တရာယ်ပြုရန် မကြိုးစားပါနှင့်။ အားလုံးအချည်းအနှီးသာဖြစ်ပါသည်" ဟု သတင်းစာဆရာကြီး အထောက်တော်လှအောင်က "ကျွန်တော်နှင့် သတင်း" စာအုပ် (၂၀၁၁ ၊ ဇူလိုင်)တွင် "သတင်းထောက်များ၏ဘဝ" ကို မီးမောင်းထိုးပြ၍ ရေးခဲ့သည်ကို မမေ့နိုင်။ ကျွန်တော် ပြန်လည်သတိရမိသည်။

**ကိုယ်တိုင်သတင်းထောက်**

လူထုသတင်းစာ၊ ဗိုလ်တထောင်သတင်းစာတို့မှာ ဟိုအဝေးမှာကျန်ခဲ့ပါပြီ။ လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်က ထင်ရှားသော သတင်းစာကြီးတွေပါ။ ကိုယ်တိုင်သတင်းရေး၊ ကိုယ်တိုင် ဆောင်းပါးရေးသိသမျှ၊ တတ်သမျှ၊ မှတ်သမျှ တင်ပြခဲ့သည်။ ကျောင်းသတင်း၊ တက္ကသိုလ်သတင်း၊ ကျောင်းသားသတင်း၊ လူငယ်သတင်း၊ ဥပဒေအသင်းသတင်း၊ ဆောင်းပါးရှင်၏ အမြင်၊ အထင် စသည် စသည် တင်ဆက်ခဲ့ပါသည်။ ကျွန်တော်၏ဝါသနာအရင်းအမြစ် ဇာစ်မြစ်မှာ "သတင်း" ပါပဲ။ ဘဝအစမှာ သတင်းပါပဲ။

**သတင်းစီးဆင်းမှု**

သတင်းစီးဆင်းမှု အရေးကြီးလှသည်။ ပြည်သူတွေ သိချင်တာ ဘာသတင်းလဲ၊ ဘယ်လို အမျိုးအစားလဲ၊ သတင်းမှန်လား၊ သတင်းမှားလား၊ စာနယ်ဇင်း ပညာဘာလဲ။ ကောင်းမွန်သော စာနယ်ဇင်းပညာဆိုတာ ဘာလဲ။ ဌာနတစ်ခု၏ သတင်းစီးဆင်းမှုကို ဘယ်လို ဖြန့်ဝေမှာလဲ။

**ကောင်းမွန်သောစာနယ်ဇင်းပညာ**

**(၁) တိကျခြင်း**

အရေးတကာ့ အရေးကြီးဆုံးပါ။ သတင်းအားလုံးတိကျရမည်။ နာမည်ကအစ မမှားရပါ။ စာလုံးပေါင်းသတ်ပုံ မှန်ရမည်။ အထောက်အထားခိုင်လုံရမည်။ သတင်းတိကျရမည်။ မှန်ကန်ရမည်။

**(၂) ဘက်မလိုက်ခြင်း၊ မျှတခြင်း**

အဓိကအချက် ဘက်မလိုက်ရပါ။ မျှတသော သတင်းဖြစ်ရမည်။ နှစ်ဖက်စလုံး သေသေချာချာ ပြောပါ။ မျှတပါ။

**(၃) တစ်ဖက်ကိုသာ မကြားနာနှင့်**

တစ်ဖက်ကိုသာ မကြားနာနှင့်။ နှစ်ဖက်တင်ပြမှ ပြည့်စုံမှာပါ။ ဘက်လိုက်ရန် မရှိ။ ဘက်မလိုက်ခြင်းဖြင့် မိမိကိုယ်မိမိ ကာကွယ်ပါ။

**(၄) တာဝန်ခံမှု**

မိမိ၏သတင်းကို မိမိတာဝန်ခံပါ။ လူပုဂ္ဂိုလ်ကို တာဝန်ခံပါ။ လူ့အဖွဲ့အစည်းကို တာဝန်ခံပါ။ သတင်းအရင်းအမြစ်ကို ကာကွယ်ပါ။ ရိုးသားပါ။ ရိုးသားသော နည်းလမ်းကိုသာ ကျင့်သုံးပါ။ ဥပဒေ မချိုးဖောက်နှင့်။

**အားကိုးယုံကြည်နိုင်ခြင်း**

(၁) တိကျသည်။
(၂) ဘက်မလိုက်ပါ။
(၃) တာဝန်ခံသည်။ ဤအချက်(၃)ချက်သည် ပြည်သူယုံကြည်ကိုးစားသော သတင်းမီဒီယာ စာနယ်ဇင်း စံနှုန်းများဖြစ်သည်။ ပြည်သူ အားကိုးယုံကြည်သော စာနယ်ဇင်းပညာ ဖြစ်ပေသည်။

**ထိလွယ်ရှလွယ် ပဋိပက္ခ**

"ထိလွယ်ရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာ" ဟု ဆိုကြသည်။ မြန်မာနိုင်ငံအတွက် လက်စွဲစာအုပ်အဖြစ် ၂၀၁၄ ခုနှစ်က ထုတ်ဝေခဲ့ဖူးသည်။ International Media Support (IMS) က ထုတ်ဝေခြင်းဖြစ်သည်။ ထိုစာအုပ်ကို ဖတ်သင့်သည်။

"ခြားနားချက်ကို မြင်ပါသလား" ဟု မေးခွန်းထုတ်ထားသည်။ သမားရိုးကျ သတင်းတင်ဆက်ခြင်းအကြောင်း ဥပမာပေး၍ ရေးထားသည်။ နမူနာလက်တွေ့ သတင်းများ ဖော်ပြသည်။ သင်ခန်းစာ ရပါသည်။ ပညာရပါသည်။ သတင်းသမား လူငယ်တွေ ပို၍ ဖတ်စေချင်သည်။

**ဆွေးနွေးစရာအချက်များ**

ကာတွန်းရုပ်ပုံ ဖော်ပြထားသည်။ထိလွယ်ရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာကို မှားယွင်းရန် လှုံ့ဆော်အားပေးနေပါသလား ဟု မေးခွန်းထုတ်ထားသည်။ မတူညီသော ဘက်များကို တစ်ဖက်နှင့်တစ်ဖက်နားလည်အောင် မေးထားသည်။ ဖြေကြည့်ပါ။ လက်တွေ့ဘဝနှင့် တိုက်ဆိုင် စစ်ဆေးနိုင်ပါသေးသည်။

**သတင်းရေးသားခြင်း**

ရရှိသော သတင်းကို စူးစိုက်ရေးသားကြသည့်အဖြစ်အပျက်အမှန်ဘာလဲ။ ဘယ်သူလဲ။ ဘာလဲ။ ဘယ်အချိန်လဲ။ ဘယ်နေရာလဲ။ ဘာကြောင့်လဲ။ ဘယ်လိုလဲ။ မေးခွန်းများဖြစ်သည်။

( Who; What; When; Where; Why; How.' )

**ကျင့်ဝတ်စည်းမျဉ်းများ**

ကျင့်ဝတ်ကို မမေ့ကြစေလို။ စည်းမျဉ်းကို မဖောက်ကြစေလို။ အများက ကြည့်နေသည်။ သတင်းမီဒီယာသမား၏ဂုဏ်သတင်းကို ကျင့်ဝတ်နှင့် ထိန်းသည်။ ကျင့်ဝတ်နှင့် ညီလေလေ ဂုဏ်ရောင်ထွန်းပြောင်လေလေ။ မီဒီယာသမားဘယ်လဲ။ ဘာလဲ။

**အမှန်တရား**

သတင်းသည် အမှန်တရား။ အမှန်တရားကို လေးစားပါ။ ပြည်သူနှင့် ထိတွေ့ပါ။ ဆက်စပ်ပါ။ ရိုးဖြောင့်ပါ။ မျှတပါ။ လွတ်လပ်ပါ။ ယုံကြည်ပါ။ ဤအင်္ဂါရပ်များသည် သတင်းမှန်၏အသက် ဖြစ်ပေသည်။

> သတင်းသည် အမှန်တရား။ အမှန်တရားကို လေးစားပါ။
> ပြည်သူနှင့် ထိတွေ့ပါ။ ဆက်စပ်ပါ။ ရိုးဖြောင့်ပါ။
> မျှတပါ။ လွတ်လပ်ပါ။ ယုံကြည်ပါ။
> ဤအင်္ဂါရပ်များသည် သတင်းမှန်၏အသက် . . .
> ဆရာကြီးလူထု ဦးလှ၊ ဆရာမကြီး ဒေါ်ခင်မျိုးချစ်တို့ရေးခဲ့သော
> သတင်းစာ ပညာစာအုပ်တွေကိုလည်း ပြန်လည်ဖတ်ရှုသင့် . . .



ထိရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာ
မြန်မာနိုင်ငံအတွက် လက်စွဲစာအုပ်

**သတင်းစာရှင်းလင်းပွဲများ**

သတင်းစာရှင်းလင်းပွဲများကို အခါအားလျော်စွာ ပြုလုပ်ကျင်းပကြသည်။ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်း၊ ကော်မရှင်၏ ထုတ်ပြန်ချက်၊ သတင်းဖြန့်ဝေမှု၊ သတင်းစီးဆင်းမှုဖြစ်ပေသည်။ ပြည်သူ သိသင့်သော သတင်း၊ လူထုကြားသို့ ဝေငှအပ်သော သတင်းများ ဖြန့်ဖြူးခြင်းဖြစ်ပေသည်။

**မေးထိုက်သောမေးခွန်း**

သတင်းစာရှင်းလင်းပွဲများတွင် မေးထိုက်သော မေးခွန်းများ မေးကြပါ။ မေးစေချင်၍ ကျင်းပခြင်းပါ။ မမေးမှာ စိုးရိမ်မိပါသည်။

အတွေ့အကြုံကြွယ်ဝသော သတင်းမီဒီယာသမားများ၏ မေးခွန်းမှာ တင့်တယ်လှပါသည်။ ပညာပါလှပါသည်။ ရိုးရိုးကလေးမေးတာပါ။ အေးအေးဆေးဆေးမေးတာပါ။ ဒေါသမပါ။ ရန်မလိုပါ။ နှစ်ခြိုက်ဖွယ်ပါ။

ဖြေသူကလည်း သေသေချာချာဖြေ။ မေးသူကလည်း ပညာသားပါပါမေး။ အလွန်ကြည့်ကောင်းသည်။ ချိုမြိန်သည်။ တင့်တယ်သည်။ နားထောင်ကောင်းသည်။

**ရန်လိုသောမေးခွန်း**

ရန်လိုသော မေးခွန်းကတော့ နားထောင်၍ မကောင်း။ ဖြေသူလည်း စိတ်မချမ်းသာ။ မေးသူကလည်း ထောင့်မကျိုး။ ဆရာကြီးပုံစံဖြင့် လေသံက တင်းမာသည်။ သူ့မေးခွန်းကို အတင်းအဓမ္မ ဖြေခိုင်းနေပြီ။ မဖြေရင်ပဲ ဒုက္ခရောက်မည့်ပုံ။ ဘယ်လိုဘယ်ပုံနှင့် ဤပုံစံဖြစ်နေသလားမသိ။

သတင်းသမားအတွေ့အကြုံကလည်း နုနယ်ပုံရသည်။ သင်တန်းအတွေ့အကြုံ၊ သတင်းလုပ်ငန်းအတွေ့အကြုံ မစုံသေး၍ ဖြစ်မည်။ သတင်းစာဆရာကြီးများ၏ တပည့်မဖြစ်ဖူးသေးဟု ထင်သည်။ ပြည်တွင်းပြည်ပ သတင်းမီဒီယာသင်တန်းတွေ၊ စာတွေ့လက်တွေ့ မရှိသေးသူ ဖြစ်မည်။

**ကျွမ်းကျင်မှု**

ယခု ကျင်းပနေသော သတင်းစာရှင်းလင်းပွဲက ဘာပွဲလဲ။ ဘာအမျိုးအစားလဲ။ ဘာဘာသာရပ်လဲ။ မည်သည့် ပညာအခြေခံလဲ။ မည်သည့်လုပ်ငန်းလဲ။ ဖြေသူက ဘာအဆင့်လဲ။ ဘာတာဝန်လဲ။ ဘယ်ဘာသာရပ်ကို ဖြေရမည့်သူလဲ။ ဘာကျွမ်းကျင်သူလဲ။ ရည်ရွယ်ချက် ဘာလဲ။

ကျွမ်းကျင်သူကို မမေးခင် မေးမည့်ဘာသာရပ်ကို သတင်းသမားက လေ့လာပြီးပြီလား။ အနည်းအကျဉ်းတော့ သိထားမှ၊ လေ့လာထားမှ ဖြစ်မည်။ ဖြီးဖြန်း၍ ရ၊ မရ။ အပေါ်ယံ မေး၍ ဖြစ်၊ မဖြစ်။ နှစ်နှစ်ကာကာမေးရ၊ ဖြေရမှာမို့ ကျွမ်းကျင်ဖို့လိုမည်။ လိမ္မာဖို့ လိုမည်။ အကင်းပါးဖို့ လိုမည်။ လျှို့ဝှက်ချက်ကို မမေးမိဖို့လည်း အထူးအရေးကြီးလှသည်။ ဥပဒေပြဋ္ဌာန်းချက်သိမှ မေးတတ်မည်။

**ဆရာကြီးဦးသိန်းဖေမြင့်နှင့် ဆရာကြီးဇဝန**

နိုင်ငံကျော် သတင်းစာဆရာကြီး ဦးသိန်းဖေမြင့်နှင့် သတင်းစာဆရာကြီး ဇဝနတို့၏ သတင်းစာရှင်းလင်းပွဲ မေးခွန်းမေးမြန်းပုံတွေ၊ ပြန်လည်လေ့လာ၊ ဖတ်ရှု၊ သုတေသနပြု။ ဆရာကြီးလူထု ဦးလှ၊ ဆရာမကြီး ဒေါ်ခင်မျိုးချစ်တို့ရေးခဲ့သော သတင်းစာပညာစာအုပ်တွေကိုလည်း ပြန်လည်ဖတ်ရှုသင့်သည်။ ယနေ့ လူငယ်သတင်းသမားများ မကြားဖူး။ မသိဖူး၊ မတတ်ဖူးတာတွေ ပြောပြ ရေးပြစေချင်သည်။ ကိုယ်တိုင်တတ်၍ ဆရာလုပ်ခြင်းမျိုးမဟုတ်။ လက်ဆင့်ကမ်းအမွေကို ယူစေချင်လှသည်။ နောင်တစ်ခေတ် မျိုးဆက်သစ်များအား ဆင့်ပွားပညာဝေငှစေချင်တာပါ။ သက်ကြီး၊ ဝါကြီး သတင်းစာဆရာကြီးများက လူငယ်တွေကို ဆုံးမသွန်သင် ပညာပေးဖို့ ကျွန်တော် တောင်းပန်ပါသည်။

**ကိုယ်တွေ့**

ဌာနတစ်ခု၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးအဖြစ် သတင်းစာရှင်းလင်းပွဲများကို ကျွန်တော် တာဝန်ယူကျင်းပ ဆောင်ရွက်ရပါသည်။ ကိုယ်တွေ့ကြုံသော သတင်းစာရှင်းလင်းပွဲများတွင် ကျွန်တော်ပညာယူပါသည်။ သင်ခန်းစာယူရပါသည်။ လူငယ် သတင်းထောက်များ၏ဘဝကို ကျွန်တော်နားလည်ပါသည်။ ကျွန်တော်လည်း သူတို့လိုပဲ၊ ဖြတ်သန်းခဲ့ရသူပါ။ လေ့လာသင်ယူစရာ၊ မှတ်သားစရာတွေ ယနေ့တိုင် စုံလင်လှပါသည်။ "ငါတတ်လှပြီ" ဟု ဘဝင်မြင့်သည့် နေ့သည် ကျဆုံးသည့်နေ့ပါပဲ။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး ချောင်ပိတ်မေးသော (မေးခွန်းအချို့ကို မေးလာသော) လူငယ်သတင်းထောက်အချို့အား ကျွန်တော်ပြုံးပြခဲ့ပါသည်။ စိတ်မဆိုးပါ။ ဌာနအကျိုး၊ သတင်းအကျိုးထက် သူ့အကျိုး (သူတတ်ကြောင်း၊ သူတော်ကြောင်း) ကြွားဝါသည်ကိုတော့ ကျွန်တော် မြင်ပါသည်။ သို့သော် သူမမြင်ပါ။

**နိဂုံး**

(၁) သတင်းစီးဆင်းမှုသည် အရေးကြီးသည်။
(၂) ထိလွယ်ရှလွယ် သတင်းမီဒီယာ နယ်ပယ်ပါ။ အလွန်ကျယ်ဝန်းလှပါသည်ဗျာ။
(၃) ရှေ့နေတစ်ဦးအနေနှင့်သတင်းစီးဆင်းမှုမှာ ကျွန်တော်တာဝန်ဆက်လက်ထမ်းမည်ပါ။

## တိုင်းဒေသကြီးအစိုးရ ဒုတိယတစ်နှစ်တာအတွင်း ပြောင်းလဲတိုးတက်မှုများ သတင်းစာရှင်း



**မန္တလေး ဇွန် ၂၉**
မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဒုတိယတစ်နှစ်တာ ကာလအတွင်း ပြောင်းလဲတိုးတက်မှု အခြေအနေများနှင့်လုပ်ငန်းဆောင်ရွက်ချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် သတင်းစာရှင်းလင်းပွဲကို ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီက မန္တလေး မြို့တော်စည်ပင် သာယာရေး ကော်မတီ အစည်းအဝေးခန်းမ (ခြောက်ထပ်ဆောင်)၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒုတိယတစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်သူများ သိရှိစေရန် သတင်းမီဒီယာမှတစ်ဆင့် ရှင်းလင်းတင်ပြခြင်းဖြစ်ကြောင်း ပြောကြားသည်။

"လက်ရှိလုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး ကျေနပ်သလောက်ရှိပေမယ့် အားမရသေးပါဘူး။ ဆောင်ရွက်ချင်တဲ့ လုပ်ငန်းတွေကို လုပ်ချင်တိုင်း လုပ်လို့မရသေးတာတွေရှိတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကန့်သတ်ချက်တွေရှိသလို ဘတ်ဂျက်အရလည်း လုပ်ဆောင်ရတာတွေရှိပါတယ်။ ဒီနှစ်နှစ်တာအတောအတွင်းမှာ လက်ညှိုးထိုးပြီးပြလို့ရတဲ့ အောင်မြင်မှုတွေရှိသလို ထိတွေ့ကိုင်တွယ်လို့မရတဲ့ အောင်မြင်မှုတွေလည်း ရှိခဲ့ပါတယ်။ အဓိကဆောင်ရွက်ခဲ့တာက ကျေးလက်မီးလင်းရေးနဲ့ ကျေးလက်လမ်းတွေ ဖောက်လုပ်ခြင်းဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောသည်။

ထို့နောက် တိုင်းဒေသကြီး တရားသူကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ လျှပ်စစ်စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးတို့က လုပ်ငန်းဆောင်ရွက်ချက်များကို အသီးသီးရှင်းလင်းပြောကြားခဲ့ပြီး သတင်းမီဒီယာများမှ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ နှစ်နှစ်တာကာလအတွင်း လုပ်ဆောင်ခဲ့သည့် သိသာစွာပြောင်းလဲတိုးတက်မှုများ အနေဖြင့် တင်ဒါပိုလျှံငွေများအဖြစ် ငွေကျပ်သန်း ၁၁၂၆၁ ဒသမ ၈၁၅ ရရှိခဲ့ကာ ရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ပြီး တိုင်းဒေသကြီးအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုမှ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၆၄၃ မီလီယံရရှိခဲ့ကြောင်းနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုမှ ငွေကျပ် ၂၃ ဒသမ ၁၂၉ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ နိုင်ငံတော်က တစ်နှစ်လျှင် ဘတ်ဂျက်ငွေကျပ် သန်းတစ်ထောင်ချထားပေးရာ နှစ်နှစ်အတွက် ငွေကျပ်သန်းနှစ်ထောင်ကို ပညာရေးလုပ်ငန်း၌ ငွေကျပ် ၄၀၂ ဒသမ ၈၂ သန်း၊ ကျေးလက် မီးလင်းရေးအတွက် ၇၃၇ ဒသမ ၈၉ သန်း၊ လမ်းအတွက် ၇၆ ဒသမ၈၆၀ သန်း၊ တံတားအတွက် ငွေကျပ် ၃၆၇ ဒသမ ၅၀၀ သန်း၊ ရေရရှိရေးအတွက် ၃၅၂ ဒသမ ၆၀၀ သန်းနှင့် အခြားသော ဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၆၁ ဒသမ ၀၇၁ သန်း အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## သဘာဝဘေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ပွဲ ကနီမြို့နယ်၌ ပြုလုပ်

**ကနီ ဇွန် ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ခုံကြီးကျေးရွာအုပ်စု ပါဟဲကျေးရွာတွင် သဘာဝဘေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြ လေ့ကျင့်ပွဲကို ဇွန် ၂၇ ရက် မွန်းတည့် ၁၂ နာရီက ပါဟဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ကနီမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရွှေဌေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းတို့က အဖွင့်အမှာစကားပြောကြားပြီး ကင်းတိုက်နယ်ဆေးရုံမှ ဒေါက်တာအေးအေးဝင်းက သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ဖြစ်ပွားတတ်သောရောဂါအကြောင်းများနှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာများကို အသိပညာပေးဟောပြောခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အိစုစုကြည်က သဘာဝဘေးန္တရာယ်ကြိုတင်ကာကွယ်ထားရှိဆောင်ရွက်နိုင်ရေး၊ ဘေးအန္တရာယ်ကြုံတွေ့လာလျှင် စီစဉ်ဆောင်ရွက်ရမည့် အချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးထိန်လင်းထွန်းက သဘာဝဘေးကြုံတွေ့လျှင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပါဟဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ သဘာဝဘေးကယ်ဆယ်ရေးများကို လက်တွေ့သရုပ်ပြ လေ့ကျင့်ခြင်းများကိုပြည်သူများအားလက်တွေ့ပါဝင် ပူးပေါင်းဆောင်ရွက်စေခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**



## ရွှေခရုကြိုတင်ကာကွယ်ရေး ထုံးထည့်သွင်း

**မြစ်ကြီးနား ဇွန် ၂၉**
ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ မြစ်ကြီးနားခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်မျိုးဝင်းက အနီးကပ်ကြီးကြပ်ကာ ဒေသခံတောင်သူများ၏ လယ်ယာမြေများအတွင်း ရွှေခရု ကြိုတင်ကာကွယ်ရေး စုပေါင်းထုံးထည့်သွင်းခြင်းနှင့် တောင်သူအသိပညာပေး အခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၉ နာရီခွဲက မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ပြည်ထောင်စုလမ်းမကြီးရှိ ယာယီမဏ္ဍပ်၌ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်ဆွေက ရွှေခရုကြိုတင်ကာကွယ်ရေး စုပေါင်းထုံးထည့်သွင်းခြင်းနှင့် စပ်လျဉ်း၍ တောင်သူအသိပညာပေးပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန သီးနှံပိုးမွှားကာကွယ်ရေးဌာနခွဲ တာဝန်ခံဒေါ်ဝေဝေက မိုးဦးရာသီတွင် လယ်ယာမြေများ၌ ရွှေခရုပေါက်ပွားမှုအခြေအနေ၊ ရွှေခရုများသည် လယ်ယာမြေများအတွင်း စိုက်ပျိုးထားသည့် စပါးပျိုးပင်များအား ဖျက်ဆီးမှုအခြေအနေနှင့် ရွှေခရုပေါက်ပွားမှုအား နှိမ်နင်းရာ၌ လယ်မြေ တစ်ဧကလျှင် မဖောက်ထုံးပိဿာ ၁၅၀ အား မြေယာမပြုပြင်မီ ပက်ဖျန်းခြင်းဖြင့် ကာကွယ်နိုင်ပါကြောင်း၊ ရွှေခရုဥပေါက်ပွားမှုအား ဖျက်ဆီးနှိမ်နင်းမှုကို အကျယ်တဝင့် ရှင်းလင်းပြောကြားကာ အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် မြစ်ကြီးနားခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးတို့က တပ်ကုန်းရပ်ကွက်နှင့် မာန်ခိန်ရပ်ကွက်တို့မှ တက်ရောက်လာသည့် ဒေသခံတောင်သူများအား လယ်မြေဧက ၂၀ အတွက် ထုံးအိတ် ၂၀၀ ထောက်ပံ့ပေးအပ်ကာ တက်ရောက်လာသည့် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ အင်အား ၇၀ ကျော်က သတ်မှတ်လယ်ယာမြေများအတွင်း ရွှေခရုနှိမ်နင်းရေး ထုံးပက်ဖျန်းခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်အတွင်း စပါးဖျက်ပိုးများတွင် ရွှေခရုများမှာ မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့၌ သာရှိပြီး ဥပေါက်ပွားနှုန်း များပြားမြန်ဆန်သဖြင့် ယခုကဲ့သို့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြစ်ကြီးနားခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်မျိုးဝင်းထံမှ သိရသည်။

**ဦးလေးကြီး**




## မန္တလေးတိုင်းဒေသကြီးတွင် အလှမယ်ရွေးချယ်ပွဲကျင်းပ

**မန္တလေး ဇွန် ၂၉**
4th Miss Universe Mandalay 2018 ရွေးချယ်ပွဲအခမ်းအနားကို ဇွန် ၂၈ ရက် ည ၇ နာရီက မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားရှိ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် 4th Miss Universe Mandalay 2018 ပြိုင်ပွဲကျင်းပရေး City Director က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မြို့နယ်များနှင့် တက္ကသိုလ်များမှ ဝင်ရောက်ယှဉ်ပြိုင်ကြသော အလှမယ်များက တူညီဝတ်စုံ၊ ရေကူးဝတ်စုံ ညနေခင်းဝတ်စုံများဖြင့် တစ်ဦးချင်း၊ အဖွဲ့လိုက်ကိုယ်ဟန်အလှပြကြပြီး အကဲဖြတ်ဒိုင်များက ဝတ်စားဆင်ယင်မှု၊ ကိုယ်ဟန်အနေအထား၊ ဉာဏ်စမ်းမေးခွန်းများမေးကာ 4th Miss Universe Mandalay 2018 သရဖူကို MUMDY2 မထက်သီရိဇော်အား ချီးမြှင့်ရွေးချယ်ကြသည်။

Miss Universe Myanmar 2018 ပြိုင်ပွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်ရွေးချယ်ပြီးအနိုင်ရရှိသူများကို Miss Universe Myanmar ပြိုင်ပွဲတွင် ထပ်မံရွေးချယ်ပြီး အနိုင်ရရှိသူများကို နိုင်ငံတကာပြိုင်ပွဲများသို့ စေလွှတ်သွားမည်ဖြစ်သည်။

**သီဟကိုကို (မန္တလေး)**

## တီးတိန်မြို့တွင် ကလေးစာပေပွဲတော်ပိတ်ပွဲ ကျင်းပ

**တီးတိန် ဇွန် ၂၉**
ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကျင်းပသည့် ကလေးစာပေပွဲတော်ပိတ်ပွဲအခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက တီးတိန်မြို့ ကမ်ဟောက်ခန်းမ၌ ကျင်းပသည်။

တီးတိန်မြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ (မြို့အုပ်ချုပ်ရေးမှူး) ဦးဂိုဆွင်းခိုင်က ကလေးစာပေပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သည့်ဌာန၊ အဖွဲ့အစည်းများအပေါ် အထူးကျေးဇူးတင်ရှိကြောင်း၊ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများ အားသွန်ခွန်စိုက်ကြိုးပမ်းပြီး ပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်မှုနှင့် အဘက်ဘက်မှ အောင်မြင်မှုများစွာရရှိမှုအပေါ် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် လူမှုရေးဝန်ကြီးဦးပေါင်လွှန်းမင့်ထန်က ကလေးစာပေပွဲတော်ကျင်းပရာတွင် ပူးပေါင်းပါဝင်သည့် Irrawaddy Green Towers Ltd.၊ World Vision နှင့် SACC အဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ကလေးစာပေပွဲတော်တွင် ဂုဏ်ပြုတေးသီချင်းအဖွဲ့ လေးဖွဲ့၊ ရိုးရာယဉ်ကျေးမှုအက နှစ်ဖွဲ့နှင့် ပညာပေးပြဇာတ်တို့ အဖွဲ့ စုစုပေါင်း ခုနစ်ဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးခမ်လျန်းဆုမ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုဆွင်းခိုင်တို့က ပြိုင်ပွဲအသီးသီးမှ ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ကလေးစာပေပွဲတော်၌ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရရှိသူ မထန်လမ်းညောင်က ပြိုင်ပွဲဝင်ကဗျာရွတ်ဆိုခြင်း၊ ပုံပြောပြိုင်ပွဲတွင် ပထမဆုရရှိသူ မဇင့်စင်ဒိမ့်က ပြိုင်ပွဲဝင်ပုံပြင်များဖြင့် ဖတ်ကြားတင်ဆက်ပြီး အမှတ် ၁ အခြေခံအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်သည်။ အဆိုပါကလေးစာပေပွဲတော်ကို နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး အစီရင်ခံစာများအား ရှင်းလင်း

**ရန်ကုန် ဇွန် ၂၉**

မြန်မာနိုင်ငံ သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး(Extractive Industries Transparency Initiative-EITI)၏ ဒုတိယနှင့်တတိယအကြိမ် ၂၀၁၄-၁၅ ခုနှစ်နှင့် ၂၀၁၅-၁၆ ခုနှစ် အစီရင်ခံစာများအား ရှင်းလင်းတင်ပြသော အခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးရုံး၏တာဝန်ရှိသူများက အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များအကြောင်း အကျဉ်းချုပ်ရှင်းပြပြီး မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဝင်များက ဒုတိယနှင့်တတိယအကြိမ် ၂၀၁၄-၁၅ ခုနှစ်နှင့် ၂၀၁၅-၁၆ ခုနှစ် အစီရင်ခံစာများ၏ တွေ့ရှိချက်များနှင့် အကြံပြုသုံးသပ်ချက်များကို ကဏ္ဍအလိုက်အသီးသီး ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်ကဏ္ဍ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာသံရုံးများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများမှ လေ့လာသူများနှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် မေလတွင် နိုင်ငံတကာ EITI ဘုတ်အဖွဲ့သို့ အဖွဲ့ဝင်လောင်းနိုင်ငံ တစ်နိုင်ငံအဖြစ် လက်ခံခွင့်ပြုရန် လျှောက်လွှာကို တင်သွင်းခဲ့ပြီး ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် မက္ကဆီကိုနိုင်ငံ၌ ကျင်းပသည့် နိုင်ငံတကာ EITI ဘုတ်အဖွဲ့၏ (၂၇)ကြိမ်မြောက် အစည်းအဝေးကြီးက မြန်မာနိုင်ငံကို (၄၅) နိုင်ငံမြောက် EITI အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ် အတည်ပြုပေးခဲ့သည်။ EITI ဖြစ်စဉ်သည် အစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများတွင် အဓိကကျသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပြည်သူ့ရေးရာ ဘဏ္ဍာရေးစီမံခန့်ခွဲမှုအပေါ်တွင် ပြုပြင်ပြောင်းလဲရေးဖော်ဆောင်ခြင်းလည်းဖြစ်သည်။




**အေးမင်းသူ၊ ဓာနည်မောင်**



## ကျောက်တံတားမြို့နယ်အတွင်း တရားမဝင်သွယ်တန်းထားသည့် ဆက်သွယ်ရေး ကေဘယ်ကြိုးများ ကွင်းဆင်းစစ်ဆေး

**ကျောက်တံတား ဇွန် ၂၉**

ကျောက်တံတားမြို့နယ်အတွင်း တရားမဝင် သွယ်တန်းထားသည့် ဆက်သွယ်ရေး ကေဘယ်ကြိုးများအား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်မြလှစံ၊ လမ်းတံတားဌာန ဒုတိယဌာနမှူးဦးလင်းခိုင်နှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသိန်းအောင်၊ ဆက်သွယ်ရေးလုပ်ငန်းများမှ တာဝန်ရှိသူများဖြင့် ဇွန် ၂၅ ရက်မှ ဇွန် ၂၈ ရက်ထိ နေ့စဉ် မြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

မြို့နယ်အတွင်းရှိ တိုက်ခန်းများ၊ ဓာတ်တိုင်များမှာ တရားဝင်ရော တရားမဝင်ကေဘယ်ကြိုးများနှင့်ပါ ရှုပ်ထွေးနေသည့်အတွက် စစ်ဆေးပြီး ရှင်းလင်းပေးနိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ ဖုန်းလိုင်းနဲ့ အင်တာနက်လိုင်းများကို ကိုယ့်သဘောနှင့်ကိုယ် တပ်ဆင်နေကြသည့်အတွက် မလိုလားအပ်သည့်ပြဿနာများ မဖြစ်ပွားရအောင် စစ်ဆေးရခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးက ပြောကြားသည်။

**၁၉၇**

## ရန်ကုန်တောင်ပိုင်းခရိုင် ကိုးမြို့နယ်၌ မိုးစပါး ရှစ်သိန်းနီးပါး စိုက်ပျိုးမည်

**ရန်ကုန် ဇွန် ၂၉**

ပြည်တွင်းစားသုံးမှုဆန်ဖူလုံစေရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် မြို့နယ် ကိုးမြို့နယ်၌ ၂၀၁၈-၂၀၁၉ မိုးရာသီတွင် မိုးစပါး ၇၉၈၁၉၁ ဧကအား လျာထားကာ ဒေသနှင့်ကိုက်ညီသော မျိုးစပါးများကို ထွန်ယက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးရာသီတွင် မိုးစပါးလျာထားစိုက်ပျိုးမည့် သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်များတွင် ဒေသမျိုးစပါးများဖြစ်သော ရာကျော်၊ ရွှေဝါထွန်း၊ မနောသုခ၊ မီးတုံး၊ ငကျိ၊ ပေါ်ဆန်းရင်စသော မျိုးစပါးတို့အား လျာထားဧက ပြည့်မီကျော်လွန်သည်အထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးမှ သိရသည်။

**သက်နိုင်(သန်လျင်)**



## ဆည်မြောင်း စက်မှုတိုင်း ၂ တောင်ငူ ဝန်ထမ်းမိသားစု စုပေါင်းသစ်ပင်စိုက်ပျိုး

**ရေတာရှည် ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် တောင်နန်ချွန်ကျေးရွာအနီးရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲ ရေးဦးစီးဌာန၊ စက်မှုတိုင်း၂ တောင်ငူ ဝန်ထမ်းမိသားစု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၉ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။ စုပေါင်းစိုက်ပျိုးပွဲတွင် ညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့်အဖွဲ့က ကျွန်း၊ ကြယ်ပဲ၊ မဲဇလီ၊ ငွေးချို၊ သပြေ၊ ခွေးလှေးယား (အနက်စေ့)၊ သရက်၊ မန်ကျည်းရှား၊ သံပရို၊ ဆူးပုပ်၊ မာလကာ၊ ဒန့်သလွန် ပျိုးပင်ပေါင်း ၅၇၀ ကို တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## အလုံမြို့နယ်ရှိ ရွှေပိတောက်ငါးဈေးအရောင်းအဝယ်ကောင်းရေး ဆောင်ရွက်ရန်လို

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်မြို့နေပြည်သူများစားသုံးရန်နှင့် မြန်မာပြည်တစ်ဝန်းသို့ နေ့စဉ်ရေချို၊ ရေငန်ငါးများဝင်ရောက်ရာ စံပြငါးဈေးနှင့် ရွှေပိတောက်ငါးဈေးသို့ ဧရာဝတီတိုင်းဒေသကြီးနှင့် ပင်လယ်မှ ငါးများဝင်ရောက်လျက်ရှိသည်။

ဈေးရုံပေါင်း ရှစ်ရုံနှင့်ဆိုင်ခန်းပေါင်း ၄၀၀ ကျော်ရှိသော ရွှေပိတောက်ငါးဈေးကြီးမှာ အရောင်းအဝယ်မကောင်းဘဲ ဆိုင်ခန်းလွတ်များစွာရှိနေသောကြောင့် နိုင်ငံတော်အတွက် အခွန်ငွေရရှိမှု လစဉ်နစ်နာလျက်ရှိရာ ငါးဈေးအင်္ဂါနှင့်အညီ တည်ရှိသော ရွှေပိတောက်ငါးဈေးကြီးစည်ကားရန် လိုအပ်နေကြောင်းသိရသည်။

ခြောက်ဧကကျော်အကျယ်အဝန်းရှိပြီး ဆိုင်ခန်းပေါင်း ၄၀၀ ကျော်ရှိသည့် ရွှေပိတောက်ငါးဈေးကြီးတွင် သွင်းကုန်၊ ထုတ်ကုန်များ အလျှင်းမပြတ် ရောင်းချနိုင်ခြင်းဖြင့် ဈေးသည်များလည်း ဝင်ငွေတိုးကာ မြို့နယ်အသီးသီးသို့ သန့်ရှင်းလတ်ဆတ် ရေချို၊ ရေငန်ငါးများ တင်ပို့ရောင်းချနိုင်သည်နှင့်အမျှ နိုင်ငံတော်အတွက် အခွန်ငွေ ယခုလက်ရှိထက် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-သန်းထိုက်၊ ဓာတ်ပုံ -သစ္စာ**




## မင်္ဂလာဒုံမြို့နယ် လော်ကားငါးလုပ်ငန်းစခန်းတွင် ငါးမျိုးစိတ်များစိုက်ထည့်

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ လော်ကားငါးလုပ်ငန်းစခန်းတွင် ငါးလုပ်ငန်းဦးစီးဌာနမှ သားငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မြစ်၊ ချောင်း၊ ဆည်တမံများအတွင်း ငါးသယံဇာတ ပေါကြွယ်ဝရေးနှင့် ကျေးလက်ဒေသ ငါးစားသုံးမှုပိုမိုလာစေရန် ရည်ရွယ်၍ ငါးမျိုးစိတ်များစိုက်ထည့်ခြင်း အခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မင်္ဂလာဒုံမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၁) ဦးထွန်းထွန်းဝင်း၊ မဲဆန္ဒနယ်အမှတ်(၂) ဒေါ်သန္တာမိုး၊ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပြီး ငါးမြစ်ချင်းသားပေါက် ကောင်ရေတစ်သိန်းနှင့် ငါးခုံးမသားပေါက်ကောင်ရေ တစ်သိန်းတို့အား မျိုးစိတ်စိုက်ထည့်ခဲ့ကြောင်းသိရသည်။

**ဆောင်းဦး(ပြန်/ဆက်)**

**သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# SRI စနစ်ပျိုးထောင်ခြင်းနှင့် အီးအမ် ဘိုကာရှီ မြေဆွေးပြုလုပ်နည်းများ လက်တွေ့သရုပ်ပြ

**တာချီလိတ် ဇွန် ၂၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တောင်သူများနည်းစနစ် မြင့်မားလာရေးအတွက် ဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြကျေးရွာတွင် စိုက်ပျိုးမည့် တောင်သူများအား ဇွန် ၂၈ ရက် နံနက်က ကွင်းလက်တွေ့ သရုပ်ပြသခဲ့ကြောင်း သိရသည်။

ကွင်းလက်တွေ့သရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်က တောင်သူများအား SRI (ပျိုးသက်နုကောက်ကွက်ကျဲစိုက်စနစ်) စံပြကွက်စိုက်ပျိုးရန်အတွက် ပျိုးထောင်နည်းလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အီးအမ် ဘိုကာရှီ ပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြီး ပညာပေးကွင်း ဝန်ထမ်းများက ကွင်းထဲတွင် လက်တွေ့ပြသပေးသည်။




ထို့နောက် တက်ရောက်လာသည့် တောင်သူများအား SRI (ပျိုးသက်နုကောက်ကွက်ကျဲစပါး စိုက်ပျိုးနည်းစနစ်) နှင့် အီးအမ် ဘိုကာရှီ ပြုလုပ်သုံးစွဲနည်း အသိပညာပေးလက်ကမ်း စာစောင်များအား ဖြန့်ဝေပေးခဲ့သည်။ **ဝေယံလင်း(ပြန်/ဆက်)**

# နမ့်စန်မြို့နယ်တွင် သစ်ပင်ပျိုးပင်ပေါင်း ၁၀၀၀ စုပေါင်းစိုက်ပျိုး

**နမ့်စန်(တ) ဇွန် ၂၉**
ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် မက်မွန်မုန်းကျေးရွာအုပ်စု အမှတ်-၂ ကျေးရွာအနီး နမ့်စန်-ခိုလမ်သွားကားလမ်းမဘေး၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၉ ရက် နံနက် ၇ နာရီက ကျင်းပသည်။

ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီး မောင်မောင်စိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်တို့က ပျိုးပင်များ ပေးအပ်ခဲ့ပြီး အထိမ်းအမှတ်သစ်ပင်များကို စိုက်ပျိုးပေးခဲ့ကြသည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသော မြို့နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ စစ်သည် ရဲမေများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များက မဲဇလီပျိုးပင် ၄၀၀၊ ခါတော်မီ ၄၀၀နှင့် ထင်းရှူး ၂၀၀ စုစုပေါင်း ပျိုးပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်းဆောင်ရွက်နေမှုနှင့် စက်ချုပ်သင်တန်းဖွင့်လှစ်ခြင်းအား ကွင်းဆင်းကြည့်ရှု

**ကျောက်တံခါး ဇွန် ၂၉**
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးပြီး ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက ကျောက်တံခါးမြို့နယ် တောင်ခင်ကျေးရွာတွင် ဒေသခံပြည်သူအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအဖြစ် အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်ခဲ့သည်။

**လုပ်ငန်းဆိုင်ရာများ**

အဆိုပါ သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးသိန်းနှင့်အဖွဲ့အား ကျောက်တံခါးမြို့နယ် ဦးစီးမှူးက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်မှုနှင့် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီး ဦးစီးမှူးက လုပ်ငန်းဆိုင်ရာများ ကြည့်ရှုစစ်ဆေးသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျောက်တံခါးမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းအား ဇွန် ၁၈ ရက်မှ ဇူလိုင် ၁၈ ရက်အထိ ဖွင့်လှစ်ပေးလျက်ရှိပြီး သင်တန်းသားသင်တန်းသူ ၂၈ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တိုတိုထွာထွာ ဖတ်စရာ

### မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ဇွန် ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာရဲလွင်မောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွန်းဝင်းတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) တာဝန်ခံ ဒေါက်တာသိန်းဇော်က မူးယစ်ဆေးဝါးသုံးစွဲမှု ဆိုးကျိုးအန္တရာယ်များနှင့် မူးယစ်ဆေးဝါး အမျိုးအစားများကို အသိပညာပေး ဟောပြောပြီး ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် စာရေးကိရိယာများကို ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ကျေးလက်မီးလင်းရေးလုပ်ငန်းစီမံကိန်း ကွင်းဆင်းကြည့်ရှု

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်မီးလင်းရေးလုပ်ငန်းဆောင်ရွက်နေမှုအား ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများက ဇွန် ၂၈ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။

ပန်းတောင်းမြို့နယ် သရက်လိန်အုပ်စု တက်သစ်ကျွန်းကျေးရွာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း NEP စီမံကိန်း ICB-II ဖြင့် ဆောင်ရွက်လျက်ရှိသည့် Min Grid စနစ် ကျေးလက်မီးလင်းရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်နေမှုအခြေအနေနှင့်ပတ်သက်၍ ကျေးလက်ဦးစီးဌာန(ရုံးချုပ်) NEP စီမံကိန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည့်စုံဦးနှင့် ပြည်ခရိုင် ကျေးလက်ဦးစီးမှူး ဦးသန်းနိုင်ဦးတို့ ကွင်းဆင်းကြည့်ရှုပြီး ကျေးလက်မီးလင်းရေးကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

### သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျောင်းစုပတုတ်ကျေးရွာ အထက၌ ဇွန်၂၈ ရက် နံနက် ၁၀ နာရီတွင် သုံးခွမြို့မရဲစခန်းမှူး ဒုရဲမှူးအောင်နိုင်ဦးက ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၃၀ တို့အား မှုခင်းအသိပေးခြင်း မူးယစ်ဆေးဝါးအသိပညာပေးခြင်း၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေးအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**၁၁၈**

# တင့်တယ်လှပမှုပုံရိပ်များ ပြန်လည်ရှင်သန်ခြင်းပြပွဲနှင့် အမျိုးသမီးရေးရာအငြိမ့်ဖျော်ဖြေပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၉**
၂၀၁၈ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က စီစဉ်တင်ဆက်သည့် "တင့်တယ်လှပမှုပုံရိပ်များ ပြန်လည်ရှင်သန်ခြင်းပြပွဲနှင့် အမျိုးသမီးရေးရာအငြိမ့်" ဖျော်ဖြေပွဲကြီးကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

**တင်ဆက်ပြသခဲ့**

မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းတတ်စေရန် ရည်ရွယ်၍ ယနေ့ကျင်းပသည့် ဖျော်ဖြေပွဲကြီးတွင် တေးသီချင်းများ၊ ဒီဇိုင်နာ မေမြတ်ဝါဆို၏ မဒီဟန်ချီဆေးရေးပန်းချီ၊ ဒီဇိုင်နာ မေသဥ္ဇာသိမ့်၏ တိုင်းရင်းစုံလင်ရိုးရာအဆင်၊ ပြင်ဆင်ခြယ်သရှုမဝ၊ ဒီဇိုင်နာ မျိုးမင်းစိုး၏ ၁၉၂၀ ခုနှစ်မှ စ၍ အနုပညာရှင်များ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမှသည် ယနေ့မျက်မှောက်ကာလ ဆင်ယင်ထုံးဖွဲ့မှုများအထိ ခေတ်အဆက်ဆက် ပြောင်းလဲဝတ်ဆင်ခဲ့ပုံများကို တင်ဆက်ပြသထားသည့် ခေတ်များအလိုက် သူတို့အကြိုက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုအစီအစဉ်များဖြင့် တင်ဆက်ပြသခဲ့သည်။

ထို့ပြင် အမျိုးသမီးများအကြမ်းဖက်ခံရမှုမှ ကင်းဝေးစေရန် "အကြမ်းဖက်ဆူးမှ ဝေးစေချင်" တစ်ခန်းရပ်ပြဇာတ်ဖြင့် ဖျော်ဖြေခဲ့ပြီး အနုပညာရှင်များ၏ သွေးသားရင်းချာ မျိုးဆက်သစ်များက အနုပညာအမွေအဖြစ် တေးသီချင်းများကို အဆင့်ဆင့် လက်ဆင့်ကမ်းသယ်ဆောင်ကာသီဆိုသည့် "သွေးသားရင်းချာ အနုပညာလက်ဆင့်သယ်ကမ်း ဂီတပန်း" အစီအစဉ်တွင် ဂျေမောင်မောင်၊ သီရိဂျေမောင်မောင်၊ ဂရေဟမ်၊ ပန်းရောင်ခြယ်၊ ချစ်ကောင်း၊ အိမ့်ချစ်၊ ဖိုးကာ၊ ဖူးဖူးသစ်၊ မြို့တော်ချစ်ဖွယ်၊ နွေးနွေးချစ်ဖွယ်၊ ခိုင်သင်းကြည်၊ စံထိပ်ထားဦး၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ၊ စိုးပြည့်သဇင်၊ စန္ဒီမြင့်လွင်တို့က သီဆိုဖျော်ဖြေခဲ့ကြသည်။

"အမျိုးသမီးရေးရာအငြိမ့်" ကဏ္ဍကို ဆက်လက်၍ ဖျော်ဖြေရာ အနုပညာရှင်များ ဖြစ်ကြသည့် ကျော်ရဲအောင်၊ ဝေဠုကျော်၊ ကျော်ကျော်၊ ညီထွဋ်ခေါင်၊ ကြက်ဖတို့က လူရွှင်တော်များအဖြစ်ဆောင်ရွက်ကာ ဂျင်းနီနှင့် ငြိမ်းချမ်းခိုင်တို့က ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများနှင့် ဥက္ကဋ္ဌတို့က ပွဲစီစဉ်သူနှင့် ပါဝင်ကူညီခဲ့သူများအား အမှတ်တရ ဂုဏ်ပြုပန်းစည်းများ ပေးအပ်ခဲ့သည်။

**အားဖြည့်ကူညီပါဝင်**

အဆိုပါ ဖျော်ဖြေပွဲကို ဒါရိုက်တာ ဒေါ်မြတ်မြတ်ဦး၏ စိတ်ကူးပုံဖော်မှုကို ဒေါ်ခင်လှမြင့် (ခင်မေခ) က အားဖြည့်ကူညီကာ John Lwin (Star Event Production) မှ ပံ့ပိုးကူညီကာ နိုင်ငံကျော် ရုပ်ရှင်၊ သဘင်၊ ဂီတ၊ Stars & Models Int'l မှ မော်ဒယ်များနှင့် အနုပညာရှင်မြောက်မြားစွာက အားဖြည့်ကူညီပါဝင် ဖျော်ဖြေတင်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ အမျိုးသားဇာတ်ရုံကြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က (၁၅)ကြိမ်မြောက် တင်ဆက်ဖျော်ဖြေသည့် အဆိုပါ "တင့်တယ်လှပမှုပုံရိပ်များ ပြန်လည်ရှင်သန်ခြင်းပြပွဲနှင့် အမျိုးသမီးရေးရာအငြိမ့်" ဖျော်ဖြေပွဲကို အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ လာရောက်ကြည့်ရှုသူ ပရိသတ်များဖြင့် အထူးစည်ကားခဲ့ပြီး အများပြည်သူကြည့်ရှုနိုင်ရန် ဇွန် ၃၀ ရက် ည ၇ နာရီမှစတင်ကာ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်း - သီသီမင်း၊**
**ဓာတ်ပုံ- ဖြိုး**

"အကြမ်းဖက်ဆူးမှ ဝေးစေချင်"
တစ်ခန်းရပ်ပြဇာတ်မှ ဇာတ်ဝင်ခန်းတစ်ခန်း





ဒီဇိုင်နာ မေမြတ်ဝါဆို၏ မဒီဟန်ချီ ဆေးရေးပန်းချီ အမည်ရှိ ဝတ်စုံဒီဇိုင်း လက်ရာအား တွေ့ရစဉ်။

# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၏ ဝင်ခွင့်လျှောက်လွှာများကို ရန်ကုန်အဝေးသင်တက္ကသိုလ်၌ လက်ခံလျက်ရှိ

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၏ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ဇွန် ၂၆ ရက်မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ်၌ စတင်လက်ခံလျက်ရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ဇွန် ၂၆ ရက်မှစတင်လက်ခံလျက်ရှိပြီး စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်ပါမကျန် ဇူလိုင် ၂၀ ရက်အထိ လက်ခံပေးမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် ဇွန် ၂၆ ရက်၌ ဝင်ခွင့်လျှောက်ထားသူ ၁၃၀၊ ဇွန် ၂၇ ရက်တွင် ၅၉၃ ဦးနှင့် ဇွန် ၂၈ ရက်တွင် ၁၃၀၀ လာရောက်လျှောက်ထားခဲ့ပြီးဖြစ်သည်ဟု သိရသည်။

“ကျွန်တော်တို့ ရန်ကုန်အဝေးသင်တက္ကသိုလ်အနေနဲ့ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးတဲ့ ရန်ကုန်တိုင်းအတွင်းမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ ဝင်ခွင့်တင်တာတွေကို လက်ခံပေးသွားမယ့်အပြင် အခြားပြည်နယ်နဲ့တိုင်းက လျှောက်ထားတာတွေကိုလည်း လက်ခံပေးသွားမှာပါ” ဟု ရန်ကုန်အဝေးသင်တက္ကသိုလ် သင်တန်းရေးရာဌာန ဌာနမှူး ဦးအောင်ခိုင်သန်းက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်ခွင့်ရရှိသူ ၄၂၀၀၆ ဦးရှိပြီး ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မန္တလေး)၊ သတင်းအချက်အလက်နည်းပညာ တက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီးနယ်မြေနှင့် လှိုင်နယ်မြေ)၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တို့သို့ တက်ရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာတက္ကသိုလ်များမှ နိုင်ငံပိုင်သတင်းစာများတွင် သီးခြားခေါ်ယူမည်ဖြစ်ပြီး ယင်းတက္ကသိုလ်များ၏



သတ်မှတ်လျှောက်လွှာပုံစံများဖြင့် တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်ပစာစစ်ဌာနများမှ တက္ကသိုလ်ဝင်ခွင့်ရရှိသူ ၆၅ ဦးရှိပြီး ၎င်းတို့အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးရုံးတွင် တက္ကသိုလ်ဝင်ခွင့်စာအိတ်ထုတ်ယူရမည်ဖြစ်ကာ ရန်ကုန်အဝေးသင်တက္ကသိုလ်တွင် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည်ဖြစ်သည်။ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားသူများအနေဖြင့် သတ်မှတ်ရက်ကျော်လွန်ပါက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သထုံလမ်းရှိ အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)သို့ ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ- ထိန်လင်း**

# မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ် အလုပ်အမှုဆောင်ကော်မတီ ရွေးချယ်

**ရန်ကုန် ဇွန် ၂၉**

၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ(ပတ္တမြား)ခန်းမ၌ ပြုလုပ်ခဲ့သည်။ အစီအစဉ်အရ အရွေးခံမည့် ကိုယ်စားလှယ်လောင်းများနှင့် မဲထည့်ပိုင်ခွင့်ရှိသည့် အစုအဖွဲ့များက မဲများကို စနစ်တကျထည့်ကြကာ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဗဟိုအလုပ်အမှုဆောင်ကော်မတီ ရာထူးနေရာများအလိုက် အမည်စာရင်းအတည်ပြုပြောကြားပေးသည်။

မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ရွေးချယ်ခံရသည့် ဦးကျော်မိုးဝင်းက ပေးအပ်သည့် တာဝန်များ၊ စည်းမျဉ်းဥပဒေများကို လိုက်နာကျင့်သုံးပြီး သေနတ်ပစ်အားကစား ထိုထက်မက တိုးတက်ဖို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအပြင် ကလပ်အဖွဲ့အစည်းများ၊ ဒေသတွင်း သေနတ်ပစ်အားကစားလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်တွင် အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ဦးကျော်မိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်ဦး၊ အတွင်းရေးမှူး ဦးသန်းစိုး၊ တွဲဖက်အတွင်းရေးမှူး (၁) ဦးမြင့်ဟန်၊ တွဲဖက်အတွင်းရေးမှူး(၂) ဒေါ်ဆွေဇင်ငြိမ်းနှင့် အမှုဆောင် ၁၂ ဦး စုစုပေါင်း ၁၇ ဦးဖြင့် အတည်ပြုခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# လှည်းကူးမြို့နယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာသို့ ကွင်းဆင်းကြည့်ရှု

**လှည်းကူး ဇွန် ၂၉**

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော်၊ လှည်းကူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ရွှေနှင့် ဝန်ထမ်းများသည် ယနေ့နံနက်က လှည်းကူးမြို့နယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာအဖြစ်ဆောင်ရွက်မည့် သနပ်ပြင်ကျေးရွာသို့ ကွင်းဆင်းကြည့်ရှုဆောင်ရွက်ပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ စံပြကျေးရွာတွင် ဒေသခံတောင်သူများမှ ရွေးချယ်နိုင်သော စိုက်စနစ် ယှဉ်ပြိုင်ကွက်ဒေသနှင့် ကိုက်ညီသော ရိတ်ချိန်တူစပါးမျိုးများ ယှဉ်ပြိုင်ကွက် (SRI)စနစ်ဖြင့် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ယခုနှစ် မိုးစပါးရာသီမှစ၍ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် မြို့နယ် ၁၃ မြို့နယ်တွင် ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာများအဖြစ် ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ ထို့နောက် ပိုက်ကြီးဝဲကျေးရွာတွင် (SGA) အဖွဲ့ဝင် တောင်သူ ဦးမောင်မောင်၏ ဆင်းသုခ (R.S) မျိုးသန့်စိုက်ခင်းအတွက် ပေါင်ပျိုးထောင်ထားမှုအား ကွင်းဆင်းကြည့်ရှုဆွေးနွေးခဲ့ကြောင်း သိရသည်။ **နိုင်လင်း(ပြန်/ဆက်)**

**ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်း ဇွန် ၂၉ ရက် မွန်းလွဲပိုင်းက မိုးသည်းထန်စွာသွန်းသဖြင့် လေးထောင့်ကန်လမ်းမကြီး ကွန်ကရစ်ထပ်ပိုးလွှာအထက် ကားလမ်းများအပေါ်အထိ ရေကျော်လျက်ရှိစဉ်။** ရဲမင်းထွန်း(ပြန်/ဆက်)





**ဇွန် ၂၆ ရက် ညပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ် အောင်ခိုင်စိုးက ၆ ရပ်ကွက် သာသနာ့ဗိမာန်ဓမ္မာရုံ၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများအား မူခင်းကျဆင်းရေး ပညာပေးဟောပြောစဉ်။** ကြေးမုံ

# နယ်လှည့်မူးယစ်ပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြော

**ကျိုက္ခမီ ဇွန် ၂၉**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ပဒ်ငံလေးကျေးရွာ မူလတန်း (လွန်)ကျောင်း၌ နယ်လှည့်မူးယစ်ပြခန်းယာဉ်ဖြင့် ဇွန် ၂၇ ရက် နံနက် ၁၁ နာရီတွင် ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှ ရဲအုပ်ကျော်သိန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍လည်းကောင်း၊ အမှတ် ၉ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့စု (မော်လမြိုင်)မှ ရဲအုပ်သိန်းဇော်မြင့်က လူကုန်ကူးမှုနှင့် လူကုန်ကူးမှုမခံရစေရေးနှင့် ပတ်သက်၍လည်းကောင်း၊ ကျိုက္ခမီနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် ကျော်ဆန်းက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်းကောင်း အသိပညာပေးဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်ရဲတပ်ဖွဲ့**


**လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များတွင် အသုံးပြုသည့် ပြည်တွင်းထုတ်နှင့် ပြည်ပမှတင်သွင်းလာသည့် မော်တော်ယာဉ်များအပေါ် အသင်းအဖွဲ့အမည်ဖြင့် မှတ်ပုံတင်မည့် နာရေးယာဉ်၊ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်များအတွက် အခွန်ကင်းလွတ်ခွင့်ပြုပေးထားခြင်းအား သိရှိနိုင်ပါရန် ကြေညာခြင်း**

ပြည်တွင်းထုတ်နှင့် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအနက် လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များတွင် အသုံးပြုသည့် မော်တော်ယာဉ်များအပေါ် တည်ဆဲ အခွန်ဆိုင်ရာဥပဒေများအရ **အသင်းအဖွဲ့အမည်ဖြင့် မှတ်ပုံတင်မည့် နာရေးယာဉ်၊ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်များ**အတွက် အခွန်ကင်းလွတ်ခွင့်များကို အောက်ပါအတိုင်း ခွင့်ပြုထားပါကြောင်း အသိပေးအပ်ပါသည်-

(က) **ဝင်ငွေခွန်ကင်းလွတ်ခွင့်**

(၁) ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-ခ ၏လုပ်ပိုင်ခွင့်အရ ၂၂-၁-၂၀၁၈ ရက်စွဲပါ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၇/၂၀၁၈ အရ ပြည်ပမှ တင်သွင်းသည့် **နာရေးယာဉ်၊ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်များ**အပေါ် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပြုထားပါသည်။

(ခ) **ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်**

(၁) ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ (က)၏ ဇယားအမှတ်စဉ် ၇၄ အရ **မီးသတ်ယာဉ်များနှင့် နာရေးယာဉ်များ**အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားပါသည်။

(၂) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ“ပြည်တွင်းပြည်ပအလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံတော်အတွင်း လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် လှူဒါန်းသည့် **နာရေးယာဉ်၊ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်များ**ကို” ပြည်ထောင်စုအစိုးရအဖွဲ့မှ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုပေးနိုင်ပါသည်။

(ဂ) **အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်**

(၁) အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၅)အရ “ပြည်တွင်းပြည်ပ အလှူရှင်များမှ ပြည်တွင်း၌ အဖွဲ့အစည်းများသို့ လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် အသုံးပြုရန် တင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်သော **နာရေးယာဉ်၊ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်များ**”အပေါ် အထူးကုန်စည်ခွန်ကင်းလွတ်ခွင့် ပြုထားပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**



**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတောင်ကျီးကုန်းရပ်ကွက်၊ ကွင်းအမှတ် (၅၁၆/က)၊ ဦးပိုင်အမှတ် (၁၅၄/ဃ-၁)၊ (၁၅၄/၇)ဟုခေါ်တွင်သော (၃. ၀၄) ဧကရှိ မြေကွက်နှင့်မြေပေါ် မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိကိုယ်တိုင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးမြသန်း [၉/တစန(နိုင်)၀၀၆၃၂၃]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးညွန့်သန်း [၁၂/သဃက(နိုင်)၁၃၂၄၃၇]က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသိန်းနိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၅၃)**
**အမှတ်-၄၊ မင်္ဂလာလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၈၀၀၁၃၅၂၊ ၀၉-၇၉၉၈၀၅၁၉၉။**



**ပြင်ဆင်ဖတ်ရှုပါရန်**

၉-၆-၂၀၁၈ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(ည)ပါ ရောင်းချရန်ကြော်ငြာစာ တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆ ကြော်ငြာတွင် “(ဉာဏ်လူလင်း)တွဲဖက်မြို့နယ်တရားသူကြီး(၃) တာမွေမြို့နယ်တရားရုံး” ဟုပြင်ဆင်ဖတ်ရှုပါရန်။



**ကိုကျော်နိုင်**
**CAR RENTAL**
စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
ALPHARD, HIACE (အမ်ဘာတုံး)
ကားအမျိုးမျိုးကို ငှားရမ်းနိုင်ပါသည်။
09 25 358 2510
09 515 8803
https://www.facebook.com/kyawpanda



**အမြန်လမ်းမပေါ်**
(၆)မိုင် ဥယျာဉ်ခြံမြေ၊
(၁၀)ဧကရောင်းမည်။
(၁)ဧက သိန်း(၄၂၀)
**ဖုန်း-၀၉-၇၆၆၀၆၂၃၂**



**လုံးချင်းအိမ်တိုက်ခန်းများ**
ပေါင်နှံခြင်း၊ရောင်းချခြင်း
ဆောင်ရွက်ပေးပါသည်။
**ဖုန်း-၀၉-၇၆၆၀၆၂၃၂**



**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
လှည်းကူးမြို့အထွက်၊ အထည်ချုပ်စက်ရုံအနီး
ခြံခတ်ပြီး၊ ရေပါမီးရှိ၊ ကွန်ကရစ်လမ်းပေါ်
ပေ ၄၀×၆၀ = ၆၅ သိန်း
ပေ ၂၅×၉၀ = ၅၅ သိန်း
ပေ ၂၅×၆၀ = ၄၅ သိန်း (ညှိနှိုင်းဈေး)
ဖုန်း - ၀၉ ၇၉၆၇၉၇၂၅၈၊ ၀၉ ၇၉၅၁၅၁၈၃၅၅


**သွေးသည် အသက်**




**HOTLINE**
+959 777 773 770
/THECENTRALYANGON

**PROJECT LOCATION**
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar

**GALLERY SHOWROOM**
No. 7-8, Kabar Aye Pagoda Road, Yankin Township, Yangon, Myanmar.
www.thecentral.com.mm

All information contained herein, including but not limited to statements, drawings, designs, illustrations, photographs, visual representations, models, renderings, areas, specifications, dimensions, plans, graphic materials, features and amenities, depictions of the fittings, finishes, features and other displays in the project, buildings or units (the "Materials") are conceptual and are for reference only to portray artistic impression of the lifestyle that our project aims to create and achieve. All areas and dimensions are approximate measurements subject to final survey, construction variances, and approval by the relevant authorities. Any part or all of the Materials are subject to modification, revision, change or withdrawal at the sole discretion of Marga Landmark Development Co., Ltd. ("Marga Landmark") without any prior notice to any person, and should not be relied upon as representations or warranties, whether express or implied, as to the final details of the project, buildings or units, and consequently cannot and should not form part of a binding offer or contract in respect of the project, buildings or units. Only Myanmar citizens or persons having the investor status in Myanmar may invest in this project. Marga Landmark recommends that interested or relevant persons should seek professional advice. Marga Landmark proposes that interested persons should perform on-site due diligence to gain a better understanding of the development site, its surroundings and nearby public facilities. All intellectual property rights relating to the Materials are owned by, and shall remain the exclusive property of Marga Landmark. Any unauthorized dissemination, reproduction, display or usage of any part of the Materials shall be deemed to constitute an infringement of Marga Landmark's rights, and is strictly prohibited.

# MIC
Myanmar Imperial College

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက်

**BA(Hons:)** | **MBA**

Business And Management
Marketing And Management
International Hospitality Management

Master of Business Administration

University of Northampton
Pearson

JULY Intake Enroll Now
09 732 10001
01 380233-234

တန်းခွဲအသစ်ကိုဇူလိုင်လ ၂ရက်နေ့နှင့်၇ရက်နေ့များတွင်ဖွင့်လှစ်ပါမည်။



အမှတ်(၁)၊ဈေးမြောက်လမ်း (ဦးဝိစာရအဝိုင်းအနီး)၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ www.mic-education.com

---

Since 1986
# KMD Institute





Call Now
09770867903

## တက္ကသိုလ်ဝင်တန်း၊ IGCSE အောင်မြင်ပြီးသူ ကျောင်းသား၊ ကျောင်းသူများအတွက် University of Greenwich (UK) တွင်ပျူတာသိပ္ပံဘွဲ့၏ ပထမနှစ် ဒီပလိုမာသင်တန်းများအတွက်ပညာတော်သင်ဆုများ ရရှိနိုင်မည့်အခွင့်အရေး .....

- IT နှင့် Business နှစ်မျိုးစလုံးကို တစ်ပြိုင်နက် သင်ယူလေ့လာနိုင်ခြင်း။
- အလုပ်တစ်ဖက်နှင့် (သို့) အစိုးရတက္ကသိုလ်များမှ ဘွဲ့များနှင့် ပြိုင်တူ International Degree ကို မိမိနိုင်ငံတွင်းမှာပင် အိုးမကွာ အိမ်မကွာ တက်ရောက်နိုင်ခြင်း။
- UK နိုင်ငံရှိ University of Greenwich တွင်ဘွဲ့နှင်းသဘင်အခန်းအနားကို တက်ရောက်နိုင်ရန် စီစဉ်ပေးခြင်း။
- Diploma ရရှိပြီးသည်နှင့် အလုပ်အကိုင်ရရှိမည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်း။
- English Language ကို သီးသန့်သင်ကြားရန်မလိုပဲ ပထမနှစ်မှ ဘွဲ့ရသည်အထိ Assignment နှင့် Project များကို ရေးသားနိုင်ရန် ဝါရင့် ဆရာ၊ဆရာမများမှသင်ကြားပြီး အချိန်ပြည့်ကျောင်းတွင် ရှိနေပေးခြင်း။
- CB BANK ဘဏ်၊ AYA Bank ဘဏ်များနှင့် ချိတ်ဆက်၍ သင်တန်းကြေးများကို အရစ်ကျပေးချေနိုင်ရန် စီစဉ်ပေးထားပါသည်။

First Year Diploma in Computing (L4DC) | 1 July 18 (Sat & Sun) 10:00 am to 5:00 pm

နယ်မှလာသောကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးထားပါသည်။

UNIVERSITY of GREENWICH | SQA | NCC education | ISO

၂၀၁၇ - ၂၀၁၈ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများရရှိနိုင်မည့် ပညာတော်သင်ဆုများမှာ

**First Year Diploma in Computing (L4DC)**
**First Year Diploma in Business IT (L4DBIT)**

- ဘာသာစုံ ဂုဏ်ထူးရှင် - (၁၅)သိန်း
- ၅ ဘာသာဂုဏ်ထူးရှင် - (၁၂)သိန်းခွဲ
- ၄ ဘာသာဂုဏ်ထူးရှင် - (၁၀)သိန်း
- ၃ ဘာသာဂုဏ်ထူးရှင် - (၇)သိန်းခွဲ
- ၂ ဘာသာဂုဏ်ထူးရှင် - (၅)သိန်း
- ၁ ဘာသာဂုဏ်ထူးရှင် - (၂)သိန်းခွဲ

**Higher National Diploma (SQA, UK)**
ပညာတော်သင်ဆု - (၉)သိန်းကျပ်

**KMD (Myaynigone) :** No.331, Pyay Road, Myaynigone, Sanchaung Township, Yangon. ☎ 01- 700895, 381776, 381035, 502233, 527436, 220555

---

# GDC Modern Co.,Ltd.
Aluminium window,Door product & Services

၁။ ပစ္စည်းအရည်အသွေးအာမခံ။
၂။ နောက်ဆုံးပေါ် ခေတ်မီစက်ကြီးများဖြင့် ထုတ်လုပ်မှု။
၃။ နှစ်(၄၀)ကျော်အတွေ့အကြုံရှိ စင်ကာပူကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှု။
၄။ Singapore BCA လက်မှတ်ရ ကျွမ်းကျင်ပညာရှင်များ၏ လက်ရာ
၅။ Design နှင့် Budge အပေါ်မူတည်ပြီး ရွေးချယ်နိုင်သော ပြတင်းတံခါး Series (၅)မျိုးနှင့် Tempered Door , Partition များ။
၆။ အခမဲ့ ဝန်ဆောင်မှုဖြင့် အိမ်တိုင်ရာရောက် တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ပေးခြင်း၊ Design ကူညီပုံဖော်ပေးခြင်း။













✣ လူကြီးမင်းတို့၏ လိုအပ်ချက်များကို အကောင်းဆုံးဝန်ဆောင်မှုတို့ဖြင့် ဖြေရှင်းပေးမည့်GDC

- အကောင်းဆုံးအရည်အသွေး၊ လေလွှင့်မှုအနည်းဆုံး System,
- ဘီးချော်မထွက်နိုင်ခြင်း၊ ရေမယိုစိမ့်စေခြင်းနှင့် သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသောပုံစံ
- ထုတ်လုပ်တပ်ဆင်သူများ လွယ်ကူ အဆင်ပြေ၍ တွက်ခြေကိုက်စေမည့်

Minimalist Design "E Series" Sliding Window Frame များကို အမြို့မြို့အနယ်နယ်သို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန် - အမှတ်(၂၁၂)၊ရွှေဂုံတိုင်တာဝါ၊အရှေ့ရွှေဂုံတိုင်လမ်းမ(MPT ရုံးချုပ်ရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-960188922, 09-964321988, 01-558228 Email: gdc.purchase@gmail.com

---

**GW** 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

---

**တက်နေဝန်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

SNN
# ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်
ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
မိုးရာသီ Promotion အထူးအစီအစဉ် (1.7.2018 မှ 31.7.2018)
အတွင်း ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်း (၂)မျိုးဝယ်ယူအားပေးသော မိတ်ဟောင်း ၊ မိတ်သစ်
Customer များကို ဘေးထိုးရွှေကလစ် (၁)ခု မေတ္တာလက်ဆောင်ပေးသွားပါမည်။
အမှတ်(၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၆၀၀၀၊ ၅၃၉၅၁၂၊ ၅၂၃၈၁၈
PH: ၀၉-၇၇၃၀၁၂၆၉၇၊ ၀၉- ၂၅၇၂၈၁၀၁၂



တီဗီစင်/စာအုပ်စင် ဖုံးတွဲ သုံးစွဲနိုင်မည်
အမြင်နှင့်ကောင်း
နံရံ/မျက်နှာကျက် အခန်းစွဲ လျှာထိုးပြား
SPECIAL PROMOTION
( T&G အခန်းစွဲ ၃ ကျင်း ဝယ်လျှင်)
လက်ဆောင်
3'x3' အလူမီနီယံ Window
Home Since 1996
အမှတ် F(2~8) ဝ-ထပ်၊ အောင်ဆန်းကွင်း(မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
အမှတ် (E-11A) လေးဒေါင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။
အမှတ်(၁၁) မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
☎ 09-950 950 950
☎ 09-79 700 70 70

Bedsheet / Comforter / Pillow / Bolster / Mattress
ကမ္ဘာ့အဆင့်မီ Tencel Fabric •
ထုတ်ပိုးမှုပုံစံသစ် •
နူးညံ့သောအလွှာ(၁၁)လွှာပါရှိသော •
ကျန်းမာရေးအတွက် အသင့်တော်ဆုံးမွေ့ယာ
GOLDEN EDEN SLEEP SOLUTIONS
Imported from Singapore



ကွာခြားချက်ကို သင်တွေ့ပြီလား ?
Authorized Sole Distributor in Myanmar
Kaday Myaing Co., Ltd
Bldg 31, Rm.no 5, Sabai St, Near Yuzana Plaza. Ph: 01 203671, 205756
www.goldenedensleepsolutions.sg

သတိုးအောင်ဇေယျ / Computer Sale & Service
အမှတ်(၁၀၆)ထိပ်ကမ်းသာလမ်း၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်။
၀၁-၂၅၀၀၈၄ / ၀၉-၄၅၄၄၆၆၆၈၉ / ၀၉-၄၂၂၅၁၃၉၆၂ / ၀၉-၉၇၆၃၂၈၅၂
Model -6560p
၂၆၉,၀၀၀/ကျပ်
အာမခံ(၁)နှစ်
Intel Core i3(2rd Gen) 2.3GHz
Ram - 4GB (DDR3)
HDD - 320 GB SATA
Wifi,Lan,USB,DVD ,15.6 Inch

အိမ်တိုင်ရာရောက် ကျန်းမာရေးပြုစုစောင့်ရှောက်မှု
အိမ်(သို့) ဆေးရုံတွင် ပြုစုစောင့်ရှောက်ရန်လိုအပ်သော ကလေး၊ သက်ကြီးရွယ်အိုနှင့် နာမကျန်းသူများအတွက် အချိန်တို (သို့) အချိန်ရှည်ဝန်ဆောင်မှု များပေးလျှက်ရှိပါသည်။
Care Support Clover Co.,Ltd
ဖုန်း-၀၉ ၂၅၀၂၃၄၁၀၈၊ ၀၉ ၇၉၀၆၃၅၉၆၄၊ ၀၁၂၄၅၇၇
အမှတ်(၂၈)၊ သုခမြိုင်၊ (၁)လမ်း၊ လှိုင်မြို့နယ်။

တစ်ဦးတည်းဖြစ်ပါကြောင်း
မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်အိအိဆွေ [၁၀/မဒန(နိုင်)၀၁၁၅၈၃] ၏ဖခင်ဖြစ်သူ ဦးရွှေသန်း [၁၀/မဒန(နိုင်)၀၁၁၈၆၈]နှင့် ဦးဆွေသန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးရွှေသန်း(ခ)ဦးဆွေသန်း

တရုတ်
စကားပြောရုံမဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ENGLISH Conversation Practice
ပြောလို့ပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133

GRAND i10 (ဆလွန်း)
THE GRAND NEW LINGO
HYUNDAI Official Partner
2018 FIFA WORLD CUP RUSSIA 2018



“ PRICE DOWN! ”
$311/Month



1.25 MPi Gasoline Engine | 4-Speed A/T | Engine Start/Stop Button | Spacious 4-Door Sedan | Rear Camera Display
SPECIAL GIFTS
Hyundai Car Showroom မှ ကားများကို ဝယ်ယူသူများအတွက် အမှတ်တရ အထူးလက်ဆောင်များ ပေးအပ်သွားမည် ဖြစ်ပါသည်။
Hyundai Car Showroom သို့ လာရောက်ရင်း အမှတ်တရအထူးလက်ဆောင်များကို ရယူနိုင်ပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
Yangon : No. 2/6, 2 Quarter, Corner of Insein Rd & Thamine Station Rd, Mayangone Township, Yangon, Myanmar. Showroom : (01) 522 723, 09 42 100 2051, 09 2500 100 10 Service Center : ( 01 ) 522 724
Mandalay : 3-F Myo Ma Oo Yin x 74th Street, Taung Myint Quarter, Pyi Gyi Ta Gon Tsp, MITC. Showroom : 09 2531 51970, 09 4539 55560 Service Center : 09 421 888 220
Mawlamying: Riverside Centre @ Yarmanya, Strand Road, Pabedan Quarter, Mawlamying Showroom : 057 24480, 09 970 164 721 Service Center : 09 765 724 480
Naypyitaw : No.4, Baw Ga Thiri Special Vehicle Service Centre, Front of Highway Bus Compound, Pyinmana,Naypyitaw. Showroom : 067 26416, 09 797939 277 Service Center : 067 26416
Monywa : No.119 (B), Bo Gyoke Road, Nat Lu Htate Pan Quarter, Monywa. Showroom : 09 7921 30 200, 09 2131 200 Service Center : 09 7921 30 600
Magway : No.26/27, Corner of Taung Twin Street & Bo La Yaung Street, Aung Saytanar(kha) Quarter, Magway. Showroom : 09 77777 1616, 09 77777 6161 Service Center : 09 77777 6161
www.hyundaimotor.com.mm info@hyundaimotor.com.mm www.facebook.com/hyundaimm
All information and illustrations are based on data avilable at the time of publication and subject to change without notice.

N-3
ဦးဉာဏ်လွင်(ရုပ်ဗေဒ)
ဦးညီညီ(ဓါတုဗေဒ)
ဒေါက်တာဇီဝ(ဇီဝဗေဒ)
ကိုယ်ပိုင်အထက်တန်းကျောင်း
၅ တန်းမှ ၁၀ တန်းအထိ
အမှတ်(၁၃၄)၊ လွတ်လပ်ရေးလမ်း၊ သုဝဏ္ဏဈေးအနီး၊ သွားဆေးတက္ကသိုလ်အနီး၊ သင်္ဃန်းကျွန်းမြို့နယ်။
Ph:09-420046938, 09-769633711, 09-421167047

ကိုမျိုးမင်း
LCD,PLASMA, LED အထူးပြုပြင်ရေး
LED မီးသီးများလွှင့်ခြင်း,LCD,PANELS များ လျှော့ကျ/မှားယွင်းခြင်း
LCD, LED, PANLELS မှ 32" များ
လဲလှယ်ပေးခြင်းတို့ကို အထူးပြုပြင်ပေးပါသည်။
အမှတ်(၁၆၉/၁၇၁)၊ မြေညီ(၃၄)လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉-၂၆၃၁၈၀၆၅၅၊ ၀၉-၇၇၇၉၉၃၀၉၈၊ ၀၉-၇၇၁၈၈၅၁၃

THREE STAR
Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်
ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း
ဆေးကြောသန့်စင်ခြင်းလုပ်ငန်း။
Split Type Air-con Brand New 1HP
၁ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း 300000-Ks
(Copper Pipe-10', Drain Pipe, Wire, Safeguard, Frame, Transportation)
"အနီးဆုံးဆိုင်သို့ ဆက်သွယ်ရန်"
တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ပဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932
မ/ဥက္ကလာပ - 0943131601, 09400882811

# နိုင်ငံတကာ MBA အတွေ့အကြုံအစစ်

STAMFORD INTERNATIONAL UNIVERSITY

LAUREATE INTERNATIONAL UNIVERSITIES

SIGNATURE M.B.A

# STRATEGY FIRST

Strategy First ၏ မိတ်ဖက်ဖြစ်သော Stamford International University (Thailand) မှ Signature Master of Business Administration (MBA) Program ကိုသင်ကြားပေး မည်ဖြစ်ပါသည်။ Stamford International University သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆင့်မြင့်ပညာ အဖွဲ့အစည်း ကွန်ရက်ကြီးဖြစ်သော Laureate ( http://laureate.net ) တက္ကသိုလ်များထဲမှ တစ်ခု ဖြစ်ပါသည်။ Laureate International University သည် အမေရိကန်အခြေစိုက် ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိက တက္ကသိုလ်အဖွဲ့ကြီး တစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့ ကျောင်းသား ကျောင်းသူ (၁) သန်းခန့် တက်ရောက်နေပါသည်။ ဘန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ ဆရာမများမှ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးမည် ဖြစ်ပါသည်။ အလုပ်တစ်ဖက်နှင့် မအားလပ်သူများ အဆင်ပြေစေရန် အတန်းချိန်များမှာ ရုံးချိန်လွတ် (တစ်ပတ်ခြား) သင်တန်းချိန်များဖြစ်ပြီး သင်တန်းကာလ (၁၈) လ ကြာမြင့်ပါမည်။ သင်တန်းကြေးမှာ (၁၂၈) သိန်းခန့် ကျသင့်ပါမည်။

သင်ကြားရမည့် ဘာသာရပ်များ

1. Business Esseintials
2. The Human Side of Organizations
3. Marketing as Value Creation
4. Managerial Accounting
5. Financial Management
6. Creative Thinking for Innovation and Change
7. Strategic Management
8. Business Research and Analysis
9. Internationalization Strategies
10. Cross Cultural Management

* Independent Study + Three Hours Exam

Application Deadline 6.7.2018

ဇူလိုင်လ (၁၃) ရက်နေ့ တန်းခွဲသစ် စမည်။






ဝင်ခွင့်သတ်မှတ်ချက်များ
- တက္ကသိုလ်ဘွဲ့ရပြီးသူ
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂) နှစ်ရှိသူ
- IELTS အမှတ် (၆.၀) ရရှိထားသူ

| Stamford MBA (၁၈) လပေးသွင်းရန် | |
|---|---|
| ကနဦးပေးသွင်းငွေ (Strategy First) | ၅၀၀,၀၀၀ ကျပ် |
| ကနဦးပေးသွင်းငွေ ၂၀% (AYA Bank) | ၂၄၆၀,၀၀၀ ကျပ် |
| လစဉ်ပေးသွင်းငွေ | ၅၈၀,၂၅၀ ကျပ် |
| သင်တန်းအတွင်းအပါကျသင့်ငွေပေါင်း | ၁၃,၄၀၄,၆၃၀ ကျပ် |

AYA Bank Your Trusted Partner

AYA Bank Education Loan နှင့် သင်တန်းကြေးပေးသွင်းခြင်း

သင်တန်းကြေးကို (၅) ကြိမ်ခွဲ၍ အရစ်ကျပေးသွင်းနိုင်ပြီး AYA Bank ၏ Student Loan ကို လျှောက်ထားခြင်းဖြင့်လည်း အရစ်ကျ ပေးသွင်းနိုင်ပါသည်။

ဒေါ်လာဈေး သုံးဖြင့် ထွက်ချက်ပေးထားခြင်းဖြစ်ပါသည်။ ကျောင်းသား / ကျောင်းသူဟောင်းများအတွက် အထူး Discount တိုးနိုင်ပါသည်။ မှတ်ချက် - ဒေါ်လာပြောင်းလဲမှုပေါ်မူတည်ပြီး ဈေးနှုန်းပြောင်းလဲနိုင်ပါသည်။

Call Now : 09 450 1777 70

\#Yangon Campus (1) - 8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon, Myanmar.
\#Yangon Campus (2) - 239, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon, Myanmar.
\#Yangon Campus (3) - 237, Corner of U Wizara Road and Dhamazedi Road, San Chaung Township, Yangon, Myanmar.
\#Yangon Campus (4) - 575, Near Hladen Bridge appearance and Marlar Bus Stop, Pyay Road, Kamaryut Township, Yangon.
\#Mandalay Campus - Block 4, Unit 8, Mingalar Mandalay, 73rd Road, Between Thazin and Ngu Shwe War Road, Mandalay.
\#Monywa Campus - Kyaukka Road, Nanda Wunn Ward, Monywa




ဘယ်လိုမေး? ဒီလိုဖြေမယ်

# တို့ကျောင်းသား

၂၀၁၉ - တက္ကသိုလ်ဝင်စာမေးပွဲ
**မေးခွန်းပုံစံသစ်**

လေ့ကျင့်ရန် မေးခွန်း(၅)စုံ နှင့် ဖြေဆိုနည်း လမ်းညွှန်



ဖြန့်ဝေကျော်စာပေ ▪ အမှတ်(၄၅၆)၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၁ - ၃၈၅၁၃၆ ၊ ၀၉-၇၃၀၂၉၉၂၉



ရွှေဘုန်းပြည့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း

သီရိလင်္ကာ ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်ပူဇော်ပွဲ
ပြည်အိပ်ရက် ခရီးစဉ် USD-1250
Aug 12 ထွက်မည်။
သံဃာတော်၊သီလရှင်များအား USD-100 လျှော့ပေးပါမည်။
အမှတ်(၃၃၈) ပထပ် ဓနိုလလမ်း ၁၆/၁ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်၊
၀၉-၇၃၀၆၀၀၃၈ ၊ ၀၉-၄၄၃၀၆၀၀၃၈ ၊ ၀၉-၄၄၄၄၅၅၀၀၆

WEC WISDOM Education Centre
IGCSE, GCE 'A'
ဘာသာစုံ သီးသန့်တန်းခွဲများ
edexcel Approved Centre No.91985
၁၁၅ (၄လွှာ)၊ သမိန်ဗရမ်းလမ်း၊ တာမွေအဝိုင်းထိပ်၊ ရန်ကုန်။ CALL : 09960707130

တက်လှ
အိမ်ပြောင်း/အိမ်ရွှေ့
ဈေးနှုန်းချိုသာစွာဖြင့် မြို့တွင်း/နယ်ဝေး အကောင်းဆုံး ဝန်ဆောင်မှုပေးသည်။
09-261111549
09-257962225

STANDARD ECOZONE
your affordable quality
seong gong Eco laminate floor



လက်လီ အထူးဈေးနှုန်း ၇၉၀၀၀ ကျပ်
လက်ကား အထူးဈေး (ကျင်း 20 အထက်) ၆၇၀၀၀ ကျပ်
8mm
1 ကျင်း (၃၀)ချပ်
(Floor Only)
အညီအသွေးနှင့်ဈေးနှုန်းချိုစုံစွာ ထယ်ယူနိုင်သည်
☎ 09 4555 444 30, 09 4555 444 03

ခြံဝင်
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
Ph:09 404663906
09-763584856

မိုးရှာမောင်
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏အိမ်ခန်း၊ ရုံးခန်းပြောင်းရွှေ့ခြင်းများအတွက် 10', 15', 16' ကားများနှင့် အလုပ်သမားစီစဉ်ပေးသည်။
09 5024774
09 73179228
09 49155515
09 49225338

AIT Asian Institute of Technology
APPLY NOW!
AUGUST INTAKE (MANDALAY & YANGON)



MPM
Professional Master's Program
Project Management in Construction

| | မန္တလေး သင်တန်းအတွက် | ရန်ကုန် သင်တန်းအတွက် |
|---|---|---|
| လျှောက်လွှာပိတ်ရက် | - ၁၅-၇-၂၀၁၈ (တနင်္ဂနွေ) | |
| အင်္ဂလိပ်စာစာမေးပွဲရက် | - ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူး) | ၁၈-၇-၂၀၁၈ (ဗုဒ္ဓဟူး) |
| လူတွေ့စစ်ဆေးမည့်ရက် | - ၂၃/၂၄-၇-၂၀၁၈ (တနင်္လာ/အင်္ဂါ) | ၂၅/၂၆-၇-၂၀၁၈ (ဗုဒ္ဓဟူး/ကြာသပတေး) |
| သင်တန်းစွင့်လှစ်မည့်ရက် | - ၉-၈-၂၀၁၈ (ကြာသပတေး) | ၃၀-၈-၂၀၁၈ (ကြာသပတေး) |

ဆက်သွယ်ရန်
ဦးအောင်မျိုးသိုက် (Program Partner)
09 785 157 276
unetwork2006@gmail.com






**ဖခင်အမည်မှန်**

နမ့်ခမ်းမြို့၊ အထက(၁)၊ နဝမတန်း(F)မှ မိုင်းအိုက်ကွမ်း၏ ဖခင်အမည်မှန်မှာ ဦးညီဖေ ဖြစ်ပါကြောင်း။ **ဦးညီဖေ**

**ဖခင်အမည်မှန်**

နမ့်ခမ်းမြို့၊ အထက(၁)၊ အဌမတန်း(B)မှ နန်းတင်မေထွေး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအေးမောင်ဖြစ်ပါကြောင်း။ **ဦးစိုင်းအေးမောင်**

**ဖခင်အမည်မှန်**

နမ့်ခမ်းမြို့၊ အထက(၁)၊ ဒသမတန်း(A)မှ နန်းဟွမ်းလော(ဝ်)၏ ဖခင်အမည်မှန်မှာ ဦးစိုင်းလီရွှေဖြစ်ပါကြောင်း။ **ဦးစိုင်းလီရွှေ**

**ဖခင်အမည်မှန်**

နမ့်ခမ်းမြို့၊ အထက(၁)၊ ဒသမတန်း(E)မှ လွေးအီစံ၏ ဖခင်အမည်မှန်မှာ ဦးညမ်းကိတ်ဖြစ်ပါကြောင်း။ **ဦးညမ်းကိတ်**

**အမည်မှန်**

နမ့်ခမ်းမြို့၊ အထက(၁)၊ ပဉ္စမတန်း(B)မှ စိုင်းမိန်းလိန်၏ အမည်မှန်မှာ စိုင်းအောင်မိုးဦး ဖြစ်ပါကြောင်း။ **စိုင်းအောင်မိုးဦး**

**ဖခင်အမည်မှန်**

နမ့်ခမ်းမြို့၊ အထက(၁)၊ သတ္တမတန်း(A)မှ မိုင်းအောင်မိန်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်ဆမ် ဖြစ်ပါကြောင်း။ **ဦးအိုက်ဆမ်**

**ဖခင်အမည်မှန်**

နမ့်ခမ်းမြို့၊ အထက(၁)၊ နဝမတန်း(B)မှ စိုင်းလိန်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းမောင်ဆွေဖြစ်ပါကြောင်း။ **ဦးစိုင်းမောင်ဆွေ**

**ဖခင်အမည်မှန်**

နမ့်ခမ်းမြို့၊ အထက(၁)၊ နဝမတန်း(E)မှ လွေးနီလာအေး၏ ဖခင်အမည်မှန်မှာ ဦးဆိုင်ဖြစ်ပါကြောင်း။ **ဦးဆိုင်**

**ဖခင်အမည်မှန်**

နမ့်ခမ်းမြို့၊ အထက(၁)၊ နဝမတန်း(A)မှ လွေးအေမြအေး၏ ဖခင်အမည်မှန်မှာ ဦးမောင်လုမ် ဖြစ်ပါကြောင်း။ **ဦးမောင်လုမ်**

**ဖခင်အမည်မှန်**

နမ့်ခမ်းမြို့၊ အထက(၁)၊ စတုတ္ထတန်း(B)မှ စိုင်းဟန်လှိုင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းအောင်ဖြစ်ပါကြောင်း။ **ဦးထွန်းအောင်**

**ဖြိုးမောက် (Phyo Mout)**

**ယာဉ်မောင်း အတတ် သင်တန်းကျောင်း**

လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းနားလည်ပြီး တကယ်ကားမောင်းတတ်ချင်ရင် "ဖြိုးမောက်ယာဉ်မောင်း" သင်တန်းသို့ ကြွရောက်ခဲ့ပါ။

လိုင်စင်ရရှိရေးကို အထူးကူညီဆောင်ရွက်ပေးပါသည်။

No. 59၊ မိုးမခလမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

Ph : 09-43157170, 09-254923256, 09-763173067, 09-250139696, 09-788862114




ကြီးမြန်သစ်ပင်　　စိုက်ပျိုးလျှင်　　စွမ်းအင်လည်းရ　　ပြည်လည်းလှ

# ဒုတိယသမ္မတ ဦးမြင့်ဆွေ စတုတ္ထအကြိမ် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်း ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၉**

စတုတ္ထအကြိမ် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs)၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့် ပြိုင်ပွဲ (၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များတွင် MSMEs များ၏ ဒေသတွင်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုကြစဉ်။

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ စတုတ္ထအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ စတုတ္ထအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၂၉**

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (National Road Safety Council–NRSC)၏ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီ ကောင်စီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်နှင့် မန္တလေးမြို့တော်ဝန်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လမ်းပန်း ဆက်သွယ်ရေးဆိုင်ရာဝန်ကြီးများ၊ ဆပ်ကော်မတီ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻**



# တိုင်းရင်းသားရေးရာ

ကြေးမုံ အထူးကဏ္ဍ

၈

ဇွန် ၃၀၊ ၂၀၁၈ (စနေနေ့)


# ထနော့တိုင်းရင်းသားတို့အကြောင်း

● မိုင်းနော်ရိန်း(လူမှုဘဝ)



မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများစွာဖြင့် ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တိုင်းရင်းသားလူမျိုးများသည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းများ အသီးသီးပိုင်ဆိုင်ကြသည်။ ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်နိုင်သော လူမျိုးများရှိသကဲ့သို့ ဓလေ့ထုံးတမ်းများ ပျောက်ကွယ်လုနီးပါးဖြစ်သော လူမျိုးများလည်းရှိကြသည်။ ပျောက်ကွယ်လုနီးပါးဖြစ်သော လူမျိုးများ၏ စာပေ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ မှတ်တမ်းတင်ပြုစု၍ ထိန်းသိမ်းသွားရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို လမ်းညွှန်မှုပြုခဲ့သည်။ အဆိုပါ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ညွှန်ကြားချက်သည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေအခန်း (၅)၊ ပုဒ်မ (၉)၊ အပိုဒ်ခွဲ (ည)တွင် ပြဋ္ဌာန်းပါရှိသည့် လူနည်းစုဖြစ်သော ကွယ်ပျောက်လုနီးပါးဖြစ်နေသော တိုင်းရင်းသားမျိုးနွယ်စုများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းအချက်များနှင့် ကိုက်ညီမှုရှိခြင်းအပြင် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်လည်း ဖြစ်သည်။ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင် ဦးဆောင်သောအဖွဲ့သည် ပျောက်ကွယ်လုနီးပါး ထနော့တိုင်းရင်းသားတို့၏ လူနေမှုဘဝနှင့် ဓလေ့ထုံးတမ်းများကို သွားရောက်မှတ်တမ်းတင်ခဲ့ကြသည်။

**ထနော့လူမျိုးများ ဆင်းသက်လာပုံနှင့် နေထိုင်ရာဒေသ**

ထနော့လူမျိုးတို့သည် မွန်-ခမာအုပ်စုတွင် ပါဝင်ပြီး “ဝ”-ပလောင်အုပ်စုခွဲ သုံးမျိုးထဲမှ ရှမ်းပလောင်သွေးနှောသည့် လူမျိုးဟု ယူဆသည်။ ၎င်းတို့သည် မြန်မာနိုင်ငံ၏ ရှမ်းပြည်နယ်တစ်ဝန်းတွင် မွန်-ခမာမျိုးနွယ်တို့ အခြေစိုက်နေထိုင်ကြရာမှ ရှမ်း-မြန်မာတို့ ဝင်ရောက်သိမ်းပိုက်မှုကြောင့် တောင်အရပ်ဖြစ်သော ရှမ်းပြည်(တောင်ပိုင်း)သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည့် မွန်လူမျိုးများနှင့် ကွဲပြားပြီး ရှမ်းပြည်နယ်တစ်ဝန်း ကြွင်းကျန်ရစ်သော လူမျိုးစုဟု ယူဆခဲ့ကြသည်။

ထနော့လူမျိုးတို့သည် ရှမ်းပြည်(တောင်ပိုင်း) ကလောမြို့နယ်ရှိ တောင်ပို့လှုရွာ(ထနော့ရွာ)ကို ထနော့ပင်ရင်းရွာအဖြစ် ယူဆကြသည်။ အဘယ်ကြောင့်ဆိုသော် အရှေ့နှင့်အနောက် လေးမိုင်ခန့်ကျယ်ဝန်းပြီး တောင်နှင့် မြောက် ငါးမိုင်ခန့်သာကျယ်ဝန်းသော တောင်ပို့လှုရွာသည် ထနော့လူမျိုးများ သီးသန့်နေထိုင်သောရွာဖြစ်သည်။ ရှေးယခင်က ရွာ၏အနောက်တောင်ဘက်တွင် လှုပ

> ထနော့လူမျိုးတို့သည် မွန်-ခမာအုပ်စုတွင် ပါဝင်ပြီး “ဝ”-ပလောင်အုပ်စုခွဲ သုံးမျိုးထဲမှ ရှမ်းပလောင်သွေးနှောသည့် လူမျိုးဟု ယူဆသည်။ ၎င်းတို့သည် မြန်မာနိုင်ငံ၏ ရှမ်းပြည်နယ်တစ်ဝန်းတွင် မွန်-ခမာမျိုးနွယ်တို့ အခြေစိုက်နေထိုင်ကြရာမှ ရှမ်း-မြန်မာတို့ ဝင်ရောက်သိမ်းပိုက်မှုကြောင့် တောင်အရပ်ဖြစ်သော ရှမ်းပြည်(တောင်ပိုင်း)သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည့် မွန်လူမျိုးများနှင့် ကွဲပြားပြီး ရှမ်းပြည်နယ်တစ်ဝန်း ကြွင်းကျန်ရစ်သောလူမျိုးစုဟု ယူဆ

သော တောင်ပို့တစ်ခုရှိခဲ့သည်။ ယင်းတောင်ပို့ရှိရာတွင် ယခုအခါ ၎င်းတို့ကိုးကွယ်သော ရွာစောင့်နတ်မောင်နှမကို နတ်ကွန်းများဖြင့် ထားရှိကိုးကွယ်ကြသည်။ လှုပသောတောင်ပို့ကို အစွဲပြုခေါ်ဆိုရာမှ “တောင်ပို့လှု”ဟု အမည်တွင်လာကြောင်း သိရသည်။

ယခုအခါ တောင်ကြီးမြို့နယ် အေးသာယာမြို့အနီး နောင်အင်ရွာတွင် အများဆုံး ပြောင်းရွှေ့နေထိုင်လာကြသည်။ နောင်အင်ရွာသည် ထနော့လူမျိုးတို့၏ မူရင်းဒေသမဟုတ်သောကြောင့် ရိုးရာအိမ်၊ ရှေးယခင်က ဓလေ့ထုံးတမ်းများကိုလည်း အနည်းငယ်ဖြင့်သာ တွေ့မြင်ရသည်။ နောင်အင်ရွာတွင် ထနော့လူမျိုးများသည် ပအိုဝ်း၊ တောင်ရိုး၊ ဓနုလူမျိုးများနှင့် ရောနှောနေထိုင်ခဲ့ကြသည်။

**အသွင်သဏ္ဌာန်နှင့် စိတ်နေစိတ်ထား**

ထနော့လူမျိုးတို့သည် အရပ်အမောင်းမှာ မြန်မာတို့နှင့် ခြားနားမှုမရှိ၊ အသားလတ်သူများ ဖြစ်ကြသည်။ ဆံပင်နက်၍ ဖြောင့်သည်။ အမျိုးသား၊ အမျိုးသမီးများသည် အိမ်မှာနေထိုင်ကြသည့်အချိန်သော်လည်းကောင်း၊ တောင်ယာ၊ လယ်ယာသွားသည့် အချိန်သော်လည်းကောင်း ခေါင်းပေါင်းပေါင်းလေ့ရှိကြသည်။ ထနော့လူမျိုးတို့သည် ဘာသာတရားကိုင်းရှိုင်းကြသူများဖြစ်သကဲ့သို့ စိတ်နေစိတ်ထားမှာလည်း ရိုးသားဖြူစင်ကြသည်။ ဧည့်ဝတ်ကျေပွန်ပြီး အေးအေးချမ်းချမ်း နေထိုင်လိုကြသည်။ ဘုရား၊ တရား၊ သံဃာ၊

အထူးကဏ္ဍ [ ခ ] သို့ »»



# အာခါရိုးရာဂျပ်ခုတ်လုပ်ငန်း

● လင်းသူ

တိုင်းရင်းသားလူမျိုးနွယ်ပေါင်းများစွာ မှီတင်းနေထိုင်ကြသည့် အမိမြန်မာပြည်ကြီးတွင် အာခါလူမျိုးစုသည်လည်း အထင်အရှားပါဝင်လျက်ရှိသည်။ ကိုယ်ပိုင်ရိုးရာ၊ ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုတို့ဖြင့် ရပ်တည်နေထိုင်ကြသည်။ မြန်မာနွယ်ဖွား တိုင်းရင်းသားအာခါတို့ကို ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် အများဆုံးတွေ့ရှိကြသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရိုးရာငွေထည်လုပ်ငန်းလုပ်ကိုင်ကာ အသက်မွေးကြသည်။ ဝတ်စားဆင်ယင်မှုအတွက် အစဉ်အဆက်ဆင်းသက်လာသော အထည်ရက်လုပ်ခြင်းအတတ်ပညာဖြင့် ကိုယ်တိုင်ချုပ်လုပ်ဝတ်ဆင်ကြသည်။ ဒေသအခေါ်အားဖြင့် ဂျပ်ခုတ်ရက်လုပ်ခြင်းဟု ခေါ်ကြသည်။ ယင်းပညာရပ်ကို ရိုးရာအမွေအနှစ်အဖြစ် အစဉ်အဆက် ထိန်းသိမ်းလုပ်ကိုင်လာကြသည်ကို တွေ့ရသည်။

နှစ်ကာလပေါင်းများစွာကုန်လွန်လာကာ ယနေ့ခေတ်တွင် အစစအရာရာတိုးတက်လာပြီး လက်မှုမှ စက်မှုသို့ အလျင်အမြန်ပြောင်းလဲလာကြချိန်၌ ရိုးရာဂျပ်ခုတ်လုပ်ငန်း တိမ်မြုပ်လုနီးပါးဖြစ်လာရသည်။ အချို့လူငယ်များက ပျောက်ပျက်မသွားစေရန် လက်ဆင့်ကမ်းသင်ယူထားကြသည်။ အချို့က မျက်ကွယ်မပြုချင်သော်လည်း ခေတ်အခြေအနေကြောင့် ရိုးရာလုပ်ငန်းကို နောက်ချန်ထားခဲ့ကြရသည်။ ယခင်က ကျိုင်းတုံမြို့ အမှတ် (၄) ရပ်ကွက် ဒွိုက်နော့ရွာတွင် ရွာလုံးကျွတ် ဂျပ်ခုတ်လုပ်ကိုင်ခဲ့ကြသော်လည်း ယခုအခါ လက်ဆယ်ချောင်းပင်မပြည့်တော့သည်အထိ လျော့ပါးခဲ့ရပြီဖြစ်သည်။

အထူးကဏ္ဍ [ ဂ ] သို့ »»

အထူးကဏ္ဍ [ က ] မှ »»»

အသက်ကြီးသူများ၏ အဆုံးအမကိုလည်း တစ်သဝေမတိမ်းလိုက်နာခဲ့ကြသည်။ “လေးလံထိုင်းမှိုင်း ကိုင်းရှိုင်းရိုသေမှတ်ပေ ထနော့တွေ” ဟူသော ယင်းတို့၏ဆိုရိုးနှင့်အညီ ခပ်အေးအေး နေတတ်ကြပြီး ဘာသာရေးကို ရိုသေကိုင်းရှိုင်းကြသည်။

**ဘာသာရေးနှင့် ကိုးကွယ်ယုံကြည်မှု**

ထနော့လူမျိုးများသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး အိမ်တိုင်းတွင် ဘုရားစင်ရှိကာ ဗုဒ္ဓဘုရားဆင်းတုတော်ကို ထားရှိကိုးကွယ်သည်။ ဗုဒ္ဓဘာသာဝင်ဖြစ်သည်နှင့်အညီ ဘာသာတရားကိုင်းရှိုင်းပြီး ယဉ်ကျေးသိမ်မွေ့ကြသည်။ ထနော့လူမျိုးတို့သည် နတ်ကိုးကွယ်မှုလည်း ရှိကြသည်။ တစ်နှစ်တစ်ခါ နတ်စင်ကုန်းသို့ သွားရောက်၍ ပူဇော်ပသလေ့ရှိသည်။

**စာပေနှင့် ဘာသာစကား**

ထနော့လူမျိုးတို့သည် ရှေးပဝေသဏီကပင် ဘာသာစကားရှိခဲ့သည်။ လူမျိုးတစ်မျိုး၏ သမိုင်းကို ရေးသားရာတွင် ရှေးလူကြီးသူမတို့၏ စကားကိုမှုတည်၍ သမိုင်းအဖြစ် ရေးမှတ်ကြစမြဲပင်ဖြစ်သည်။ ရှေးယခင်က ရေးမှတ်စရာ၊ ဝေငှစရာပစ္စည်းများ မပေါ်ပေါက်သေးသဖြင့် တစ်ဦးနှင့်တစ်ဦး မိမိတို့၏ ပုံပြင်၊ ဒဏ္ဍာရီ၊ တေး၊ ကဗျာ၊ လင်္ကာတို့ကိုသာ လက်ဆင့်ကမ်းဝေမျှခဲ့ကြသည်။ထို့ကြောင့် လူမျိုးတစ်မျိုး၏ မူလအစနှင့် သမိုင်းကြောင်းအစဉ်အလာတို့ကို မှတ်တမ်းပြုစုရာတွင် ထိုလူမျိုးတို့၏ စာပေမှတ်တမ်းနှင့် အိမ်နီးချင်းလူမျိုးတို့၏ စာပေမှတ်တမ်းများကို အားကိုးအားထားပြု၍ လေ့လာရမည်ဖြစ်သည်။

ထနော့တိုင်းရင်းသားတို့သည် မူလက စာပေသမိုင်းမရှိသော လူမျိုးဖြစ်သည်။ ရှေးလူကြီးများ၏ ပြောစကားအရ ယခင်က စာပေရှိခဲ့သော်လည်း လက်ဆင့်ကမ်းသင်ကြားခဲ့ခြင်းမရှိသဖြင့် ခိုင်လုံသော စာပေအထောက်အထားများကို မတွေ့ခဲ့ရပေ။ သို့ရာတွင် ထနော့လူမျိုးတို့သည် ရှေးလူကြီးတို့၏ အဆို၊ အမိန့်၊ တေး၊ ကဗျာ၊ လင်္ကာတို့ကို လူငယ်လူရွယ်တို့က စိတ်ဝင်စားစွာလေ့လာမှတ်သားလာခဲ့သည့်အလျောက် ယနေ့တိုင် ဂုဏ်ယူဝင့်ကြွားစွာ သီဆိုရွတ်ပြ၊ ပြောကြားကြသည်။

ထို့ကြောင့် ထနော့လူမျိုးတို့၏ လူမျိုးအစ၊ လူမျိုးဆက်နွှယ်မှု၊ သမိုင်းကြောင်းအစဉ်အလာများကို စာပေအထောက်အထားဖြင့် မတင်ပြနိုင်သေးသော်လည်း မိမိတို့၏စာပေကို အိမ်နီးချင်းလူမျိုးများ၏ နည်းပညာများကို လေ့လာမှတ်သားပြီး တီထွင်ဖန်တီးနိုင်မည်ဆိုပါက ရှေးလူကြီးသူမတို့၏ အဆိုအမိန့်များ၊ တေး၊ ကဗျာ၊ လင်္ကာများသည် ကျောက်စာပမာ ခိုင်မြဲသည့်အတွက် ယင်းအဆိုအမိန့်၊ တေး၊ ကဗျာ၊ လင်္ကာတို့ကို စနစ်တကျလေ့လာမှတ်တမ်းတင်နိုင်ခြင်းဖြင့် ထနော့လူမျိုးတို့၏ သမိုင်းကြောင်းကို မှတ်တမ်းတင်ထားရှိနိုင်မည်ဖြစ်သည်။

ထို့အပြင် မိမိတို့၏ စာပေသင်ကြားခြင်းဖြင့် မိမိတို့ဘာသာစကားကို အလွယ်တကူသင်ကြားနိုင်ခြင်း၊ လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ခြင်း၊ စာပေသင်ကြားခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ခြင်း၊ တေးသီချင်း၊ ကဗျာလင်္ကာများဖန်တီးနိုင်ခြင်း၊ ခိုင်လုံသော စာပေရှိသည့်လူမျိုးအတွက်ဖြင့် ဂုဏ်ယူနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။



**ထနော့လူမျိုးတို့၏ ပညာရေး**

ထနော့လူမျိုးတို့သည် ရိုးသားစွာနေထိုင်ကြသည့်အပြင် အလုပ်ကြိုးစားသော လူမျိုးများဖြစ်ကြသည့်အလျောက် ဆယ့်နှစ်လရာသီကာလပတ်လုံး ရာသီပေါ်သီးနှံများကို စိုက်ပျိုးကြသဖြင့် အလုပ်နှင့်လက်မပြတ် အလုပ်လုပ်ကြသဖြင့် ပညာသင်ကြားရေးကို စိတ်ဝင်စားမှုနည်းပါးကြသည်။ ထနော့လူမျိုးအများစုသည် မူလတန်းအောင် ရေးတတ်ဖတ်တတ်အရွယ်ရောက်လျှင် မိဘများ၏အလုပ်ကိုဝိုင်းကူရန်အတွက် ကျောင်းဆက်မတက်နိုင်ကြတော့ပေ။ ပညာတတ်နည်းပါးခြင်းကြောင့် မိမိတို့စာပေကို ထိန်းသိမ်းနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ကွယ်ပျောက်ခဲ့ပြီး ဘာသာစကားသာ ကျန်ရှိခဲ့သည်။ ထို့ကြောင့် ထနော့လူမျိုးများအနေဖြင့် ယခုထက်ပို၍ ပညာရေးကို ပိုမိုအလေးထားသင်ယူနိုင်ပါက မိမိတို့၏ ဘာသာစာပေကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ပျောက်ကွယ်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပေသည်။ ထနော့လူမျိုးအများစုနေထိုင်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်အတွင်းရှိ တောင်ပို့လှုရွာနှင့် အနီးတစ်ဝိုက်ရွာတို့တွင် လူဦးရေ ၄၀၀၀ ကျော်ရှိသည့်အနက် ယခုအချိန်အထိ ဒသမတန်း အောင်မြင်သူတစ်ဦးသာရှိသေးကြောင်းနှင့် အများစုမှာ အခြေခံမူလတန်းအထိသာ သင်ကြားခဲ့ကြပြီး တချို့သာ အလယ်တန်း၊ အထက်တန်းများတွင် ပညာဆက်လက်သင်ယူကြရာ အလယ်တန်းအောင်သူနှင့် အထက်တန်းအဆင့် တက်ရောက်နေသူ အနည်းငယ်သာရှိကြသည်။ သို့သော် တောင်ကြီးမြို့နယ် အေးသာယာမြို့အနီး နောင်အင်ရွာတွင် အခြေချနေထိုင်ကြသော ထနော့လူမျိုး ၃၀၀၀ ခန့်ရှိရာတွင် ဘွဲ့ရပညာတတ်များ အနည်းငယ်ရှိလာသော်လည်း ဘွဲ့ရသူအများစုမှာ မိရိုးဖလာတောင်ယာလုပ်ငန်းများကိုသာ ဆက်လက်လုပ်ကိုင်ကြသည်ကို လေ့လာတွေ့ရှိရသည်။

**ဝတ်စားဆင်ယင်မှု**

ထနော့လူမျိုးတို့သည် ယနေ့အချိန်ထိ ရိုးရာဝတ်စားဆင်ယင်မှုသည် တိတိကျကျ သတ်မှတ်ထားခြင်းမရှိသေးပါ။ ထနော့လူမျိုးတို့သည် နေထိုင်ရာဒေသတွင်လည်း အခြားလူမျိုးနှင့် ရောနှောနေထိုင်ကြသည်။ တောင်ရိုးလူမျိုးနှင့် နီးစပ်ရာတွင်လည်း တောင်ရိုးဝတ်စုံကိုသာ ဝတ်ဆင်ကြပြီး ပအိုဝ်းနှင့်နီးစပ်ရာတွင်လည်း ပအိုဝ်းဝတ်စုံကိုသာ ဝတ်ဆင်လေ့ရှိကြသည်။ ယခုအမျိုးသမီးဝတ်စုံမှာ ယာယီဝတ်စုံသတ်မှတ်ပြီး တူညီစွာ ဝတ်ဆင်ကြသည့် ဝတ်စုံဖြစ်သည်။ အမျိုးသားမှာမူ တောင်ရိုးဝတ်စုံနှင့် ပအိုဝ်းဝတ်စုံကိုသာ ဝတ်ဆင်ကြသည်။ ထနော့လူမျိုးတို့သည် ရိုးရာဝတ်စုံပေါ်ထွန်းဖို့ရာ တတ်သိပညာရှင်များ၏ အကြံဉာဏ်ပေးမှုကိုလည်း လက်ကမ်းကြိုဆိုမျှော်လင့်နေခဲ့သည်။



**အနုပညာနှင့် တူရိယာ**

ထနော့လူမျိုးများသည် အနုပညာနှင့် ပတ်သက်၍ တေးဂီတနှင့် အကများမှာ ပအိုဝ်းလူမျိုးများကဲ့သို့ပင် သီဆိုကကြသည်။ တူရိယာပစ္စည်းများမှာ ထနော့အိုးစည်ကြီးရှိသည်။ အခါကြီး၊ ရက်ကြီးများတွင် တီးလေ့ရှိကြပြီး ဘုန်းတော်ကြီးကျောင်းတွင် ထားလေ့ရှိကြသည်။ ကျန်တူရိယာများမှာ ရှမ်းအိုးစည် ဗုံရှည်၊ မောင်းဆိုင်း ငါးလုံး၊ ခြောက်လုံး၊ ခုနစ်လုံးနှင့် လင်းကွင်းတစ်စုံတို့ ပါဝင်သည်။ ယခင်က ပလွေ၊ နှဲမှုတ်လေ့ရှိကြပြီး ယခုအခါ တူရိယာများဖြစ်သည့် စောင်း၊ ပလွေ စသည်များ တီးမှုတ်လေ့မရှိကြတော့ပေ။ အခြားတူရိယာများသည်လည်း လက်ဆင့်ကမ်းထိန်းသိမ်းခြင်းမရှိသည့်အတွက် ပျောက်ကွယ်ခဲ့ကြသည်။

ထနော့အိုးစည်ကို တီးသောအခါ လက်တွင် အဝတ်စပတ်ပြီး တီးရသည်။ ထနော့အကမှာ လေးမျိုးခန့်ရှိသည်ဟု သိရသည်။ ယခုအခါ လူငယ်များမကကြတော့သဖြင့် တဖြည်းဖြည်းပျောက်ကွယ်လုနီးပါးဖြစ်နေကြောင်း တွေ့ရသည်။ ထနော့အိုးစည်တီးသောအခါ “အိုးစည်ဖင်ဖွာ တီးလို့လာ၊ ဘယ်ရွာကလဲ၊ နောင်အင်ရွာ၊ ကျီးဖြူကန်ပိတ်၊ ဦးဆွေထိပ်”လို့ သီဆိုခဲ့ကြသည်။ ထနော့မော်အေးဟုခေါ်သော သီချင်းကိုလည်း သီဆိုကြသည်။

**လက်ထပ်ထိမ်းမြားခြင်း**

လူပျိုဘက်မှ အပျိုဘက် မိဘကို သွားရောက်တောင်းရမ်းရာတွင် လက်ခံသဘောတူပါက မင်္ဂလာရက်ရွေးပြီး မင်္ဂလာဆောင်ကြသည်။ မင်္ဂလာဆောင်ရာတွင် ငှက်ပျော သုံးဖီး၊ လက်ဖက်စိုထုပ်၊ ကွမ်း၊ ဆေးပါဝင်သည့် ကန်တော့ပွဲဖြင့် မိဘနှင့် ရပ်မိရပ်ဖများကို ဦးစွာကန်တော့ရသည်။ လက်ဖက်စိုအနည်းငယ်စီကို သတို့သားက သတို့သမီးကိုလည်းကောင်း၊ သတို့သမီးက သတို့သားကိုလည်းကောင်း ကျွေးရသည်။ ထို့နောက် ငါးချဉ်အနည်းငယ်စီကို အပြန်အလှန်ခွံ့ရသည်။ မင်္ဂလာလက်ဖွဲ့၊ ရွှေ၊ ငွေ စသည်တို့ကို တတ်နိုင်သလောက် ထည့်ဝင်ကြသည်။ ဘုန်းကြီးအား မင်္ဂလာဆွမ်းကပ်လေ့မရှိပေ။ လက်ဖွဲ့ချည်မျှင်စွပ်ပေးပြီး အသက်ရှည်ကြပါစေ၊ စီးပွားတိုးတက်ပါစေဟု ရပ်ရွာလူကြီးသူမများက ဆုမွန်ကောင်း တောင်းပေးကြသည်။ မင်္ဂလာဆောင်ရက်တွင် နံနက်ပိုင်း ခပ်စောစော ၈ နာရီ၊ ၉ နာရီတွင် ထမင်းကျွေးကြသည်။ ယခုခေတ်တွင် လက်ဖက်ရည်နှင့် မုန့်များ ကျွေးမွေးဧည့်ခံခြင်းကိုလည်းရှိသည်။ လက်ထပ်မင်္ဂလာပြုခြင်းကို ဝါတွင်း သုံးလနှင့် သင်္ကြန်ရက်အတွင်းတွင် ရှောင်ကြဉ်ကြသည်။

သတို့သမီးကို သတို့သားအိမ်သို့ ခေါ်ဆောင်ရာတွင် နဂါးခေါင်းလှည့်သည့် အရပ်ကိုကြည့်ကာ ရွေးကြသည်။ နဂါးခေါင်းလှည့်နေလျှင် မခေါ်သေးဘဲ သတို့သမီးမိဘအိမ်တွင် ထားလေ့ရှိကြသည်။ ပြန်ခေါ်လာလျှင်လည်း သတို့သား၏ အဖေနှင့် အမေက အိမ်ပေါ်မှ ဆင်းလာကာ သတို့သမီးယူလာသော အိတ်ကိုယူကာ အိမ်ပေါ်သို့ ခေါ်လာရသည်။ သို့မှသာ မင်္ဂလာဆောင်ခြင်း အထမြောက်သည်။

**ဆေးမင်ကြောင် ထိုးခြင်းဓလေ့**

ထနော့ရိုးရာဆေးမင်ကြောင်ထိုးရာတွင် ကန်တော့ပွဲပေးရသည်။ ပွဲတစ်ပွဲတွင် အုန်းသီးတစ်လုံး၊ ငှက်ပျော နှစ်ဖီးနှင့် ဆေး၊ ကွမ်း၊ လက်ဖက်တို့ကို ကန်တော့ထိုးထည့်ရပြီး ပါဝင်သောပန်းများမှာ သပြေပန်း၊ မာလကာညွန့်၊ မုရားပန်း၊ မြေစာ စသည်တို့ဖြစ်သည်။ ဆေးမင်ကြောင်ထိုးတော့မည်ဆိုလျှင် အဆိုပါကန်တော့ပွဲပေးပြီး မီးပူဇော်ကာ အထက်ဂိုဏ်းဆရာများကိုပင့်ဖိတ်၍ ပွဲအပ်ပြီး အကူအညီ တောင်းရသည်။

ဆေးမင်ကြောင်ထိုးမည့်သူသည် ရေချိုး၊ ခေါင်းလျှော်၍ ဘုရားစင်ရှေ့တွင် ငါးပါးသီလခံယူပြီးပါမှ ဆေးထိုးရသည်။ ပွဲပေးရာတွင် ကန်တော့ပွဲကို တစ်ပွဲ၊ နှစ်ပွဲ၊ သုံးပွဲ၊ ငါးပွဲ၊ ခုနစ်ပွဲ၊ ကိုးပွဲ စသည်ဖြင့် ပေးလေ့ရှိသည်။ တစ်ပွဲ၊ နှစ်ပွဲမှာ ရိုးရိုးသာမန်ဆေးမင်ကြောင်ထိုးသူများအတွက်ဖြစ်ပြီး သုံးပွဲမှ ငါးပွဲမှာ ဆရာဖြစ်ထိုးသူများအတွက် ဖြစ်သည်။ ခုနစ်ပွဲ၊ ကိုးပွဲမှာ ဆရာကြီးအဆင့်များအတွက်ဖြစ်သည်။ ဆရာဖြစ်ပွဲပေးပြီးသူများမှာ တိုင်းရင်းဆေးပညာဖြင့် ဆေးကုသနိုင်ပြီး ပယောဂရောဂါများကိုလည်း ကုသနိုင်သည်။

ထနော့တိုင်းရင်းသား ယောကျ်ားလေးများ အားလုံးနီးပါး ဆေးမင်ကြောင်ထိုးသောဓလေ့ရှိသည်။ ဆေးမင်ကြောင်ထိုးမည့်ဆေးစီမံရာတွင် မကောင်းဆိုးဝါး၊ မိစ္ဆာများ မကပ်အောင် အကာအကွယ်ဆေး၊ အချစ်တော်ဆေး (မျက်နှာပွင့်လန်းစေရန်)နှင့် ဟင်းခွက်နှိုက်ဆေး (သူများမပြုစားနိုင်ရန်)ဟူ၍ သုံးမျိုးရှိသည်။ ထိုသို့ ဆေးမင်ကြောင်ထိုးရာတွင် အနည်းဆုံး အချိန်တစ်နာရီခန့်ကြာပြီး ဆရာဖြစ်ထိုးသူဖြစ်လျှင် ရာဇမတ်ကာပြီး ရာဇမတ်အတွင်း ဘုရားပွဲတွင် ထီးသုံးပွင့်ဆောင်းပေးရသည်။ မျက်နှာချင်းဆိုင်ထောင့်တစ်ထောင့်စီတွင် ထီးနှစ်ပွင့်ဆောင်းပြီး ရာဇမတ်၏အလယ်ဘုရားနောက်တွင် ထီးတစ်ပွင့်ဆောင်းကာ ဆေးမင်ကြောင်ထိုးမည့်သူနှင့် ထိုးမည့်ဆရာတို့ နှစ်ဦးသာရှိရသည်။ ထိုသို့ ဘုရားပွဲပေးပြီး အထက်ဂိုဏ်းဆရာများကို ပင့်ဖိတ်အပ်နှံ၍ သစ္စာဆိုပြီးမှသာ ဆေးမင်ကြောင်ထိုးလေ့ရှိသည်။ ထိုသို့ ဆရာဖြစ်ဆေးမင်ကြောင်ထိုးပြီးပါက ဆေးပညာသင်ကြား၍ ဆေးကုသနိုင်ပြီဖြစ်သည်။ ယခုခေတ်တွင် ဆေးမင်ကြောင်ထိုးသောဓလေ့မှာ ပျောက်ကွယ်လုနီးပါးဖြစ်နေကြောင်း သိရသည်။ ။

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]





## အာခါရိုးရာဂျပ်ခုတ်လုပ်ငန်းမှ »»

သို့သော် အိမ်တိုင်းလိုလိုတွင် မိဘဘိုးဘွားများလက်ထက်က လုပ်ကိုင်ခဲ့သော ဂျပ်ခုတ်ရက်ကန်းစင်ကို တွေ့မြင်ရသေးသည်။ အာခါတိုင်းရင်းသားများနေကြသည့် ကျန်သည့်ဒေသ၊ ရပ်ရွာများတွင်လည်း ထိုနည်းနှင်နှင်ပင်ဖြစ်သည်။ လုပ်ကိုင်သူနည်းလာသကဲ့သို့ ရိုးရာထည်ရောင်းသော အရောင်းဆိုင် အရေအတွက်လည်း နည်းပါးလျော့ကျလာနေသည်ကို တွေ့ရသည်။

ရိုးရာထည်၏ မရှိမဖြစ်ကုန်ကြမ်းမှာ ချည်နှင့် ဆိုးဆေးတို့ဖြစ်သည်။ ယခုခေတ်တွင် ဆိုးဆေးကို ရောင်စုံရရှိနိုင်သော်လည်း ယခင်က မြန်ပင်ဟုခေါ်သည့် အပင်တစ်မျိုးကို ဆိုးဆေးအဖြစ် ထုတ်လုပ်သုံးစွဲကြရသည်။ ဆိုးဆေးအမှုန့်နှင့် ချည်ထည်များကို ကျိုင်းတုံမြို့မဈေးတွင် ဝယ်ယူရရှိနိုင်သည်။ မြန်ပင်ကို ခြံဝင်းအတွင်း အလွယ်တကူစိုက်ပျိုးနိုင်ပြီး မြန်ရွက်ကို အခြောက်လှန်း အဆီထုတ်ကာ အထည်ကို အရောင်တင်ခြင်းဖြစ်သည်။ မြန်ရွက်အဆီနှင့် ဆိုးဆေးကိုရောကာ အသုံးပြုကြခြင်းလည်းရှိသည်။ အထည်ရက်လုပ်သည့် ဂျပ်ခုတ်စင်မှာ မြန်မာရက်ကန်းနှင့် ဆင်သော်လည်း အာခါရိုးရာမှာ ခြေထောက်ဖြင့်နင်းပြီး လုပ်ကိုင်ရခြင်းဖြစ်သည်။ မြန်မာရက်ကန်းကဲ့သို့ အရောင်များ တစ်ပါတည်းထည့်သွင်းခြင်းမဟုတ်ဘဲ အဖြူရောင်ချည်ထည်တစ်မျိုးတည်းကိုသာ ပိတ်စအဖြစ်သို့ ရောက်အောင် လုပ်ကိုင်ရက်လုပ်ခြင်းဖြစ်သည်။ ရရှိသောပိတ်စများအား အရောင်တင်ပြီးမှ ပန်းများ၊ ဒီဇိုင်းများကို လက်ချုပ်အပ်ဖြင့် အသေးစိတ်ထပ်မံချုပ်လုပ်ရသည်။ ရိုးရာအထည်ပြုလုပ်ရန် အစအဆုံးကြာမြင့်ချိန်မှာ အနည်းဆုံး ရက် ၃၀ မှ အများဆုံး ရက် ၅၀ အထိ ကြာမြင့်သည်ဟု သိရသည်။

ပြုလုပ်ကြသည့်အထည်များမှာ အများအားဖြင့် အင်္ကျီ၊ ဘောင်းဘီ၊ စကတ်၊ ခြုံစောင်၊ စားပွဲခင်းနှင့် လွယ်အိတ်တို့ဖြစ်ကြသည်။ စီးပွားဖြစ်ပြုလုပ်ရန် အဆင်မပြေသောကြောင့် ဂျပ်ခုတ်ထုတ်လုပ်ခြင်းကို ပြင်ပမှ အလုပ်သမားငှားရမ်းလုပ်ကိုင်ကြခြင်းမရှိဘဲ မိသားစုတစ်နိုင်တစ်ပိုင် ဝိုင်းဝန်းလုပ်ကိုင်ကြသည်ကို တွေ့မြင်ရသည်။ တောင်ယာနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်နေကြရသဖြင့် အားလပ်ချိန်မှသာ အပိုဝင်ငွေရရှိရန် ရိုးရာထည်ပြုလုပ်ကြခြင်းဖြစ်သည်။ ပြုလုပ်ရာ၌ ဒီဇိုင်းကို ထိုင်းနှင့် တရုတ်အကြိုက် အများဆုံးပြုလုပ်ကြသည်။ အကြောင်းမှာ ဂျပ်ခုတ်ထည်ကို တရုတ်၊ ထိုင်းနိုင်ငံများသို့ ကိုယ်စားလှယ်များမှတစ်ဆင့် ပို့ဆောင်ရောင်းချနိုင်ပြီး အလည်အပတ်လာရောက်ကြသော နိုင်ငံခြားသားများနှင့် အိမ်နီးချင်းဧည့်သည်များကလည်း ဝတ်ဆင်ရန်ဝယ်ယူကြသည်။ အင်္ကျီတို၊ အင်္ကျီရှည်၊ စကတ်နှင့် ဘောင်းဘီရှည်သည် လူကြိုက်များသည်။ ခြုံစောင်မှာ လှပသောပန်းကွက်ဒီဇိုင်းများဖြင့် ခံ့ထည်သည့်အတွက် လူအများ နှစ်သက်သော်လည်း တန်ဖိုးကြီးမြင့်သောကြောင့် အရောင်းမသွက်သည်ကို တွေ့ရ

> **ယနေ့အခြေအနေတွင် ရိုးရာလုပ်ငန်းတစ်ခုတည်းနှင့် ရပ်တည်နိုင်ရန် မဖြစ်တော့ဘဲ အခြားအသက်မွေးမှုများဖြင့်ပါ ပူးတွဲလုပ်ကိုင်လာကြရသည်။ နှစ်ပေါင်းများစွာ တည်တံ့လာခဲ့သော ရိုးရာအမွေအနှစ် ပညာရပ်များ ပျောက်ကွယ် တိမ်မြုပ်သွားမည်ဆိုပါက အလွန်နှမြောဖွယ်ဖြစ်သည်။ မြန်မာ့ရေမြေမှ ဓလေ့ထုံးတမ်းနှင့် တိုင်းရင်းသားတို့၏ ရိုးရာပညာရပ်များကို နိုင်စွမ်းသမျှ စောင့်ရှောက်ထိန်းသိမ်းသင့်**

သည်။ ကျိုင်းတုံမြို့မဈေးတွင် မိမိတို့ ပြုလုပ်ထားသည့် ရိုးရာထည်များကို ဖောက်သည်ပေးသွင်းသူများရှိသကဲ့သို့ ထိုင်းနှင့် တရုတ်နိုင်ငံရှိ အရောင်းဆိုင်များအရောက် ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်များဖြင့်ဖြစ်စေ ပို့ဆောင်ရောင်းချခြင်းများရှိသည်။ ထိုသို့ပို့ဆောင်ခြင်းသည် ခရီးစရိတ်နှင့် အခြားကိစ္စများအတွက် ကုန်ကျမှုရှိသော်လည်း အကျိုးအမြတ်မှာ ကျိုင်းတုံတွင် ရောင်းခြင်းထက် သာသည်ဟုသိရသည်။ ဂျပ်ခုတ်အင်္ကျီတစ်ထည်ကို ကျိုင်းတုံတွင် ကျပ် ၅၀၀၀၀ မှ ကျပ် ၁၀၀၀၀၀ အတွင်းရသော်လည်း ပြည်ပတွင် ကျပ် ၁၀၀၀၀၀ မှ ကျပ် ၁၅၀၀၀၀ အထိ ရတတ်သည်ဟုဆိုသည်။ လနှင့်ချီ၍ လုပ်ကိုင်ရသည့်လုပ်ငန်းဖြစ်ခြင်းကြောင့် ဈေးကွက်တွင် ဂျပ်ခုတ်ထည်သည် လှိုင်လှိုင်ထွက်နေသော ကုန်ပစ္စည်းမဟုတ်ပေ။

ဈေးနှုန်းကြီးမြင့်ခြင်းနှင့် ပြုလုပ်ရသည့်အချိန် ကြာမြင့်ခြင်းကြောင့် နောက်ပိုင်းတွင် ထိုင်း၊ တရုတ်တို့မှ တင်သွင်းသောပိတ်စများကို အစားထိုးအသုံးပြုလာကြသည်။ ရက်ပေါင်းများစွာ ပင်ပန်းခံရက်လုပ်ရခြင်းမရှိဘဲ အသင့်ရရှိနိုင်သည့် ပိတ်စများကို ချုပ်စက်ဖြင့် နေချင်းပြီးချုပ်ကာ ပန်းထိုး၍ ဂျပ်ခုတ်ထည် အစားထိုးရောင်းချကြခြင်းဖြစ်သည်။ ရိုးရာထည်အစစ် ဝယ်မဝတ်နိုင်သူများအတွက် အဆင်ပြေသည့်အနေအထားဖြစ်လာသည်။ အထူအပါး လိုအပ်သည့် အရည်အသွေး၊ အရောင်အရင့်အနု နှစ်သက်သလို ရွေးချယ်ခွင့်ရရှိလာကြသည်။ ယိုးဒယားစ ဈေးမြင့်နေသေးလျှင် တရုတ်စကို ရွေးချယ်နိုင်ကြပြန်သည်။ ယခင်က သိန်းနှင့်ချီ ဈေးပေးဝယ်ရသော အထည်နှင့် ဒီဇိုင်းကို သာမန်အဝတ်အစားဈေးနှုန်းဖြင့် စိတ်တိုင်းကျဝတ်ဆင်လာနိုင်ကြပြီဖြစ်သည်။ ဤသို့ဖြင့် အာခါရိုးရာရက်ကန်းထည်အစစ်များသည် ပြည်ပတင်သွင်းသည့် ကုန်ပစ္စည်းများကြောင့် အရောင်းထိုင်းလာရကာ တဖြည်းဖြည်းနှင့် လုပ်ကိုင်ဆောင်ရွက်ကြသူ နည်းပါးလာသည်ကို တွေ့ရသည်။ ယခင်က ဂျပ်ခုတ်ထည်ပြုလုပ်ကြသူများကိုယ်တိုင် မြန်ဆန်လွယ်ကူပြီး ဈေးနှုန်းသက်သာကာ ဈေးကွက်ရလာသည့် ယိုးဒယားထည်ကို ပြောင်းလဲချုပ်လုပ်လာကြသည်။

အဆုံးသတ်အနေဖြင့် လက်မှုမှ စက်မှုသို့ တစ်ဆင့်ထက်တစ်ဆင့် မြင့်လာခြင်းသည် လူနှင့်ပတ်ဝန်းကျင်ကို အကျိုးများစွာ ဖြစ်ထွန်းစေသည်ဆိုသော်လည်း ရိုးရာလက်မှုပညာရပ်များ၏ ရပ်တည်နိုင်မှုကို အားနည်းစေကြောင်း တွေ့ရသည်။ အာခါရိုးရာထည်များ တွင်ကျယ်ခဲ့ဖူးသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ယခင်အခါက ရှမ်းရိုးရာ ယွန်းထည်လုပ်ငန်းများ၊ ငွေထည်ပစ္စည်းပြုလုပ်ခြင်းများ၊ ရှမ်းဖယောင်းတိုင်၊ စက္ကူပန်းလုပ်ငန်း၊ မှိုင်းကိုင်စက္ကူလုပ်ငန်းများနှင့် အခြားသော ရိုးရာယဉ်ကျေးမှု အမွေအနှစ်လုပ်ငန်းများ အခြေအနေကောင်းခဲ့သည်။ သို့သော် ယနေ့အခြေအနေတွင် ရိုးရာလုပ်ငန်းတစ်ခုတည်းနှင့် ရပ်တည်နိုင်ရန်မဖြစ်တော့ဘဲ အခြားအသက်မွေးမှုများဖြင့်ပါ ပူးတွဲလုပ်ကိုင်လာကြရသည်။ နှစ်ပေါင်းများစွာ တည်တံ့လာခဲ့သော ရိုးရာအမွေအနှစ်ပညာရပ်များ ပျောက်ကွယ်တိမ်မြုပ်သွားမည်ဆိုပါက အလွန်နှမြောဖွယ်ဖြစ်သည်။ မြန်မာ့ရေမြေမှ ဓလေ့ထုံးတမ်းနှင့် တိုင်းရင်းသားတို့၏ ရိုးရာပညာရပ်များကို နိုင်စွမ်းသမျှ စောင့်ရှောက်ထိန်းသိမ်းသင့်လှကြောင်း အာခါရိုးရာရက်ကန်းလုပ်ငန်းကို ပမာပြု၍ တင်ပြလိုက်ပါသည်။ ။

## အထူးကဏ္ဍ [ ၈ ] »»





တောင်ဇလပ်ပင်များကို ခုတ်ယူ၍ ထင်းအဖြစ်သုံးစွဲကြသဖြင့် ပြည်နယ်အစိုးရအနေဖြင့် တားမြစ်ပညာပေးဆောင်ရွက်လျက်ရှိသည်။ သစ်တောကြိုးဝိုင်းဥပဒေအရ ကျူးကျော်နေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း၊ မြေကိုခုတ်ထွင်ရှင်းလင်းခြင်း၊ မူလအနေအထားယိုယွင်းစေခြင်း၊ ရေတွင်အဆိပ်ခတ်ခြင်း၊ ဓာတု(သို့မဟုတ်) ပေါက်ကွဲစေသောအရာများ မထည့်ရခြင်း၊ တိရစ္ဆာန်များဖမ်းဆီးခြင်း၊ အမဲလိုက်ပစ်ခတ်ခြင်း၊ ငါးဖမ်းခြင်း မပြုရပေ။ ကျူးလွန်ပါက သစ်တောဥပဒေပုဒ်မ (၄၀)အရ ငွေဒဏ် ကျပ် ၅၀၀၀ သို့မဟုတ် ထောင်ဒဏ် ခြောက်လထိ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်စလုံး ကျခံရမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ သစ်တောဥပဒေများကို ပြည်သူများက လိုက်နာရန်လိုအပ်သည်။ လူတစ်ဦးချင်း အသိစိတ်ဓာတ်ဖြင့် သစ်တောသစ်ပင်များကို ကာကွယ်ရမည်ဖြစ်သည်။

သစ်ပင်များသည် ကျွန်ုပ်တို့၏ ကျေးဇူးရှင်များဖြစ်သည်။ သစ်ပင်များမှ အသီး၊ အနံ့၊ အရိပ်အာဝါသများကို ပေးသည်။ လူတို့ ကျန်းမာစေရန် ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူ၍ အောက်ဆီဂျင်ကို ထုတ်လုပ်ပေးသည်။ သစ်ပင်များစုစည်းတော့ သစ်တောများဖြစ်လာသည်။ သစ်ပင်၊ သစ်တောများရှိသောအခါ သားငှက်တိရစ္ဆာန်များနေထိုင်သော စားကျက်အဖြစ် အသက်ရှင်ခွင့်ရကြသည်။ သစ်ပင်၊ သစ်တောများက ရေကောင်းရေသန့်များကို ရရှိဖြစ်ပေါ်စေသည်။ ရေလွှမ်းမိုးခြင်းကို ကာကွယ်ပေးသည်။ သဘာဝဂေဟစနစ်ကိုလည်း ကျေးဇူးပြုစေသည့်အပြင် မြေ၊ ရေနှင့် သက်ရှိဇီဝများကိုလည်း ထိန်းသိမ်းထားရှိပေးသည်။ သို့သော်လည်း လူသားများက သစ်ပင်ကို စိုက်ပျိုးရန်ထက် သစ်ပင်ခုတ်ယူရန် အားသန်နေကြသည်။ သစ်ပင်တစ်ပင်ခုတ်ပါက အရိပ်အာဝါသကင်းမဲ့ပြီး တောရိုင်းတိရစ္ဆာန်ခိုအောင်းရန် စားကျက်ပျောက်ကြရသည်။ ရေများခန်းခြောက်၍ ရာသီဥတုပူပြင်း ပြောင်းလဲလာရသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် သစ်တောဧရိယာအများဆုံးပိုင်ဆိုင်သော နိုင်ငံတစ်ခုဖြစ်သော်လည်း သစ်ပင်သစ်တော ပြုန်းတီးမှုများပြားလာကြောင်း သိရသည်။ သစ်ပင်တစ်ပင်တွင် အမြစ်ပိုင်း၊ ပင်စည်ပိုင်း၊ အကိုင်းအခက်ပိုင်းဟူ၍ရှိပြီး သစ်ပင်တစ်ပင်၌ အသုံးမဝင်သောအရာဟူ၍ မရှိပေ။ လူသားများအတွက် အသုံးဝင်ပေသည်။

▲▲▲

# ထိန်းသိမ်းတိုးချဲ့စိုက်ပျိုးရမည့် တောင်ဇလပ်ပန်းပင်

● မင်းလပြည့်

ယခင်အပတ်မှအဆက် »»

ဒေသဓလေ့ထုံးစံအရ တောင်ဇလပ်ပင်များကို အစေ့မှ ပျိုးထောင်မှုမရှိကြဘဲ ဓမ္မတာအလျောက် မျိုးဆက်ပင်ပေါက်များကို မိုးရာသီတွင် တူးနုတ်၍ အိမ်ခြံဝင်းတွင် စိုက်ပျိုးခြင်းသာ ရှိသည်။ ပျိုးအိတ်များ ပြန်လည်ပျိုးထောင်သည့် အလေ့အထမရှိပါ။ တောင်ဇလပ်သစ်မျိုးများ ရေရှည်ထိန်းသိမ်းရာတွင် ဓမ္မတာနည်းဖြင့် ပြုစုထိန်းသိမ်းမည့် တောင်ဇလပ်ပင်များ တစုတဝေးတည်း ပေါက်ရောက်သည့် နတ်မတောင် အမျိုးသားဥယျာဉ်နယ်မြေအတွင်း ဧရိယာတိုင်းတာခြင်း၊ နယ်နိမိတ်သတ်မှတ်ရန် ဘုတ်တိုင်စိုက်ထူခြင်း၊ မျိုးဆက်ဧရိယာဆိုင်းဘုတ်များ၊ သတိပေးတားမြစ်ချက်ဆိုင်းဘုတ်များစိုက်ထူခြင်း၊ မီးကာကွယ်ခြင်းတို့ဖြင့် မျိုးဆက်ခြင်းအား အထောက်အကူပြုစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တောင်ဇလပ်ပင်များသည် အောက်ပါအတိုင်း တွေ့ရသည်-

**(က) စီးပွားဖြစ်အရေးပါမှု**

ယင်း၏ သစ်သားအား ထင်းလောင်စာနှင့် မီးသွေးဖုတ်ရာတွင် အသုံးပြုသည်။ အနှစ်သားကို ကိရိယာများ၏ လက်ကိုင်များ၊ သေတ္တာများ၊ တိုင်များ၊ အထပ်သားနှင့် တစ်ခါတစ်ရံ အဆောက်အအုံများ ဆောက်လုပ်ရာတွင် အသုံးပြုသည်။ ပန်းပွင့်များအား ဂျယ်လီ သို့မဟုတ် ဆားရည်စိမ်ခြင်းတို့ ပြုလုပ်လျက်ရှိသည်။

**(ခ) မိရိုးဖလာအသုံးချမှု**

တောင်ဇလပ်ပန်းပွင့်များသည် ချဉ်ဖြုံးဖြုံး အရသာရှိသောကြောင့် လူတို့စားသုံးကြသည်။ Arunachal Pradesh ရှိအနောက်ပိုင်း kamen နှင့် Tawang ခရိုင်တို့တွင် အရွက်နုများကို Juniper, Thuja, Pinus စသည့် သစ်မျိုးများ၏ အရွက်နုများနှင့်အတူ မီးရှို့၍ မီးခိုးငွေ့ထုတ်ပြီး လေသန့်စင်ရာတွင် အသုံးပြုကြသည်။ ချင်းပြည်နယ် နတ်မတောင်ဒေသ၌လည်း ပန်းပွင့်များကို တောင်ဇလပ်ဝိုင်အဖြစ် စီးပွားဖြစ် ချက်လုပ်ရောင်းချကြသည်။

**(ဂ) ဆေးဖက်ဝင်အသုံးချမှု**

ခေါင်းကိုက်ခြင်းဝေဒနာ ခံစားရလျှင် တောင်ဇလပ်သစ်ရွက်နုများကို နဖူးတွင်ကပ်၍ အသုံးပြုကြသည်။ အပွင့်များနှင့် အခေါက်တို့ကို အစာမကြေခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများအတွက် အသုံးပြုသည်။ အခြားအစိတ်အပိုင်းများကို ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါများအတွက် အသုံးပြုသည်။

သစ်တောဦးစီးဌာနမှ တောင်ဇလပ်ပင်များကို ဟားခါးမြို့တွင် ၁၂၅ ပင်၊ ဖလမ်းမြို့တွင် ၂၀၀၊ တီးတိန်မြို့တွင် ၇၅ ပင်၊ မင်းတပ်မြို့တွင် ၂၀၀၊ ကန်ပက်လက်မြို့တွင် ၂၀၀ စုစုပေါင်း ၈၀၀ တစ်အုပ်တစ်မ စိုက်ပျိုးသွားမည် ဖြစ်သည်။ ယခုနှစ် မိုးရာသီတွင် ချင်းပြည်နယ် သစ်တောဦးစီးဌာနအနေဖြင့် ၁၂ ပေပတ်လည်အကွာအဝေးဖြင့် ဟားခါးမြို့တွင် အပင် ၁၀၀၀၊ ဖလမ်းမြို့တွင် အပင် ၁၀၀၀၊ တီးတိန်မြို့ လေသာတောင်တွင် အပင် ၁၀၀၀၊ မင်းတပ်မြို့ မင်းတပ်-မတူပီကားလမ်း မိုင်တိုင် (၃၀/၀)အနီးတွင် အပင် ၁၀၀၀၊ ကန်ပက်လက်မြို့ နတ်မတောင်သွားလမ်းတွင် အပင် ၁၀၀၀ စိုက်ပျိုးခဲ့ရာ မျိုးစေ့ကို စမ်းသပ်ပျိုးထောင်ပြီး အောင်မြင်မှုရှိပါက ဧကတိုးချဲ့စိုက်ပျိုးသွားမည် ဖြစ်သည်။ မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ်တို့တွင် တောင်ဇလပ်ပင်များ ပေါက်ရောက်မှုမရှိသဖြင့် ယင်းမြို့နယ်များအတွက် ထည့်သွင်းရေးဆွဲထားခြင်းမရှိပါ။

တောင်ဇလပ်ပင်ကို သစ်၊ ထင်း၊ တိုင်၊ မျောအဖြစ် အသုံးပြုခြင်းမရှိသော်လည်း ဒေသခံများက တောင်ဇလပ်ပန်းပွင့်မှ တောင်ဇလပ်ဝိုင်ကို စီးပွားဖြစ်ချက်လုပ်ခြင်းတို့ကြောင့် ဓမ္မတာနည်းဖြင့် မျိုးဆက်ခြင်းကို လျော့နည်းစေသည့်အတွက် တောင်ဇလပ်ပင်များ ရေရှည်တည်တံ့စေရန်နှင့် တိုးပွားလာစေရန် တောင်ဇလပ်ပင်များကို ချင်းပြည်နယ်၏ တားမြစ်ထားသည့်သစ်အဖြစ် သတ်မှတ်ကြေညာ၍ ကာကွယ်ထိန်းသိမ်းရပါမည်။

တောင်ဇလပ်ပင်များသည် ချင်းပြည်နယ်တွင် ပေ ၅၀၀၀ အထက်၌သာ ပေါက်ရောက်သည့်အတွက် စိုက်ပျိုးရန် ရွေးချယ်သောမြေနေရာသည် မြို့နယ်အချို့၌ သစ်တောမြေအတွင်း ကျရောက်မှုမရှိဘဲ အစိုးရစီမံခန့်ခွဲခွင့်ရှိသောမြေတွင် စိုက်ပျိုးရမည်ဖြစ်၍ တစ်အုပ်တစ်မ စိုက်ပျိုးသွားရမည်ဖြစ်သည်။ သစ်ပင်များ တစ်အုပ်တစ်မစိုက်ခြင်းအားဖြင့် တောင်ဇလပ်များကို နှစ်စဉ်စိုက်ပျိုးခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်းနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် စည်းရုံးဆောင်ရွက်သွားရန် လိုအပ်သည်။

ချင်းပြည်နယ်တွင် သစ်တောကြိုးဝိုင်း ၁၇ ခု (၃၈၆၇၃၆ ဒသမ ၀၀ ဧက)ရှိပြီး ကြိုးပြင်ကာကွယ်တော ၁၆ ခု(၈၇၀၇၂၀ ဒသမ ၀၀ ဧက) ရှိသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေ နှစ်ခုရှိပြီး နတ်မတောင်အမျိုးသားဥယျာဉ်သည် မတူပီ၊ မင်းတပ်၊ ကန်ပက်လက်မြို့အထိ ကျယ်ပြန့်ပြီး ၁၇၆၂၀၂ ဧကရှိသည်။ ကျောက်ပန်းတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ၃၂၂၇၂ ဧကထိ ကျယ်ဝန်းသည်။ သို့သော် ဒေသခံရွာသားအချို့က

အထူးကဏ္ဍ [ ဂ ] သို့ »»



## တိုင်းရင်းရိုးရာ မှိုဟင်းလျာ

အခုလိုမိုးကာလမှာ မိုးဦးကျစအချိန်ကစလို့ မိုးဖွဲဖွဲကျချိန်အထိ အနယ်နယ်အရပ်ရပ်မှာ သဘာဝအလျောက် မှိုအမျိုးအစားပေါင်းစုံ ဖူးပွင့်လာကြတာကို တွေ့ရပါတယ်။ တောင်ပေါ်၊ မြေပြန့်၊ တောင်တန်း ဒေသခြားနားစေကာမူ သဘာဝအလျောက်ပေါက်ရောက်တဲ့ မှိုတွေကို တိုင်းရင်းသားများ နှစ်သက်စွာစားသုံးကြတဲ့ဓလေ့မှာတော့ အားလုံးတူညီကြတယ်လို့ ဆိုနိုင်ပါတယ်။ မှိုဟာ မြေတွင်း၊ တောင်ပို့၊ သစ်၊ ဝါး၊ သစ်ရွက်ဆွေးနဲ့ မြေဆွေးပေါင်းစုံမှာ ပေါက်တတ်ကြပါတယ်။ ဒါကြောင့် ဥတုဘောဇနဆေးကျမ်းမှာ မှိုမျိုးတို့ကို သံသေဒဇဟူ၍လည်းကောင်း၊ ဘူမိဆန္ဒဟူ၍လည်းကောင်း ပြဆိုထားတာကို ဖတ်ရှုရပါတယ်။

ကောက်ရိုးပုံတွေမှာပေါက်တဲ့ ကောက်ရိုးမှို၊ သစ်ရွက်ဆွေးတွေမှာ ပေါက်တဲ့ ဖက်ဆွတ်မှိုနဲ့ မြက်ပင်များအကြား ရောပြီးပေါက်တဲ့ မြက်ကြားမှို အမျိုးအစားတွေကတော့ အရသာချိုပြီး စားကောင်းတဲ့မှိုများဖြစ်တာမို့ လူကြိုက်အများဆုံးပါ။ ဒါ့အပြင် တောင်ပို့တွေမှာပေါက်တဲ့ တောင်ပို့မှိုနဲ့ သစ်ဆွေးတုံးတွေမှာ ကပ်ပြီးပေါက်တတ်တဲ့ ကြွက်နားရွက်မှိုတွေကိုလည်း လူသိများပါတယ်။ အဲဒီမှိုမျိုးတွေအပြင် ဒေသအလျောက်ခေါ်ဝေါ်ကြတဲ့ မှိုခြေတံရှည်၊ မှိုဦးနှောက်၊ ဆန်ကွဲမှို စသဖြင့်လည်း မှိုမျိုးအများအပြားရှိကြပါသေးတယ်။

"တစ်နှစ်လျှင် တစ်ခါပေါ် ငါသာမင်းလောင်း ထီးဖြူဆောင်း"ရယ်လို့ ကလေးသူငယ်တွေအနက်ပေးပြီး စကားထာဝှက်တမ်းကစားကြတဲ့မှိုဟာ အခုအခါမှာတော့ လွယ်လွယ်ကူကူ စိုက်ပျိုးထုတ်လုပ်လို့ရနေတာကြောင့် တစ်ကြိမ်သာမက တစ်နှစ်ပတ်လုံးပေါ်နေပြီလို့ ဆိုရမှာပါ။ စိုက်ပျိုးမှိုတွေဖြစ်တဲ့ ကောက်ရိုးမှို၊ ငွေမိုးမှို၊ ငွေနှင်းမှို၊ အပ်မှိုနဲ့ ကြွက်နားရွက်မှိုတွေကို အခုအခါ ဈေးအသီးသီးမှာ ရာသီမပြတ် ရောင်းချနေကြတာကို တွေ့ကြမှာပါ။

မြန်မာတိုင်းရင်းသားတွေဟာ မှိုကိုကြိုက်နှစ်သက်ကြလွန်းလို့ တွေ့မရှောင်စားသုံးလေ့ရှိကြတာမို့ အဆိပ်ရှိသောမှိုမျိုးများကို စားသုံးမိကြကာ အသက်အန္တရာယ်ကြုံရသည်အထိ ဘေးဖြစ်ရတာတွေကို သတင်းစာတွေမှာ မကြာခဏ ဖတ်ရှုကြားသိနေရပါတယ်။ အဆိပ်ရှိပြီး မစားကောင်းတဲ့မှိုများဟာ အရောင်အသွေး တောက်ပကာ ထူးခြားတဲ့ပုံသဏ္ဌာန်ရှိကြတယ်လို့ ဆိုပါတယ်။ မှိုရိုးတံရဲ့ အခြေမှာ ခြေကျင်းဝတ်ထားသလို ကွင်းလေးပါနေရင် မစားသင့်တဲ့မှိုဖြစ်ပါသတဲ့။ စမ်းသပ်တဲ့နည်းက မသက်ာရင် အဲဒီမှိုရဲ့ အရိုးအရွက်တွေခြေပြီး ဆားပုံကြည့်ပါ။ အဆိပ်ရှိခဲ့ရင် အရောင်မဲသွားတယ်လို့ ဆိုပါတယ်။ သေချာတဲ့နည်းလမ်းကတော့ စားသုံးနေကျမှိုမျိုးမဟုတ်ရင် မစားကြဖို့နဲ့ စိုက်ပျိုးထုတ်လုပ်ရောင်းချတဲ့ မှိုမျိုးများကတော့ စားသုံးရန်စိတ်ချရပါကြောင်း အကြံပြုလိုပါတယ်။

စားကောင်းတဲ့မှိုများတောင် အစားများရင် သွေးတက်ပြီး မူးဝေတတ်တဲ့ သဘာဝရှိလို့ မှိုစားတဲ့အခါ ရှေးလူကြီးတွေက အဆိပ်ပြေတဲ့သတ္တိရှိတဲ့ ကန်စွန်းရွက်လေးရောပြီး ကြော်စား၊ ချက်စားလေ့ရှိပါတယ်။ မှိုကန်စွန်းဟင်းလျာကတော့ အကြိုက်များကြလို့ စားသောက်ဖွယ်ရာရောင်းတဲ့ ဆိုင်တိုင်းလိုလို ရောင်းချကြပါတယ်။ ရှမ်းပြည်နယ် တောင်ကြီး၊ ပင်းတယဘက်ရောက်တုန်းက တိုင်းရင်းသားတွေရောင်းတဲ့ အင်းသားရိုးရာ မှိုဟင်းထုပ်ကို စားခဲ့ရပါတယ်။ ဆန်မှုန့်၊ ကြက်သွန်မိတ်နဲ့မှိုကိုရောပေါင်းထားတဲ့ သရေစာတစ်မျိုးပါ။ တောင်ပို့မှိုလို အရွယ်အစားကြီးတဲ့ မှိုများကို မီးကင်၊ ဆီလေးဆမ်းပြီး ဆားဖြူးစားရင် အင်မတန်ကို စားကောင်းလှပါတယ်။ မှိုကို လွယ်လွယ်ကူကူနဲ့ အရသာရှိရှိ စားသုံးနိုင်တဲ့ တခြားတစ်နည်းကတော့ မှိုကို သုပ်စားတဲ့နည်းပါပဲ။ စားလို့ရတဲ့မှိုမှန်သမျှ သုပ်စားနိုင်ပါတယ်။

မှိုသုပ်မယ်ဆိုရင် အရိုးအရွက်သင် ရေစင်စင်ဆေးပြီး ဒယ်အိုးထဲထည့် ဆား၊ နနွင်း၊ ငံပြာရည်သင့်ရုံနဲ့ ဆီလေးပါလေကာဝေ့ဆမ်းပြီး ဖိုပေါ်တင်ပါ။ ဟင်းအိုးဆူသံကြားရင် အဖုံးဖွင့်လို့ အထက်အောက်နှံ့အောင်မွှေပါ။ မှိုအသားက နူးညံ့တာမို့ နူးလွယ်ပါတယ်။ ရေစပ်စပ်အနေမှာ ဖိုကချလို့ ပန်းကန်ထဲထည့် ကြက်သွန်နီ ပါးပါးလှီး၊ နံနံပင်၊ ငရုတ်သီးစိမ်းညှပ်ထည့်ကာ သံပရာရည်ညှစ်ပြီး သုပ်ထားတဲ့မှိုသုပ်ဟာ ကရိကထမများဘဲ ချက်လို့လွယ်ကာ စားလို့လည်း ကောင်းတာမို့ ထမင်းဝိုင်းမှာ လျှာလည်စေတဲ့ ဟင်းတစ်မည်ဖြစ်ကြောင်း ပါဗျာ. . .။

စံလွင် (ငါးဦးစီး)





